ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday 28 July 2018 ၉၃၆၁


# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသက်န်းကပ်လှူပူဇော်ပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

**ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဂေါတမဘုရားလောင်း ပဋိသန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရား စတင်ဟောကြားသောနေ့၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ပေါက်သောနေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့၊ "ဧဟိဘိက္ခု"ဟူသောစကားကို စတင်ကြားရသောနေ့တို့ဖြင့် ထူးခြားသည့်နေ့တစ်နေ့ဖြစ်သည်။**

ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အထိမ်းအမှတ်အဖြစ် သတ်မှတ်ရခြင်းမှာ ထိုနေ့၌ မြတ်စွာဘုရားက ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်ကိုအကြောင်းပြု၍ ကျင်းပကြခြင်းဖြစ်ကြောင်း သိရသည်။

**သစ္စာလေးပါးတရားတော်**

မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးပါးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့သည်။ ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားတော်ကို ညွှန်းဆိုဟောကြားသော ဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်သည်။ ဓမ္မစကြာတရားတော်၏လမ်းစဉ်မှာ အစွန်းနှစ်ခုကို ရှောင်ကြဉ်ရေး၊ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်မှန်ကို ကျင့်သုံးရေးတို့ကို ညွှန်ကြားထားပြီး သစ္စာလေးပါးတရားတော်ကို သိမြင်စေရန် ဟောကြားထားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသော သဘောတရားကို တွေ့မြင်နိုင်သည်။

ဤကဲ့သို့ အနှစ်သာရပါရှိသော တရားဖြစ်၍ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူတို့က ဓမ္မစကြာတရားတော်ကိုအထူးပင်အာရုံစိုက်၍ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ထို့ပြင် အမြို့မြို့အနယ်နယ်၌ ဓမ္မစကြာအသင်းများ ဖွဲ့စည်းပြီး ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




**ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့၌ ရွှေတိဂုံစေတီတော်တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ရာနှုန်းပြည့်မိုး** (၂၈-၇-၂၀၁၈)

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးနှင့် တန်ခိုးကြီးဘုရားပုထိုးစေတီများ၌ ဘုရားဖူးများ အထူးစည်ကား


စာမျက်နှာ » ၄


ရန်ကုန်၌ မြန်မာကလေးများပွဲတော် သုံးရက်တိုင်တိုင် ကျင်းပ


စာမျက်နှာ » ၅


အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း အင်ဒိုနီးရှားသို့ ထွက်ခွာ


စာမျက်နှာ » ၇



CB BANK
SME LOAN
• CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
• JICA TSL LOAN (ကာလရှည်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
• CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
• TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)
SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....
Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

## ကြေးမုံ

# အပြန်အလှန်အမှီသဟဲပြု

မည်သည့်အရာ မည်သည့်အကြောင်းကိစ္စတွင်မဆို တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုသည်ကို လောကသဘောအားဖြင့် မြင်တွေ့နိုင်ပါသည်။ သိပ္ပံပညာရှင် နယူတန်၏နိယာမတွင်လည်း "သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည်" ဟု ဆိုထားပါသည်။ ယနေ့ မြန်မာနိုင်ငံအတွက် အရေးကြီးပြီး အဓိကကျသည့် အကြောင်းကိစ္စဖြစ်သော စီးပွားရေးနယ်ပယ်နှင့် ငြိမ်းချမ်းရေးနယ်ပယ်တို့သည်လည်း အပြန်အလှန်ဆက်စပ်မှုရှိပြီး တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေသည်ဟု ရှုမြင်ပါသည်။

စီးပွားရေးနှင့်ငြိမ်းချမ်းရေးသည် ဆက်စပ်မှုရှိသည်။ ငြိမ်းချမ်းရေးရှိလျှင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သလို ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လျှင် ငြိမ်းချမ်းရေးသည် အစွန့်ရှည်ခိုင်မာပြီး ထာဝရငြိမ်းချမ်းရေး ဖြစ်ထွန်းလာမည်ဖြစ်သည်။ ပိုမို၍ရှင်းလင်းစွာ ရှုမြင်မည်ဆိုပါက မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက ရေမြေသဘာဝ သင့်တင့်မျှတ ကောင်းမွန်သည့် နိုင်ငံဖြစ်သည်။ သို့သော် မငြိမ်းချမ်းသောနယ်မြေ၌ သဘာဝအရင်းအမြစ်များကို စနစ်တကျ စီမံလုပ်ကိုင်ပြီး တိုင်းရင်းသားပြည်သူများ မျှဝေခံစားနိုင်သည့် အခြေအနေမရှိသည်ကို တွေ့ရမည် ဖြစ်သည်။

သဘာဝသယံဇာတပေါများသော တိုင်းရင်းသားနယ်မြေဒေသများမှာ လွတ်လပ်ရေးရပြီးစဉ်အချိန်ကတည်းက ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် တန်းတူညီမျှခံစားရေး၊ ဖြူစင်သည့်ဝါဒ ထွန်းကားရေးတို့ကို မဆောင်ရွက်နိုင်။ ယုံကြည်မှု၊ အယူအဆ၊ ဝါဒကွဲပြားမှုများကြောင့် ယနေ့ထက်တိုင် မငြိမ်းချမ်းဘဲ ပဋိပက္ခများဖြစ်ပွားလျက်ရှိသည်။ အကျိုးဆက်မှာ တိုင်းရင်းသားဒေသအချို့မှ ပြည်သူများ ဒုက္ခဆင်းရဲများကို ခံစားနေရသည့်အပြင် ၎င်းတို့၏ဒေသများတွင် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး နိမ့်ကျလျက်ရှိသည်။

လူမှုဘဝလောကတွင် "အူမ တောင့်မှ သီလစောင့်မည်"ဟုဆိုကြသည်။ အူမတောင့်ခြင်းမှာ လူမှုဘဝနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး စားဝတ်နေရေးအဆင်ပြေနေသည့် ဘဝကိုဆိုလိုသည်။ ထိုအခါ "သီလ" စိတ်ထားဖြူစင်ပြီး ကောင်းသောအမှုများကို တည်ဆောက်နိုင်ကာ ငြိမ်းချမ်းသာယာသောဘဝကို ဖန်တီးနိုင်ခြင်းဖြစ်သည်။ ပဋိပက္ခများ ဖြစ်ပွားရာဒေသများတွင် ပြည်သူများဘဝမှာ မငြိမ်းချမ်း။ စားဝတ်နေရေးအတွက် အာမခံချက်မရှိ။ ထိုအရပ်ဒေသများမှာ အေးချမ်းသာယာလှပသော်လည်း လောဘ၊ ဒေါသ၊ ပူပင်သောကများကြောင့် လူအများ သီလ မစောင့်နိုင်သည့်အခြေအနေကို ညွှန်းဆိုခြင်းဖြစ်သည်။

ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၌ ဇူလိုင်လ ၂၀ ရက်နေ့က ပြုလုပ်ခဲ့သည့် Public Private Partnership (PPP) အစီအစဉ်မှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးအတွက် စီးပွားရေးကို တည်ဆောက်ရေး၊ စီးပွားရေးအတွက် ငြိမ်းချမ်းရေးကို တည်ဆောက်ရေးသို့ ဦးတည်ပေသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရမည်။ နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းမှ ထိုနိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေးတို့သည် အပြန်အလှန်အမှီသဟဲပြုနေသည်။ မငြိမ်းချမ်း၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ မငြိမ်းချမ်းဖြစ်နေကြရသည်။ ထို့ကြောင့် ငြိမ်းချမ်းအောင် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ကြရမည်။ ဖွံ့ဖြိုးတိုးတက်အောင် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းကြရမည်။

သို့ဖြစ်ရာ ထိုအရေးကိုဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးရှုထောင့်တွင် ငြိမ်းချမ်းရေး ရရှိအောင် (၂၁)ရာစုပင်လုံ အစည်းအဝေးများတွင် ဆွေးနွေးကြသည်။ စီးပွားရေးရှုထောင့်တွင် NCA တွင် လက်မှတ်ရေးထိုးပြီး အပစ်အခတ်ရပ်စဲသည့်နယ်မြေများတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ကြမည်။ ဤသို့ အပြန်အလှန်အကျိုးပြု၊ အပြန်အလှန်အမှီသဟဲပြုခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောဖို့ တိုင်းရင်းသားညီနောင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ပေသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ရခိုင်ပြည်နယ် မာန်အောင်မြို့ မြို့မကျောင်းကြီး၌ ဇူလိုင် ၂၇ ရက် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာနေ့က သီလဆောက်တည်သူများ၊ ကောင်းမှုဒါနကုသိုလ် ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

မြို့နယ်(ပြန်/ဆက်)



## ရမည်းသင်းမြို့နယ် ကျီစုကျေးရွာအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်



**ရမည်းသင်း ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျီစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင်လ တတိယပတ်က ကျင်းပခဲ့သည်။

ကျီစု အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုး ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လွိုင်ကော်-မယ်ဟောင်ဆောင် နယ်စပ်ဖြတ်ကျော်ချစ်ကြည်ရေးယာဉ်တန်း မယ်စဲ့-ဘီပီ(၁၃)နယ်စပ်ဂိတ်မှဖြတ်

**မယ်စဲ့ ဇူလိုင် ၂၇**

လွိုင်ကော်အခြေစိုက် Kayah Htarni Travels&Tours Co., Ltd. ရန်ကုန်အခြေစိုက် Myanmar Over Land Organizer Groupနှင့် မယ်ဟောင်ဆောင်အခြေစိုက် Border Trade & Tourism Association တို့ ပူးပေါင်းဆောင်ရွက်သည့် လွိုင်ကော်-မယ်ဟောင်ဆောင်နယ်စပ်ဖြတ်ကျော် (Caravan Tour)ချစ်ကြည်ရေးယာဉ်တန်းသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မယ်စဲ့မြို့သို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်တွင် ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်နှင့် အဖွဲ့ဝင် ၆၂ ဦး လိုက်ပါ၍ မယ်စဲ့မြို့ ဘီပီ(၁၃) နယ်စပ်ဂိတ်မှ ဖြတ်သန်း၍ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မှတစ်ဆင့် ပိုင်မြို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ အသိပညာပေးဟောပြောမည်

**ပခုက္ကူ ဇူလိုင် ၂၇**

သတင်းအချက်အလက်များ မှန်ကန်စွာ အသုံးချတတ်စေရန် သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်တွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တိုင်းပြည်တွင် လက်ရှိဖြစ်ပွားနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို သိရှိနားလည်ကာ ပါဝင်ဆွေးနွေးနိုင်ရန် နိုင်ငံသားအခွင့်အရေးများကို သိရှိရန်၊ ဒီမိုကရေစီ နည်းလမ်းနှင့်အညီ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရန်၊ သတင်းအချက်အလက်များ၏ အရည်အသွေးကို ပြည်သူများက ဦးစွာ နားလည်သဘောပေါက် တိုင်းတာနိုင်ရန်နှင့် သတင်းမှား၊ မှန် ခွဲခြားနိုင်စွမ်းရှိရန် အသိပညာပေးဟောပြောပွဲ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် သတင်းအတတ်ပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မာကျော်က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၇၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅

❂ **ရွှေ့ဖုံးမှ**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာတို့၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့က ဦးဆောင်၍ စေတီတော်ရင်ပြင်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မြတ်စွာဘုရားအားရည်မှန်း၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာရည်များဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။

**ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်**

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော်ရင်ပြင်တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ ရေစက်ချပွဲကို ရွှေတိဂုံစေတီတော်တော်ကြီးများနှင့် သံဃာတော်များအား ရွှေတိဂုံစေတီတော်ရောင်တော်ဖွင့်တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သီလဆောက်တည်**

ရွှေတိဂုံစေတီတော်၌ ဝါတွင်းသုံးလဥပုသ်နေ့ နံနက်ပိုင်း ရင်ပြင်တော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများက ဝါတွင်းသီလပေးတရားတော်များ ချီးမြှင့်ကြမည်ဖြစ်ရာ ဥပုသ်သီတင်းသီလဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညို၍ သီလခံယူဆောက်တည်နိုင်ကြောင်းသိရသည်။

**ရွတ်ဖတ်ပူဇော်**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော်ရှိ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဘာသာရေးအဖွဲ့ ဝတ်အသင်းသား အသင်းသူများက ဓမ္မစကြာတရားတော် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်



ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကုသိုလ်လာရောက်ပြုသူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ကြသည်။

**ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် (၁၂)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းနှင့် (၂၁)ကြိမ်မြောက် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဓမ္မစကြာအခါတော်နေ့ ကျင်းပ**

ယနေ့ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူများသည် ကျောင်းကန်ဘုရားများသို့သွား၍ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာတရားတော်များရွတ်ဖတ်ပူဇော်ကြခြင်း၊ ဒါန သီလ ဘာဝနာ တရားအားထုတ်ကျင့်ကြံပွားများခြင်းတို့ဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကို ကျင်းပကြသည်။

**စည်ကားလျက်ရှိ**

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ ရပ်ကွက်များရှိ ဓမ္မာရုံများ၌လည်း ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ကြသူများ၊ ဒါန သီလ ဘာဝနာပွားများကြသူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေး ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**



ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

ရင်ပြင်တော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဝါတွင်းသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ သူရဦးတင်လှက အဖွင့်မင်္ဂလာစကား ပြောကြားသည်။

**အနုမောဒနာတရားနာကြား**

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာ ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နံနက်ပိုင်းမှစတင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းများနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားစွာ ကျင်းပလျက်ရှိသည်ကို တွေ့ရသည်။

**နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်**

ဆူးလေစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်ကို လက်ယာရစ် သုံးပတ်ပတ်ကာ မုခ်လေးမုခ်ရှိ ပွင့်တော်မူပြီးသော ဘုရားလေးဆူနှင့် အတုလမာရ်အောင်မြတ်စွာဘုရားတို့အား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အင်္ဂါထောင့်ရှိ ကျက်သရေဆောင်ခန်းမ၌ နံနက် ၈ နာရီမှစတင်၍ သီလပေးတရားချီးမြှင့်၍ မွန်းလွဲ ၁ နာရီတွင် အနောက်ဘက်မုခ် ကြာသပတေးထောင့်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ဩဝါဒါစရိယဆရာတော်များက



ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် မဟာဝိဇယစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



# တပ်ကုန်းမြို့ မိုယ်းကောင်းဘုရားကြီး၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ကုသိုလ်ပြုသူများဖြင့် စည်ကား

**တပ်ကုန်း ဇူလိုင် ၂၇**

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီလဆောက်တည်သူများ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများသည် ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ ရွှေသင်္ကန်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းကပ်လှူပူဇော်ကြပြီး စတုဒိသာကျွေးပွဲများလည်း ကျွေးမွေးကြသည်။

ယနေ့နံနက် ၆ နာရီတွင် မိုယ်းကောင်းဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကိုးပါးအား ဝါဆိုသင်္ကန်း ကပ်လှူပြီး ငွေကျပ်သိန်း ၁၀၀ ကျော် တန်ဖိုးရှိ စက်ရေတွင်း၊ စက်ခန်း၊ ရေကန်၊ ရေစင်၊ CCTV ကင်မရာ၊ ရေမြောင်းနှင့် အဖုံးတို့ကို လှူဒါန်းကြသည်။ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများအား ဗိုလ်မင်းရောင်ရပ်ကွက် မိုးကောင်းဆန်စက်မိသားစုက ထမင်းနှင့် အအေးများကို စတုဒိသာအဖြစ် ကျွေးမွေးကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးနှင့် တန်ခိုးကြီးဘုရားပုထိုးစေတီများ၌ ဘုရားဖူးများ အထူးစည်ကား



**မန္တလေး ဇူလိုင် ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အားလျော်စွာ မန္တလေးမြို့၏ အထင်ကရ မဟာမုနိဘုရားကြီးနှင့် မန္တလေးမြို့ အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း ကပ်လှူပူဇော်ပွဲများ၊ ရှင်ပြုအလှူပွဲတော်မင်္ဂလာစသည့် ကုသိုလ်ကောင်းမှုတို့ကို အေးချမ်းပျော်ရွှင် အထူးစည်ကားစွာ ဆင်ယင်ကျင်းပလျက်ရှိသည်ကို တွေ့ရှိရသည်။

နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးအား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူကြပြီး ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။ အလားတူ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်း၊ ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးများလွှတ်ခြင်း၊ တရားဘာဝနာ အားထုတ်ခြင်းတို့ဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်။

ထို့အပြင် အရှေ့ပြင် မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား၊ မန္တလေးတောင် ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်စန္ဒာမုနိဘုရား၊ အတုမရှိ ရွှေကျောင်းတော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ ဘုရားနီဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရားနှင့် တဝဂူမြတ်စွာဘုရား ဓမ္မာရုံတို့တွင် ဥပုသ်သီတင်းသီလစောင့်ထိန်းကြသူများသည် ဆရာတော်၊ သံဃာတော်များထံမှ သီလခံယူဆောက်တည်ကြကာ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းလျက် တရားတော်များ နာယူလျက်ရှိကြသည်။ ဘုရားပုထိုးစေတီ ဓမ္မာရုံတို့၌လည်း ဘုရားဖူးလာပြည်သူများ အထူးစည်ကားလျက်ရှိရာ စေတနာရှင် အလှူရှင်များကလည်း စတုဒိသာ ကြာဆန်ဟင်း၊ ထမင်းဟင်း၊ အအေး စသည်တို့ဖြင့် လှူဒါန်းကုသိုလ်ယူလျက်ရှိသည်။

ယနေ့ နံနက် ၆ နာရီတွင် မန္တလေးမြို့ ၃၁×၃၂ လမ်းကြား၊ လမ်း ၈၀ ၌ မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ကြီးမှူး၍ ဝါတွင်းဥပုသ်နေ့ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြရာ မစိုးရိမ်ကျောင်းတိုက်မှ သံဃာတော်အပါး ၂၅၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ မဟာမုနိဘုရားကြီးသို့ သွားရာလမ်းများတွင်လည်း အလှူရှင်များက ဆွမ်းအလှူခံကြွရောက်တော်မူကြသည့် သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းတို့ လောင်းလှူကုသိုလ်ပြုလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့အနောက် ခင်မကန်တိုက် မြကုန်းကျောင်း ဂိလာနပါလ ဆန်ပြုတ်နှင့် ရေသန့်အလှူအသင်းမှ ဦးဆောင်၍ စေတနာရှင် အလှူရှင်မိသားစုတို့က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ အမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံ၊ ၆၂ လမ်းရှိ ခုတင် ၃၀၀ ဆံ့ဆေးရုံ၊ အရိုးဆေးရုံတို့ရှိ ဆေးကုသဆောင်အသီးသီး၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် လူနာစောင့်များကို ထမင်းဟင်းများ၊ အာဟာရမုန့်များ၊ ဆန်ပြုတ်များနှင့် ရေသန့်ဘူးများကို ကုသိုလ်ပြုလှူဒါန်းကြသည်။ အသင်းအဖွဲ့များ၊ စေတနာရှင်များကလည်း စေတီဘုရားကျောင်းဓမ္မာရုံတို့၌ ဘုရားဖူးလာပြည်သူများအား အစားအသောက်နှင့် အအေးများ တိုက်ကျွေးကုသိုလ်ပြုကြသည်။

ရုံးပိတ်ရက်သုံးရက်ဖြစ်၍ မိသားစုလိုက် မန္တလေးမြို့တွင်း ဘုရားများဖူးကြပြီး ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရား၊ နီးဘုရား၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပြင်ဦးလွင်မြို့နယ် ဝါးနက်ချောင်းဆင်စခန်း၊ ၇ မိုင်၊ ၆ မိုင်နှင့် ၃ မိုင် အပန်းဖြေစခန်း၊ ဦးပိန်တံတား၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့အား သွားရောက်အနားယူလည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒသမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၀၄) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၇**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒသမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၀၄) ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားမစတင်မီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် တာဝန်ရှိသူများက လိုဏ်တော်အတွင်းရှိ အရပ်လေးမျက်နှာမှ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုရွှေကြာသင်္ကန်းနှင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဝါတွင်းကာလသို့ စတင်ဝင်ရောက်သည့် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်)နေ့ ဖြစ်သည့်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရွှေနန်းသွင်းစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစုံစေတီတော်၊ နေပြည်တော် ဗုဒ္ဓဂါယာသံဝေဇနီယလေးဌာန၊ မဟာသကျရံသီရုပ်ရှင်တော်မြတ် ရုပ်တော်မူဘုရား၊ ပျဉ်းမနားမြို့ရှိ ကိုးနဝင်းဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင်ရွှေလက်လှစေတီ၊ စူဠာမဏိစေတီ၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများနှင့် မြို့ပေါ် ရပ်ကွက်ရှိ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ ကုသိုလ်ပြုကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့အပြင် နေပြည်တော် ရေပန်းဥယျာဉ်နှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အဆောက်အအုံမီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ်သန်း ၁၆၀၀ ကျော် ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာ့အာမခံလုပ်ငန်းတွင် မြန်မာအရှေ့တိုင်းဘဏ် (MOB) ချေးငွေဖြင့် မီးအာမခံထားရှိသည့် Forever Winner Co.,Ltd. ပိုင် အဆောက်အအုံ မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအရှေ့တိုင်းဘဏ် (MOB) ချေးငွေဖြင့် မီးအာမခံထားရှိသည့် Forever Winner Co., Ltd. ပိုင် အဆောက်အအုံအတွက် လျော်ကြေးငွေကျပ်သန်း ၁၆၂၄ ဒသမ ၆၀ ကို မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပေးအပ်ရာ MOB ဘဏ်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဝင်းနှင့် Forever Winner Co., Ltd. မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သွင်တို့က လက်ခံရယူသည်။

အဆိုပါအဆောက်အအုံသည် မြန်မာ့အာမခံလုပ်ငန်းတွင် ၂၀၁၄ ခုနှစ်မှ စတင်၍ Forever Winner Co., Ltd. မှ အဆောက်အအုံ ငါးလုံးအတွက် ကျပ်သန်း ၁၈၀၀ အား MOB ဘဏ်ချေးငွေဖြင့် မီးအာမခံထားရှိခဲ့ပြီး ငှားရမ်းထားသော JPI - Jewel Pak International (Myanmar) Co., Ltd. ၏ လက်ဝတ်ရတနာဘူးများထုတ်လုပ်သည့် လုပ်ငန်းခွင်ရှိ Heat Gun ကြောင့် ဧပြီ ၇ ရက်တွင် မီးလောင်မှုဖြစ်ပွား၍ ပင်မအဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရာ ယင်းဆုံးရှုံးမှုအတွက် ငွေကျပ်သန်း ၁၆၂၄ ဒသမ ၆၀ ပေးလျော်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မိုးသောက်**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင်မှ အားကောင်းနေသည်။

**ပဲခူးတိုင်းဒေသကြီးမှ**

ပဲခူးမြို့၊ မဒေါက်မြို့၊ ရွှေကျင်မြို့များသည် စိုးရိမ်ရေအမှတ် အထက်တွင်ရှိနေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသောကြောင့် ပြည်သူအချို့ကို ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိနေရကြောင်း၊ ယာယီစခန်းများတွင် ခေတ္တနေထိုင်စဉ်ကာလအတွင်း စားနပ်ရိက္ခာနှင့် ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ထိရောက်စွာ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်အလိုက် ဆက်လက်ထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း ပကတိအခြေအနေအရ လိုအပ်ချက်များကို ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားပြီး ဆန်၊ စားသုံးဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကလေးများအတွက် ပဲနို့နှင့်မုန့်များ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

**လက်ခံရယူ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဒေါက်မြို့သို့ ရောက်ရှိကြပြီး တံခွန်တိုင်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ရွှေမြတ်လေးပရဟိတအဆောက်အအုံတွင် ပြွန်တန်ဆာမြို့မှ ရွှေဇာမြေလူမှုကူညီရေးအသင်းနှင့် ပြည်သူများက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် အာဟာရမုန့်များကို လက်ခံရယူကာ ရေဘေးသင့်ပြည်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့ နှစ်ကျိပ်ရှစ်ဆူမြို့ဦးဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိသော ရေဘေးရှောင်စခန်းသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် လူမှုရေးအရထောက်ပံ့ရန်လိုအပ်သူများကို ထောက်ပံ့ငွေများပေးအပ်သည်။ ယနေ့ ထောက်ပံ့ငွေ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၅၁ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ နောက်နှစ်ရက်အတွင်း မိုးပိုမိုအားကောင်းစွာ ဆက်လက်ရွာသွန်းနိုင်ပြီး စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တိုးမြင့်လာနိုင်သည်။ ထို့ကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ ဦးဆောင်မှုနှင့် ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် အလျင်အမြန်တုံ့ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးခွမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား နေအိမ်အရောက် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ကူညီထောက်ပံ့မှုဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည့် နန်းခလဲကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများက ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ကျေးရွာအုပ်စုအတွင်း ရေဘေးသင့် လက်ပန်၊ သရေတန်း၊ နန်းခလဲ၊ ဝင်းကြီး၊ ဘုရားကုန်း ကျေးရွာများရှိ အိမ်ထောင်စု ၂၅ စုအား နေအိမ်များအရောက် ဆန်၊ ဆီ၊ ဆား စားသောက်ကုန်များ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



**ဥတုရာသီ တောကိုမှီ၏**



# ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်နှင့် ရေသန့်ဘူးများ ပေးဝေ

**ပဲခူး ဇူလိုင် ၂၇**

ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ပဲခူးမြို့မြေနိမ့်ပိုင်းရပ်ကွက်များ ရေများဝင်ရောက်သဖြင့် အိမ်ထောင်စု ၂၄၅၆ စုကျော် ရေဘေးသင့်ခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)မှ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ကြင်သန်း၊ ဒေါက်တာဒေါ်ရွှေပုံနှင့် ဒေါ်စန်းစန်းဌေးတို့က ယနေ့ ညနေ ၄ နာရီက ပဲခူးမြို့ ရေနစ်မြုပ်နေရာများဖြစ်သော ကလျာဏီရပ်ကွက် အနောက်ရွှေနံ့သာကျောင်းတိုက်၊ ဖိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ဥသာမြို့သစ်(၇)ရပ်ကွက်ရှိ ကြခတ်တောရ ဘုန်းတော်ကြီးကျောင်းတို့တွင် ထမင်းထုပ်စုစုပေါင်း ၅၀၉၀ နှင့် ရေသန့်ဘူးများ ပေးဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်၌ မြန်မာကလေးများပွဲတော် သုံးရက်တိုင်တိုင် ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မြန်မာကလေးများအသင်း(Myanmar Kids Clup)နှင့် EMG Marketing Group တို့ ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာနိုင်ငံ၏အကြီးမားဆုံး(၄)ကြိမ်မြောက် မြန်မာကလေးများပွဲတော်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အတွင်းရေးမှူး-၁ ဒေါ်အေးမာဦးတို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယနေ့ကျင်းပသော မြန်မာကလေးများ ပွဲတော်ကြီးဖြစ်မြောက်ရေးအတွက် Title Sponsor အနေဖြင့် BOLT Malted Milk က လည်းကောင်း၊ Main Sponsor အနေဖြင့် Biogesic က လည်းကောင်း၊ Playground Partner အနေဖြင့် Happy World Playground က လည်းကောင်း ကူညီပေးထား၍ ကလေးများနှင့်သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများ၊ ပညာရေးဆိုင်ရာအထောက်အကူပစ္စည်းများ၊ အဝတ်အထည်၊ ဆေးဝါး၊ အာဟာရအစားအစာ၊ အရုပ်ကစားစရာဆိုင်ခန်းများရှုမြင်ရမည့်အပြင် Myanmar Kids Club(MKC)က ကြီးမှူးစီစဉ်သော မြန်မာနိုင်ငံကလေးများအတွက် ပထမဦးဆုံး School Fair အစီအစဉ်ကို ဤပွဲတော်တွင် စတင်မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ပွဲတော်သို့ လာရောက်လည်ပတ်ကြတဲ့ ကလေးတွေ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေဖို့၊ သွက်လက်ထက်မြက် ပျော်ရွှင်စေဖို့ ပြေးပွဲပြိုင်ပွဲကစားပွဲတွေ ပြုလုပ်ပေးထားပါတယ်။ Talent Show ပြိုင်ပွဲ စိတ်ကူးစိတ်သန်း အနုပညာဖန်တီးတတ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ လက်ချောင်းလေးတွေနဲ့ ဆေးရောင်ခြယ်ခြင်း "Finger Painting Contest" ပြိုင်ပွဲကြီး၊ အဖေအမေမိသားစုဝင်မောင်နှမတွေနဲ့ ဆင်တူဝတ်ဆင် ဓာတ်ပုံရိုက်ကူးခြင်းယှဉ်ပြိုင်ပွဲ "Family Costume Contest"ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ သျှောင်ပေစူးဓာတ်ပုံပြိုင်ပွဲ၊ "Facebook Profile "ပြောင်းရုံနဲ့ ဆုရမယ့်ပြိုင်ပွဲတွေ ရင်ခုန်စိတ်လှုပ် ရှားဖွယ် ပြုလုပ်ပေးထာပါတယ်” ဟု EMG မန်နေဂျင်း ဒါရိုက်တာ ကိုဝေလင်းက ပြောသည်။



မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အခမ်းအနားဆုံး မြန်မာကလေးများပွဲတော်ကြီးကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ တပ်မတော်ခန်းမ၌ ဝန်ဆောင်မှုလွတ် အခမဲ့ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# နွယ်ကြီးတစ်ကိုက်စာနှင့် ဆုတောင်း

မိပြည်ချစ်

လောကတိုးတက်ကြီးပွားရေးအတွက် အကြောင်းနှင့် အကျိုးကို အထူးခွဲခြားသိမြင် ကျင့်သုံးကြသည့် ပုဂ္ဂိုလ်များကို "အာဇာနည်" ခေါ်သည်ဟု ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း) ဆရာတော်၏ အာဇာနည်နေ့၌ ဟောသော တရားကို ရေးသားဖော်ပြသော သတင်းစာပါ ဆောင်းပါးကို ဖတ်ရှုမိပါသည်။

အာဇာနည်ဆိုသည်မှာ အကျိုးကောင်းရေးထက် အကြောင်းကောင်းရေးကို လုပ်ဆောင်နိုင်သူများဖြစ်ပြီး အာဇာနည်စိတ်ဓာတ်ရှိသော၊ အာဇာနည်စွမ်းဆောင်ရည်ရှိသော အမျိုးကောင်းသားများ၊ အမျိုးသားကောင်းများ ပေါ်ထွက်လာစေလိုသော ဆန္ဒဖြစ်ပေါ်မိပါသည်။

အများအတွက် အသက်ကိုမငဲ့ကွက်ဘဲ အသက်စွန့်၊ အသေခံ စွမ်းဆောင်ပြီးမှရရှိသော အာဇာနည်ဂုဏ်ထူး၊ ဘွဲ့ထူးအတွက် စဉ်းစားဖွယ်ရာများ အတွေးတွင်ပေါ်လာမိသည်။

### ယောကျ်ားကောင်းများ ပေါ်ထွက်လာစေချင်

ကမ္ဘာ့သမိုင်းတွင် အမေရိကန်သမ္မတ လင်ကွန်းနှင့် ကနေဒီ၊ တရုတ်ပြည်မှ ဒေါက်တာ ဆွန်ယက်ဆင်၊ ဂျပန်မှ ဆာမူရိုင်းများ၊ ပြင်သစ်၊ ရုရှား၊ ဂျာမနီတို့မှ တိုင်းပြည်အတွက် ကြိုးပမ်းရင်း တော်လှန်ရေးကာလတွင် ကျဆုံးသွားကြသူများ၊ မြန်မာ့သမိုင်းရှိ ပုဂံပြည့်ရှင် အနော်ရထာ၊ ကျန်စစ်သား၊ တောင်ငူဘုရင်၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ ရွှေဘိုမှ အလောင်းဘုရား၊ ရတနာပုံမှ ဘကြီးတော်၊ ဘိုးတော်ဘုရား၊ မင်းတုန်းမင်း၊ အင်္ဂလိပ်ခေတ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ စာရေးဆရာ သိပ္ပံ မောင်ဝ၊ မထင်မရှား တိမ်မြုပ်သွားကြသော စွမ်းဆောင်ရည်ထက်မြက်သူများ၊ လွတ်လပ်ရေးခေတ် သူရဲကောင်းများ စိတ်ဓာတ်ရှိသော၊ အာဇာနည်ဖြစ်နိုင်သော ယောကျ်ားကောင်းများ ပေါ်ထွက်လာစေချင်ပါသည်။

### သက်ရှိထင်ရှားရှိနေခြင်းက

"လူသာသေသည် နာမည်မသေ"ဟု ပြောကြရသော်လည်း သေဆုံးသွားပြီးနောက် ယင်းတို့၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများမှာ ပြောစမှတ် "ပုံပြင်ဆန်ဆန်" "ဒဏ္ဍာရီ" သဘောလောက်သာရှိနေပြီး မှေးမှိန်ပျောက်ကွယ်သွားပါပြီ။

အကယ်၍သာ ကောင်းကောင်းဆိုးဆိုး သက်ရှိထင်ရှား ဆက်လက်ရှိနေဦးမည်ဆိုပါလျှင် မည်သည့် ကောင်းကျိုးများရပြီး မည်သည့် ဆိုးကျိုးရရှိနိုင်မည်နည်း ဆိုသည်ကို ဖွေရှာမောမိပါသည်။

သက်ရှိထင်ရှားရှိနေခြင်းက အများအတွက် ပို၍ လုပ်ဆောင်ပေးနိုင်ပေမည်။ စင်ကာပူမှ လီကွမ်ယုကြောင့်သာ စင်ကာပူအဖြစ် ကမ္ဘာတွင် ထင်ရှားလာပြီး ဆက်လက်ရပ်တည်နိုင်နေခြင်း ဖြစ်ပါသည်။

### ဆင်ခြင်လေ့လာသုံးသပ်နိုင်စေချင်

တိုင်းပြည်အတွက်၊ အများအတွက် အကျိုးရှိအောင် ကြိုးပမ်းကြရာတွင် ဒေဝဒတ်ကဲ့သို့ မိုက်ရိုင်း၊ ယုတ်မာ၊ စိတ်ထားညံ့ဖျင်းသူများမှာ ခေတ်အဆက်ဆက်ရှိနေမည်သာ။ အတ္တလွန်ကဲသော လူဟူသည့် သတ္တဝါကြောင့်မနာလို၊ ဝန်တိုမှုတို့ကြောင့်

(က) အသိပညာ၊ ဗဟုသုတ၊ စိတ်စေတနာ၊ အတွေးတိမ်မှုတို့ကြောင့်၊

(ခ) အရာရာ ကိုယ်မှကိုယ်၊ မာန်မချဘဲ အာဏာမက်မော၊ လောဘဇောတက်ကာ၊ ဒေါသ၊ မောဟ၊ ရမ္မက်ရူးများကြောင့်၊

(ဂ) တကယ်တော့ အမျိုးသားရေးကို ဟန်ပြရှေ့တန်းတင်ပြီး နိုင်ငံအကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို မငဲ့ကွက်သောကြောင့်၊

(ဃ) ကိုယ်ပြီး ကိုယ့်နောက် ဆက်ခံနေကြရမည့် သား၊ သမီး၊ မြေးမြစ်များအတွက် ကောင်းသောအရာတွေ၊ ငြိမ်းအေးမှုတွေ၊ သာယာပျော်ရွှင်စေမှုတွေ၊ လုံခြုံနွေးထွေးမှုတွေ၊ အရှည်မြော်ကိုးတွက်ဆပြီး မပြင်ဆင်နိုင်သောကြောင့် ဆိုသည့် "ကြောင့်" ပေါင်းများစွာကို ဆင်ခြင်လေ့လာသုံးသပ်နိုင်စေချင်ပါသည်။

### လူကြီးများ အတွေးမမှားစေရန်

နော်ဝေနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ စသည့် သူတစ်ပါးနိုင်ငံများကို မက်မော၊ ငေးမောနေမည့်အစား ကိုယ့်နိုင်ငံအတွက် တစ်တပ်တစ်အား ပါဝင်ကြမည်ဆိုပါလျှင် အကြောင်းကိုသိပြီး ပါဝင်ကူညီနိုင်စွမ်းရှိကြမည်ဆိုပါလျှင်။

ကျိုက်ထီးရိုး၊ ဇွဲကပင်တောင်တွေပေါ်မှာ စေတီများ၊ အဆောက်အအုံများအတွက် အုတ်ခဲများကို တောင်ခြေရင်းတွင် ယခင်က စီရီချထားပါသည်။ တစ်ယောက်တစ်လက်ဖြင့် တစ်ပိုင်တစ်နိုင် အုတ်တစ်ခဲနှုန်း ပုရွက်ဆိတ် အစာချီသလို တရွေ့ရွေ့နည်းဖြင့် တောင်ထိပ်အရောက် ပို့ဆောင်သယ်ယူကြသည်ကို တွေ့မြင်ကြုံကြမည်သာ။

လူကောင်း၊ လူတော် စွမ်းရည်ပြည့်ဝ နှလုံးလှသူများ အသက်ရှည်မှသာ နိုင်ငံတည်ဆောက်ရေးသည် ပိုမိုပီပြင်မည်ဖြစ်သကဲ့သို့ လူငယ်များကိုလည်း နည်းလမ်းမှန်၊ စိတ်ထားမှန်၊ စနစ်မှန်တို့ဖြင့် တည်ဆောက်ရေး၊ တိုးတက်ရေးလုပ်ငန်းများ၌ အားဖြည့်ပေးရန် များစွာလိုအပ်ပါသည်။

"နွားပျိုသန်လှ နွားအိုပေါင်ကျိုး" ဆိုသလို သမ္မာ၊ ပညာ၊ အတွေ့အကြုံ ရင့်ကျက်သော အတွေးအခေါ် စီမံကွပ်ကဲ၊ အုပ်ချုပ်၊ ခေါင်းဆောင်မှုတို့အတွက် "အာဇာနည်" များစွာ အသက်ရှည်ရှည် လမ်းပြနိုင်ကြပါစေ။ လူငယ်လေးတွေ ဘဝမနွမ်းဘဲ စွမ်းသထက်စွမ်း၊ လန်းသထက်လန်းအောင် ကူညီပေးကြရန် အထူးလိုအပ်ပါသည်။

တစ်တပ်တစ်အားဖြင့် ရွေ့ကြရအောင် စိတ်ဓာတ်၊ စည်းကမ်း၊ သဘောထား၊ ခံယူချက် တူညီကြရပေမည်။ ခိုင်ခိုင်မာမာ ဆုံးဖြတ်လုပ်ဆောင်ကြရန် လူကြီးများ အတွေးမမှားစေရန် အရေးအသားဖြင့် ကြိုးပမ်းလိုက်ရပါသည်။

### နွယ်ကြီးတစ်ကိုက်စာနှင့် ဒေဝဒတ်

နွယ်ကြီးတစ်ကိုက်စာနှင့် ဒေဝဒတ်၏အကြောင်း မဖတ်ရသေးသူအချို့အတွက် ဓမ္မဘေရီ အရှင်ဝီရိယ၏ ဟောကြားမှုကို အကျဉ်းမျှဖော်ပြရလျှင် "ဘုရားလောင်း မျောက်မင်းဘဝက မျောက်အပေါင်းရှစ်သောင်းနှင့် အတူ ဂင်္ဂါမြစ်ကမ်းနားတွင် နေထိုင်ကြပါသည်။ မြစ်၏ တစ်ဖက်ကမ်းတွင် လွန်စွာထူးခြားသည့် သရက်ပင်ကြီး တစ်ပင်ရှိပြီး အသီးမှည့်ချိန်တွင် မျောက်အားလုံးက သရက်သီးစားကြပါသည်။ သရက်ပင်၏ မြစ်ဘက်အသီးကြွေကျလေ့ရှိသည့်အကိုင်းမှ အသီးမှန်သမျှကို သီးခါစ အရွယ်မှစ၍ ခြွေချဖျက်ဆီးရန် မျောက်များကို စေခိုင်းထားသော်လည်း ကျန်နေသော အသီးမှည့်တစ်လုံးသည် မြစ်ရေနှင့်အတူ မျောပါရာမှ ရေဆင်းချိုးသည့် ရှင်ဘုရင်က တွေ့ပြီး အရသာကိုစွဲလမ်းသဖြင့် သရက်ပင်ကြီးထံရောက်ရှိလာပါသည်။ သရက်သီးကို စားသုံးပြီး ညအိပ်စခန်းချနေစဉ် သန်းခေါင်ယံအချိန် မျောက်များလာရောက်၍ သရက်သီးများကို ဆူညံစွာ စားကြရာ ရှင်ဘုရင်က နောက်နေ့တွင် မျောက်သားစားလိုကြောင်း ပြောသဖြင့် ရဲမက်များက မျောက်များကို လေး၊ မြားဖြင့် ဝန်းရံထားကြပါသည်။ မနက်မိုးလင်း၍ မျောက်များပြန်မည့်အခါ ပစ်ခတ်ရန် အသင့်ချိန်ရွယ်ထားသည်ကိုတွေ့၍ ထိတ်လန့်တုန်လှုပ်သွားကြပါသည်။

### ပါရမီသည်လည်း အချည်းနှီးဖြစ်

ထိုအခါ ခွန်အားကြီးမားသည့် ဘုရားလောင်း မျောက်မင်းက အားလုံးကို ကယ်တင်မည်ဟု ပြောပြီး ပင်မြင့်ထက်မှ မြစ်တစ်ဖက်ကမ်းသို့ ထူးကဲသည့် လှံ့လဖြင့် ခုန်ကူးကာ အကွာအဝေးကို တွက်ချက်၍ ကြိမ်နွယ်ကို ခုတ်ဖြတ်ပါသည်။ တစ်ဖက်ကမ်းရှိသစ်ပင်တွင် မြဲမြံစွာ ချည်နှောင်ပြီး ကြိမ်နွယ်အဖျားကို ခါးတွင်ချည်ကာ သရက်ပင်ကြီးထံ ပြန်လည်ခုန်ကူးချိန်တွင် ခါးတွင်ချည်သည့် နွယ်ကြီးတစ်ကိုက်စာကို ထည့်သွင်းတွက်ချက်ရန် လိုအပ်သွားသဖြင့် မြစ်ဘက် သရက်ပင်အကိုင်းပေါ်သို့ မရောက်နိုင်တော့ဘဲ ကိုင်းဖျားကိုသာဆွဲနိုင်တော့သည်။ အချိန်မဆိုင်းဘဲ ၎င်း၏ကိုယ်ပေါ်မှ ဖြတ်ကျော်၍ ဘေးကင်းရာတစ်ဖက်ကမ်းသို့သွားကြရန် မျောက်အပေါင်းအား ပြောပြီး ဖြတ်သန်းစေရာ နောက်ဆုံးကျန်သည့် ဒေဝဒတ်လောင်း မျောက်မင်းက ရန်သူကို လက်စားချေခွင့်ရပြီဟု တွေးကာ ဘုရားလောင်းမျောက်မင်းအပေါ် အမြင့်ဆုံးအကိုင်းမှ ခုန်ချလိုက်ပါသည်။ ထိုအခါ ဘုရားလောင်း မျောက်မင်း၏ နှလုံးတွင်ကွဲအက်သွားသော်လည်း ခန္တီစွမ်းအား၊ ဥပေက္ခာစွမ်းအားဖြင့် ယင်းမျောက် တစ်ဖက်ကမ်းရောက်သည်အထိ သရက်ပင်ကိုင်းကို မလွှတ်တမ်း ဆုပ်ကိုင်ထားပေးပြီး ကယ်တင်ပေးပါသည်။

အကယ်၍ ဘုရားလောင်းမျောက်မင်းတွင် နိက္ခမတရားနှင့် ခန္တီဥပေက္ခာတရားသာမရှိလျှင် နာကျင်ချိန်တွင် သစ်ကိုင်းကို လက်လွှတ်လိုက်နိုင်ပြီး ခုန်ချသည့် မျောက်လည်း တစ်ဖက်ကမ်း မရောက်တော့ဘဲ သေရမှာပါ။ ထိုသို့ ပြုမူလျှင် ဘုရားအလောင်း၏ ပါရမီသည်လည်း အချည်းနှီး ဖြစ်ပေမည်။ အာဇာနည်များ၏ လုပ်ငန်း ၁၀ မျိုးတွင် သစ္စာတရားသည် ပါရမီအားလုံး၏ အသက်ဖြစ်ပြီး ဝစီကံသစ္စာသည် အသက်သွေးကြောဖြစ်ပါသည်။ ခုန်ချသည်ကို အကြောင်းပြုကာ ယင်းမျောက်ပါသေအောင် သစ်ကိုင်းကို လွှတ်လိုက်မည်ဆိုလျှင် အားလုံးကို ကယ်တင်မည်ဆိုသည့် ဝစီကံသစ္စာကျိုးပျက်ပါမည်။ ယခုအဖြစ်အပျက်ကို မြင်တွေ့သည့် ရှင်ဘုရင်က ပြုစုပေးပါသော်လည်း မျောက်မင်းမှာ အနိစ္စရောက်သွားပါသည်။ လောကတ္ထစရိယ အားစိုက်လွန်းသော အာဇာနည်များသည် နိက္ခမတရား အားသန်ကြသဖြင့် ကိုယ်ကျိုးအတွက် လုံးဝထည့်မတွက်သည့်အခါ လောကအတွက်လည်း နစ်နာရပါသည်။ အလောင်းတော် မျောက်မင်းသည် သူ့အတွက် ခါးတွင်ချည်ရန် နွယ်ကြီးတစ်ကိုက်စာကို ထည့်သွင်းမတွက်ချက်မိသဖြင့် သစ်ကိုင်းပေါ်မရောက်နိုင်ဘဲ ကိုင်းဖျားကိုသာ လက်ဖြင့်ဆွဲကိုင်ထားရကာ အမျိုးအနွယ်တို့ အသက်ဘေးလွတ်ရေးအားထုတ်လိုက်ခြင်းကြောင့် သူ့အသက်စွန့်ရသည်မှာ သူ့အတွက် မဆန်းသော်လည်း ကျန်ရစ်သည့် မျောက်အမျိုးအနွယ်တို့မှာ နောက်တက်ပြီး ဗိုလ်လုပ်မည့် ဒေဝဒတ်လောင်း မျောက်မင်း၏ဒဏ်ကို ခံရတော့ပေမည်။ အရေးကြုံပါလျှင်လည်း အားကိုးရာမဲ့သွားပေမည်။

### မျိုးချစ်အာဇာနည်စိတ်ထားများ ရှိကြစေချင်

တိုင်းပြည်အကျိုးအတွက် မိမိစွမ်းနိုင်သမျှ ပြုလုပ်ရာတွင် အသက်ရှင်သန်နေနိုင်ရေးအတွက် အသိ၊ သတိ၊ ဉာဏ်ပညာ အမြော်အမြင်၊ ဗဟုသုတ ဆင်ခြင် လေ့လာသုံးသပ်မှု၊ စည်းရုံးစုပေါင်းအင်အား သဘောညီ၊ စိတ်ဝမ်းမကွဲ သည်းခံဝေဖန်မှုများ၊ တကယ့် မျိုးချစ်အာဇာနည် စိတ်ထားများ ရှိကြစေချင်ပါသည်။ ရှိကြပါစေဟုလည်း ဆုတောင်းမေတ္တာ ပြုလိုက်ရပါသည်။

တိုင်းပြည်အတွက်၊ အများအတွက် အလုပ်လုပ်ကြရာတွင် ဒေဝဒတ်ကဲ့သို့ အဖျက်သမားများမှာ သမိုင်းစဉ်တစ်လျှောက် တွေ့ကြုံရပါဦးမည်။ အာဇာနည်စိတ်ထားဖြင့် အန္တရာယ်များကို ကျော်လွှားနိုင်စေချင်ပါသည်။ ကျဆုံးသွားသော သူရဲကောင်းထက် အသက်ရှည်ကြာစွာ ရှင်သန်ရှိနေပြီး ကူညီလမ်းပြ ဖေးမတွဲခေါ်သူများကို ပို၍ရယူလိုကြပါသည်။ ပြည်သူများနှင့်အတူ ရှိစေလိုပါသည်။ အားကိုးအားထားမဲ့ကြသူများအဖြစ် မရောက်စေချင်ပါ။ အသက်နှင့် အန္တရာယ်ကို သတိတမံ ဉာဏ်မြေကတုတ် စုပေါင်းစွမ်းအားများဖြင့် ပြည်သာအောင် ညီစွာစိတ်ရင်းထားနိုင်စေချင်ပါသည်။ မိမဲ့၊ ဖမဲ့နှင့် "ဘဝ" ကို ရုန်းကန်စေခြင်းထက် မိဘနှင့်အတူ၊ မောင်နှမများ မြဲမြံခိုင်ခိုင်လက်တွဲလျက် ပျော်ရွှင်နွေးထွေးချမ်းမြေ့စွာ အတူစား၊ အတူရင်ဆိုင်လိုပါသည်။ အင်နှင့်အားနှင့် ရုန်းစေချင်ပါသည်။

အသိဉာဏ်၊ ဆင်ခြင်တုံတရားတို့ဖြင့် အနာဂတ်အတွက် ဖန်တီးပေးနိုင်စေချင်ပါသည်။ အာဇာနည်အဖြစ် အသက်စွန့်သွားခြင်းထက်၊ အသက်ရှင်နေပြီး တိုင်းပြည်အကျိုး၊ အများအကျိုးကို ဆောင်ကြဉ်းနေသော အာဇာနည်များအဖြစ် မြင်တွေ့လိုပါသည်။ ။

❛ တိုင်းပြည်အတွက်၊ အများအတွက် အလုပ်လုပ်ကြရာတွင် ဒေဝဒတ်ကဲ့သို့ အဖျက်သမားများမှာ သမိုင်းစဉ်တစ်လျှောက် တွေ့ကြုံရပါဦးမည်။ အာဇာနည်စိတ်ထားဖြင့် အန္တရာယ်များကို ကျော်လွှားနိုင်စေချင်ပါသည်။ ကျဆုံးသွားသော သူရဲကောင်းထက် အသက်ရှည်ကြာစွာ ရှင်သန်ရှိနေပြီး ကူညီလမ်းပြဖေးမတွဲခေါ်သူများကို ပို၍ရယူလိုကြပါသည် ❜

---

## ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းပြီ

**ပျော်ဘွယ် ဇူလိုင် ၂၇** ။ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၁ ရွာရှိ အိမ်ခြေ ၁၄၄၁ အိမ်၊ မူလတန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ ကျန်းမာရေးဌာနအဆောက်အအုံ နှစ်ခုနှင့် ဘာသာရေးအဆောက်အအုံ ၁၅ ခုတို့တွင် တစ်အိမ်ထောင်သုံး ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအခါ အဆိုပါကျေးရွာများတွင် ဆိုလာလျှပ်စစ်မီးများ လင်းနေကြပြီဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်လှိုင်ထွန်းထံမှ သိရသည်။

ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိနေကြပြီဖြစ်သော ကျေးရွာများမှာ သိမ်ကုန်းကျေးရွာ၊ အောင်းကုန်းကျေးရွာ၊ ကျောင်းရွာကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ဒုတ်တန်းကျေးရွာ၊ ငှက်မီးကျေးရွာ၊ ကျောက်အိုးကျေးရွာ၊ တောင်နီကျေးရွာ၊ မီးဖုရားကုန်းကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ သီးပင်ကျေးရွာတို့ ဖြစ်ကြသည်။

ယင်းကျေးရွာများသည် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ကွာဝေးသော ကျေးရွာများဖြစ်ကြ၍ လျှပ်စစ်ဓာတ်အားမရရှိနိုင်သော ကျေးရွာများဖြစ်ကြသည်။ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက NEP စီမံကိန်း ICB-2 အရ နိုင်ငံတော်နှင့် ကျေးလက်နေပြည်သူများ အချိုးကျထည့်ဝင်ငွေဖြင့် တစ်အိမ်ထောင်သုံး ဆိုလာစနစ်ဖြင့် ဆိုလာပြားများတပ်ဆင်၍ မီးလင်းရေး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ ကျေးရွာများမီးလင်းမှု အခြေအနေကို ဇူလိုင် ၂၆ ရက်တွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အင်ဒိုနီးရှားသို့ ထွက်ခွာ




**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာယူ-၁၆ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ မြန်မာယူ-၁၆ အသင်းတွင် အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။

မြန်မာယူ-၁၆ အသင်းတွင် အုပ်ချုပ်သူ- ဦးစည်သူဝင်း၊ နည်းပြချုပ်- ဦးညီညီလတ်၊ လက်ထောက်နည်းပြ- ဦးမင်းမင်းထွန်း၊ ဦးထွန်းလင်းအောင်၊ ဂိုးနည်းပြ- ဦးစိန်အေး၊ ဂိုးသမား- ဟိန်းထက်စိုး၊ နေလင်းထက်၊ စောခူမို၊ နောက်တန်း- စောထူးပွဲမို၊ မျိုးချစ်ဇော်၊ သော်ဇင်ထက်၊ ညဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော်၊ အလယ်တန်း- နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရဲထက်အောင်၊ ငြိမ်းဇေယျာ၊ ရန်နိုင်လင်း၊ ဝေယံစိုး၊ ရန်ကျော်စိုး၊ နိုင်ထွေး၊ ခွန်ကျော်ဇင်ဟိန်း၊ သန့်စည်သူ၊ ရှေ့တန်း- ပြည့်ဖြိုးအောင်၊ လမင်းထွေး၊ စောကျော်ထက်တို့ လိုက်ပါသွားသည်။ မြန်မာယူ-၁၆ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည့် ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဇူလိုင် ၂၉ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၃၁ ရက်တွင် အိမ်ရှင် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၄ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဩဂုတ် ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းမှာလည်း AFF U-16 Championship 2018 Tournament HOD အဖြစ် တာဝန်ပေးအပ်ခြင်းခံရသဖြင့် အသင်းနှင့်အတူ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

**သတင်း- ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- MFF**

# ရေဦးမြို့ ချမ်းသာကြီးရေလယ်ဘုရား ရေကန်အတွင်းရှိငါးများ အောက်ဆီဂျင်ပြတ်သေဆုံး



**ရေဦး ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အောင်ချမ်းသာရပ်ကွက် ချမ်းသာကြီးကျောင်းတိုက် ရေလယ်ဘုရားရေကန်အတွင်း ကုသိုလ်ပြုမွေးမြူထားသော ဘေးမဲ့ငါးကြီးများ ယနေ့နံနက်ပိုင်းက အောက်ဆီဂျင်ပြတ်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

"ငါးတွေက ပထမရက်က တစ်ကောင်၊ နှစ်ကောင်ပဲသေပြီး ရေပေါ်ပေါ်လာတယ်။ သာမန်လို့ပဲထင်တာ။ ဒီနေ့မနက် ကန်ထဲမှာ သေနေတဲ့ငါးအကောင် ၂၀၀ ကျော်တယ်။ တချို့ငါးဆို ခြောက်ပိဿာလောက်ရှိတယ်။ လွန်ခဲ့တဲ့လေးနှစ်ခန့်ကလည်း အခုလိုဖြစ်ခဲ့ဖူးတယ်။ အဲဒီလိုဖြစ်ပြီးနောက် ငါးတွေပြန်ထည့်ပြီးမွေးထားတာ အခုလည်းသေကုန်ပြီ။ ကျောင်းအနောက်ဘက်က ဆန်စက်တွေများတယ်။ အဲဒီဆန်စက်တွေကနေစီးလာတဲ့ ဂက်စ်ရေဝင်ရောက်တာရယ်၊ ရေသွင်းရေထုတ်မရှိတာရယ်ကြောင့် အောက်ဆီဂျင်ပြတ်ပြီး သေခဲ့တာလို့ ယူဆပါတယ်"ဟု ချမ်းသာကြီးကျောင်းတိုက် စာချဆရာတော်ကြီးက မိန့်ကြားသည်။

ရေလယ်ဘုရားရေကန်မှ ကျန်ရှိနေသောငါးများ ဆက်လက်အသက်ရှင်စေရန် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုးဦးဆောင်ကာ မီးငြိမ်းသတ်ယာဉ်များဖြင့် ရေစုပ်ထုတ်ခြင်း၊ ရေသွင်းပေးခြင်းဖြင့် အောက်ဆီဂျင်ပြန်လည်ပြည့်ဝစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

### ❍ ဆူဇူကီးဖလားမှ

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် အာဖဂန်နစ္စတန်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် သဘောတူညီမှုရထားပြီးဖြစ်သည်။ ယင်းခြေစမ်းပွဲကို မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကျန်ရှိသည့်ခြေစမ်းပွဲများအတွက် အသင်းများနှင့် ထပ်မံညှိနှိုင်းလျက်ရှိပြီး အဝေးကွင်းများပါ သွားရောက်ကစားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ကာတာနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး တစ်ပတ်ကျော်ကြာမြင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲ နှစ်ပွဲသို့မဟုတ် သုံးပွဲကစားရန် စီစဉ်ထားပြီး ကာတာကလပ်အသင်းများနှင့်သာ ကစားရဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၂၆ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လက်ရှိနည်းပြသစ် ဂျာမန်လူမျိုး အန်တွမ်နီဟေး၏ ပထမဆုံး နိုင်ငံတကာပွဲလည်းဖြစ်ခဲ့သည်။ ယင်းခြေစမ်းပွဲမတိုင်မီ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းနှင့် မန္တလေးမြို့၌ ခြေစမ်းကစားခဲ့ပြီး ပြည်တွင်းနည်းပြများက တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လက ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲအပြီးတွင် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲသာ ကစားထားရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာတွင်ကစားမည့် ခြေစမ်းပွဲအတွက် ယူ-၂၃ အသင်း၏ အာရှအားကစားပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲအတွက်မူ အောက်တိုဘာလဆန်းပိုင်းတွင် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။

**ရှိုင်းထက်ဇော်**

# အမျိုးသမီးလိဂ်တွင် မြဝတီအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၁) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက ဇွဲကပင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။

ဇွဲကပင်အသင်း ရလဒ်ကောင်းရန်ကြိုးပမ်းခဲ့သော်လည်း လက်ရှိချန်ပီယံ မြဝတီအသင်းက ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ဒုတိယနေရာမှ သစ္စာအားမာန်အသင်း အနိုင်ရခဲ့သောကြောင့် မြဝတီအသင်းသည် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၄ မိနစ်နှင့် ၇၁ မိနစ်တွင် ရူပါခိုင်၊ ၂၄ မိနစ်တွင် ဝင်းသီဂီထွန်း၊ ၈၂ မိနစ်တွင် လှယဉ်ဝင်းတို့က သွင်းယူသည်။ ပွဲစဉ် ၁၁ အပြီးတွင် မြဝတီနှင့် သစ္စာအားမာန်အသင်းက ၃၁ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် မြဝတီအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေသည်။ လာမည့်ပွဲများတွင် နှစ်သင်းစလုံး အနိုင်ရပါက ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အောင်ပွဲရ အာဆီယံကျောင်းသား ကစားသမားများ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၇**

မလေးရှားနိုင်ငံ Shah Alam Selangor မြို့၌ အိမ်ရှင်အဖြစ် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ လက်ခံကျင်းပခဲ့သည့် 10th ASEAN School Games ပြိုင်ပွဲဝင် မြန်မာကျောင်းသား ကျောင်းသူ အားကစားခုနစ်ဖွဲ့တွင် ပါဝင်သည့် အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယ အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် အုပ်ချုပ်၊ နည်းပြ၊ ဆေးအဖွဲ့မှတ်တမ်းနှင့် အားကစားသမား စုစုပေါင်း ၁၀၄ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်နှင့် ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ဦးသက်လွင်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိဘဆွေမျိုးများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် စုစုပေါင်း ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး နှစ်ခုရရှိရာ ပြေးခုန်ပစ် အမျိုးသားမီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မောင်မိုင်းညီညီမိုး (အား/ကာသိပ္ပံ-တောင်ကြီး)က ရွှေတံဆိပ်၊ အမျိုးသမီးမီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မလွှီးဇာ(အား/ကာသိပ္ပံ-လွိုင်ကော်)က ငွေတံဆိပ်၊ အမျိုးသမီးမီတာ ၃၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မဇင်မေထက်(အား/ကာသိပ္ပံ-တောင်ကြီး)က ငွေတံဆိပ်၊ အမျိုးသား မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မောင်ဇာနည်ထွန်း (အား/ကာသိပ္ပံ-မန္တလေး)က ကြေးတံဆိပ်၊ အမျိုးသမီး စားပွဲတင်တင်းနစ်အသင်းလိုက်ပြိုင်ပွဲတွင်(အား/ကာသိပ္ပံ-ရန်ကုန်နှင့် အခြေခံပညာကျောင်း)က ပူးတွဲတတိယဆုကို အသီးသီးရရှိခဲ့ရာ နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၇) နေရာရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ❖ ကျော့ဖုံးမှ

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန်နှင့် ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

### ❒ အာရှမှ

ဩဂုတ် ၅ ရက်တွင် တရုတ်ကလပ် ဒါလီယန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ VUC အသင်းသည် ပြိုင်ပွဲနီးမှ ယခင်နည်းပြချုပ် ဦးအောင်အောင်နှင့် လမ်းခွဲခဲ့ပြီး လက်ထောက်နည်းပြ ဦးဇော်ရဲမောင်ကို နည်းပြချုပ်အဖြစ် အာရှဘောလုံးအဖွဲ့ချုပ်ထံ မှတ်ပုံတင်သွင်းခဲ့သော်လည်း နည်းပြလိုင်စင်သတ်မှတ်ချက်ကြောင့် လုပ်ဆောင်ခွင့်မရဘဲ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနည်းပြချုပ် ဦးဌေးမြင့်အား ယခုပြိုင်ပွဲအတွက် နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ VUC အသင်းတွင် လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာပြီး ယခုပြိုင်ပွဲကို ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် VUC အသင်းတွင် အဖွဲ့ခေါင်းဆောင်- ဦးနိုင်သောင်းထိုက်၊ အုပ်ချုပ်သူ- ဦးသောင်းအေး၊ နည်းပြချုပ်- ဦးဌေးမြင့်၊ လက်ထောက်နည်းပြ- ဦးဇော်ရဲမောင်၊ ကြံ့ခိုင်ရေးနည်းပြ- ဦးထွန်းဝင်းဦး၊ ဂိုးနည်းပြ- ဦးမျိုးပိုင်စိုး၊ ဂိုးသမား- ဇော်မျိုးထိုက်၊ မင်းမင်းသိန်း၊ ကစားသမား- စည်သူအောင်၊ နိုင်လင်းထွန်းကျော်၊ ညီညီစံ၊ ဝေဇင်ဦး၊ စိုးလင်းထက်၊ ကောင်းဇော်ထက်၊ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ သီဟစိုး၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ ရှိုင်းထက်မင်း၊ ဖုန်းပြည့်ဝနှင့် ဇော်ဇော်ထွန်းတို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

# ပေါက်ခေါင်းမြို့၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**ပေါက်ခေါင်း ဇူလိုင် ၂၇**

ပေါက်ခေါင်းမြို့နယ် ချောင်းဖောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ယနေ့နံနက် ၇ နာရီက စတုဒိသာအဖြစ် မုန့်ဟင်းခါး၊ ထန်းသီးမုန့်၊ ရွှေချီမုန့်၊ မုန့်ဖက်ထုပ်၊ မုန့်လက်ကောက်၊ မုန့်ဆီကြော်တို့ဖြင့် ကျွေးမွေးပြီး နံနက် ၁၁ နာရီမှစတင်ပြီး အုန်းနို့ခေါက်ဆွဲဖြင့် ကျွေးမွေးရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ဧည့်ပရိသတ် ၁၅၀ ခန့်အနက်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၈ ဦး(မစိုးရိမ်ရ) အစာအဆိပ်သင့်ကာ မူးဝေအော့အန်နေသဖြင့် နေအိမ်အသီးသီးသို့ ပြန်သွားကြပြီး ၎င်းတို့အစီအစဉ်ဖြင့် ညနေ ၄ နာရီခွဲတွင် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်လျက်ရှိရာ ည ၈ နာရီအထိ ပြင်ပလူနာ ၂၇ ဦး၊ အတွင်း လူနာ ၄၉ ဦး အစာအဆိပ်သင့်လူနာ ပေါင်း ၇၆ ဦး(မစိုးရိမ်ရ)ဖြင့် ကုသပေးလျက်ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

# စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၈)အား ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် ကျင်းပခဲ့ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ ဒုတိယသမ္မတက စာရင်းအင်းကော်မတီကို ၂၀၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး ကော်မတီအစည်းအဝေး (၆)ကြိမ်အထိ ကျင်းပနိုင်ခဲ့သော်လည်း စာရင်းအင်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများအား ဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ် ထည့်သွင်းလျက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအဖြစ် ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း တင်ပြခဲ့သည်။ ဤသို့ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၈ စာရင်းအင်းဥပဒေအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီသည် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာအား ချမှတ်အကောင်အထည်ဖော်ရမည့်အပြင် လုပ်ငန်းလမ်းညွှန်မှုများ ချမှတ်ခြင်းနှင့်အတူ လုပ်ငန်းစဉ်များကိုလည်း ဦးဆောင်လုပ်ကိုင်ကြရမည်ဖြစ်သည်။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics -NSDS )၏ အဓိကမူဘောင်တို့ကို ၂၀၁၆ ခုနှစ်ကတည်းက အတည်ပြုပြီးဖြစ်၍ စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief)နှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲချမှတ်နိုင်ရေးအတွက် အုတ်မြစ်ကို ချပြီးဖြစ်သည်။ ဤကဲ့သို့ စာရင်းအင်းကဏ္ဍတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအကြား အလျားလိုက်ပူးပေါင်းဆောင်ရွက်မှု (Horizontal Cooperation) ရှိမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနအလိုက် ဒေါင်လိုက်ပူးပေါင်းဆောင်ရွက်မှု (Vertical Cooperation) လည်း ရှိမည်ဖြစ်သည်။ ဗဟိုကော်မတီအောက်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်သော တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်းလျက် ဗဟိုနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ရန် ဒေါင်လိုက်ပူးပေါင်းမှုကို ဖန်တီးရယူမည်ဖြစ်သည်။

ဖွံ့ဖြိုးမှု မူဝါဒများနှင့် စီမံကိန်းများအပါအဝင် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးမည့် မူဝါဒများ ချမှတ်ရာတွင် စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု-စီးပွားသုတေသန ဆောင်ရွက်သူများ အားလုံးအတွက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးသည် အရေးကြီးသည့် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားစာရင်းအင်းနှင့် အရည်အသွေးပြည့်ဝရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ အဆိုပါ အခြေခံအုတ်မြစ်ခိုင်မာတောင့်တင်းရေးအတွက် ဦးတည်ပြောဆိုခဲ့သော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ရှင်းလင်းတင်ပြမှုတို့သည် နိုင်ငံတော်အစိုးရက ဦးဆောင်အကောင်အထည်ဖော်လျက်ရှိသည့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ(NSDS)၏ အရေးပါပုံကို မီးမောင်းထိုးဖော်ပြလျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။



ဇူလိုင် ၂၃ ရက်က လသာမြို့နယ် ရဲတပ်ဖွဲ့၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးယဉ်ထွေးက အမှတ်(၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံပြီး သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မှုခင်းအသိပညာပေး ဟောပြောစဉ်။

ကိုရဲ

## ဝေရာစနကျောက်စိမ်းစေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကား



**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူကျေးရွာ၌ တည်ထားကိုးကွယ်သည့် ဝေရာစနကျောက်စိမ်းစေတီတော်၌ ဝါဆိုလပြည့်နေ့တွင်ဘုရားဖူးများဖြင့် တိုးမပေါက်အောင်စည်ကားကြောင်း သိရသည်။

ကျောက်စိမ်းစေတီမှာ နေ့စဉ်ဖူးမြော်သူများပြားပြီး အခါကြီးရက်ကြီးများတွင် ဘုရားဖူးများ ပိုမိုများလေ့ရှိရာ တစ်နှစ်ထက်တစ်နှစ် ကြည်ညိုစရာ ဖူးမြော်စရာများစွာတိုးလာသည်။ ကျောက်စိမ်းဖြင့် တည်ထားသော ကိုးတောင်ပြည့် မေတ္တာစေတီနှင့်အတူ ရုပ်တော်မူ ရုပ်ပွားတော်များကိုလည်း အားထားဖူးမြော်လာကြသည်။ ရုပ်တော်မူ ရုပ်ပွားတော်မှာ အရိမေတ္တေယျဘုရားကို ရည်မှန်းပူဇော်ထားပြီး ကံ့ကော်ပင်များပါ စိုက်ပျိုးပေးထားသည်။ ရုပ်ပွားတော် နောက်ခံတွင်လည်း ကံ့ကော်ဥယျာဉ် သဏ္ဌာန်ပုံဖော်ထားပြီး ရုပ်ပွားတော်အောက်ခြေတွင် ညာလက်ပုံစံ ၁၀ ခု ကို ထုဆစ်ပုံဖော်ထားသည်။ ဘုရားဖူးများမှာ ဘုရားဖူးပြီး ညာလက်ပုံအတွင်း မိမိတို့၏ လက်ကိုထည့်ကာ အဓိဋ္ဌာန်ပြုဆုတောင်းကြသည်။ အသစ်ဆောက်လုပ်လျက်ရှိသော ကျောက်စိမ်းလိုဏ်ဂူမှာလည်း လှပသောပန်းပုလက်ရာများနှင့် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

သနပ်ခါး ကျောက်ပျဉ်တွင် စုပေါင်းသနပ်ခါးသွေးကာ လိမ်းခြယ်ပြီး ဘုရားဖူးများပျော်ရွှင်စွာ အလှပြင်နေကြသည့် မြင်ကွင်းကို တွေ့ရသည်။ ကျောက်ပျဉ်ဘေး ကျောက်စိမ်းသောက်ရေသန့်ကန်တွင် ဘုရားဖူးများဖြင့် စည်ကားနေသည်။ လက်ရှိကာလတွင် သဘာဝကျစွာ သစ်လုံးများဖြင့် တည်ဆောက်ထားသော စောင်းတန်းများမှ ရုပ်တော်မူ ရုပ်ပွားတော်၊ ကိုးတောင်ပြည့် မေတ္တာစေတီများကို သွားရောက်ဖူးမြော်ကာ ကျောက်စိမ်းလိုဏ်ဂူကို လေ့လာဖူးမြော်သူများပြားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## ဘားအံမြို့ သေဠမာရ်အောင်ဘုရား၌ (၁၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ



**ဘားအံ ဇူလိုင် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့၌ ဝါတွင်းကာလ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲနှင့် မြို့တွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များနှင့် သီလရှင်များအား ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ဝတ္ထု အစုစုတို့လောင်းလှူပူဇော်ပွဲကို ဓမ္မစကြာအခါတော်နေ့ ဒုတိယဝါဆိုလပြည့် ယနေ့မွန်းလွဲ ၁ နာရီက သေဠမာရ်အောင် ဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

ထိုလောင်းလှူပူဇော်ပွဲကို ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၁ ကျောင်းမှ ရှင်သာမဏေ၊ ရဟန်း၊ သံဃာတော် ၁၇၃၉ ပါး၊ သီလရှင်ကျောင်း ၁၄ ကျောင်းမှ သီလရှင် ၆၃၇ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၃၇၆ ပါး ကြွရောက်ချီးမြှင့်ခဲ့ကြပြီး ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အမှူးပြုသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ စေတနာရှင်ပြည်သူများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၃၀၀၀ ခန့်က ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ဝတ္ထုအစုစုတို့ကို စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြပြီး ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ ကိုယ်စိတ်နှလုံး ပင်ပန်းမှုမရှိစေရန်အတွက် ဘားအံအောင်သုခမ္မရိပ်သာ ယောဂီဟောင်းများက အချိုရည်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် သေဠမာရ်အောင် ဘုရားကြီးဝင်းအတွင်း၌ ဝါတွင်းကာလပတ်လုံး နေ့စဉ် ညနေ ၆ နာရီမှစတင်၍ ဝတ်အဖွဲ့များက အလှည့်ကျ ဓမ္မစကြာရွတ်ဖတ် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စားသုံးသူရေးရာ ပညာပေးဟောပြောခြင်းနှင့် စာဖတ်ရှုမြှင့်တင်ရေး ဟောပြောပွဲကျင်းပ

**သရက် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် စားသုံးသူရေးရာ အသိပညာပေးဟောပြောခြင်းနှင့် စာဖတ်ရှုမြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲက အဆိုပါ မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာနဒုတိယဦးစီးမှူး ဦးအုန်းမြင့်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးရာတွင် စားသုံးသူများ အခွင့်အရေး၊ စားသုံးသူများ သတိပြုရမည့်အချက်များကို ပြောကြားပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက စည်းကမ်းရှိမှ တိုးတက်မည် ခေါင်းစဉ်ဖြင့် ပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပေးခဲ့သည်။ ယင်းနောက် စားသုံးသူရေးရာ ဦးစီးဌာနက ထုတ်ဝေသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ဘီးလင်းမြို့လမ်းပိုင်း ရေကျော်၍ စက်လှေများ အသုံးပြုကာ ကူညီဆောင်ရွက်ပေးလျက်ရှိ

**ဘီးလင်း ဇူလိုင် ၂၇**

ရန်ကုန်-မော်လမြိုင်လမ်းမကြီးပေါ်ရှိ ဘီးလင်းမြို့၌ တောင်ကျရေများ ကျဆင်းသောကြောင့် ဘီးလင်းမြို့ လမ်းပိုင်း ရေကျော်မှုဖြစ်ပွားပြီး ဇူလိုင် ၂၆ ရက် ည ၈ နာရီမှ စတင်၍ ခေတ္တလမ်းပိတ်ထားခဲ့ရကာ ပြည်သူများအနေဖြင့် စက်လှေများကို အသုံးပြုကာ သွားလာနေရကြောင်း မော်လမြိုင်မြို့ရှိ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများထံမှ သိရသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်တို့သည် ယနေ့နံနက် ၁၁ နာရီတွင် ဘီးလင်းမြို့နယ်ရှိ ရေလျှံနေမှုအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ယာဉ်တန်းပိတ်မိနေသောနေရာနှင့် ဘီးလင်းမြို့ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးသို့ သွားရောက်ကြပြီး ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ၊ ရေသန့်များ အမြန်ပေးဝေနိုင်ရေးနှင့် လိုအပ်သည်များကို မေးမြန်းကာ ကူညီဆောင်ရွက်ကြရန် ညွှန်ကြားခဲ့ကြောင်း ဘိုဘိုဝင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ သိရသည်။



မော်လမြိုင် - ရန်ကုန်ကားလမ်း ပိတ်မိနေမှုကြောင့် ယနေ့နံနက်ပိုင်းမှ စတင်၍ အရေးကြီးသူများနှင့် သံဃာတော်များကို ဦးစားပေးအနေဖြင့် တပ်မတော်ကယ်ဆယ်ရေးလှေများ အသုံးပြုကာ ကူညီဆောင်ရွက်ပေးနေကြောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များလည်း လမ်းတားကြိုးများ ချပေး၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘီးလင်းမြို့နယ်တွင် ယနေ့ နံနက်ပိုင်းက ရွာငါးရွာ ရေနစ်မြုပ်နေကြောင်း သတင်းအရ ရွာအတွင်းပိတ်မိနေသူများအား ကနဦးကယ်ထုတ်နိုင်ရန် တပ်မတော်ကယ်ဆယ်ရေးလှေများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများထံမှသိရသည်။ **သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-Zin Moe**

# သနပ်ပင်မြို့နယ်တွင် လေပြင်းတိုက်ခတ် လူနေအိမ်များ ပျက်စီး

**သနပ်ပင် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် ည ၁၀ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ လူနေအိမ် ရာနှင့်ချီ ပြိုကျပျက်စီးခဲ့ကာ ၃၄၂ လုံးမှာ အမိုးလန်ပျက်စီးခဲ့ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ၍ နွားတစ်ကောင် သေဆုံးခဲ့သည်။ ဒဏ်ရာရလူနာများအား နီးစပ်ရာကျန်းမာရေး ဆေးပေးခန်းများတွင် ဆေးကုသပေးလျက်ရှိပြီး လေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းကောက်ယူခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မြို့နယ်တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ဘားအံမြို့နယ်အတွင်း မိုးသက်လေပြင်း တိုက်ခတ်၍ နေအိမ်လေးလုံး ပျက်စီး

**ဘားအံ ဇူလိုင် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့စိန်ဘန်အောက်ကျေးရွာအုပ်စု မူးတခွီးကျေးရွာ၌ ဇူလိုင် ၂၆ ရက်က မိုးသက်လေပြင်းတိုက်ခိုက်မှုကြောင့် နေအိမ်လေးလုံးပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါလေပြင်းတိုက်ခတ်ခြင်းကြောင့် မူးတခွီးကျေးရွာအတွင်း ဒေါ်မူးမူး (လူမနေ)၏နေအိမ်နှင့် ဒေါ်မလှိုင်နေအိမ်တို့ အမိုးလန်ပျက်စီးခဲ့ပြီး ရွာထဲလမ်းရှိ ဓာတ်တိုင်တစ်တိုင် လဲကျပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အိန္ဒြနယ်မြေရဲစခန်းမှ ဒုရဲအုပ်အောင်ကျော်ကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဘားအံမြို့၌ ရေဘေးကယ်ဆယ်ရေစခန်းများ ထပ်မံဖွင့်လှစ်

**ဘားအံ ဇူလိုင် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေ မြင့်တက်နေလျက်ရှိပြီး ဇူလိုင် ၂၇ ရက် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုကို ထပ်မံဖွင့်လှစ်ထားရပြီး နောက်ထပ်လိုအပ်လာပါက ရေဘေးကယ်ဆယ်ရေးစခန်းကို ထပ်မံဖွင့်ရန်ရှိကြောင်း သိရသည်။



ဘားအံမြို့၌ ဇူလိုင် ၂၂ ရက် ညနေပိုင်းမှ စတင်ကာ ၂၆ ရက် နေ့လယ်ပိုင်းထိ သံလွင်မြစ်ရေ တိုးလာမှုကြောင့် ဘားအံမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ကိုးခု၊ ဘားအံမြို့သံလွင်မြစ် အနောက်ဘက်ကမ်းတွင် ရေဘေးကယ်ရေးစခန်းနှစ်ခု စုစုပေါင်း ၁၁ ခု ဖွင့်လှစ်ထားခဲ့ရပြီး အိမ်ထောင်စု ၁၁၀၀ ကျော်၊ လူဦးရေ ၅၉၀၀ ခန့်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ရေသန့်၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ အာဟာရဖြစ်စေသော အစားအစာများအား ကူညီထောက်ပံ့လျက်ရှိကြောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ကလည်း ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-နေမျိုးလွင်(ပြန်/ဆက်)**

**ဓာတ်ပုံ-ဖြိုးဝေဆက်(ဘားအံ)**

# ကျိုက်ထိုမြို့နယ်၌ ရထားလမ်းရေလျှံ၍ ရန်ကုန်-ထားဝယ်ရထားရပ်တန့်စောင့်ဆိုင်းခဲ့ရ

**ကျိုက်ထို ဇူလိုင် ၂၇**

ကျိုက်ထိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၂၆ ရက်ည ၉ နာရီခန့်တွင် သိမ်ဇရပ်ကျေးရွာ စစ်တောင်းတံတား သိမ်ဇရပ်ထိပ်မှ နဝရတ်ရပ်ကွက်ကန်သာယာ ရေကန်အထိ ရန်ကုန်-မော်လမြိုင်ရထားလမ်းမိုင်တိုင် အမှတ်(၇၇/၁၄)နှင့် (၇၇/၂၄)ရှိ ရထားလမ်းပေါ်၌ ရေအမြင့် ၁ ပေ ၆ လက်မခန့် မြင့်တက်လျက်ရှိရာ ရန်ကုန်မှထွက်ခွာလာသော အမှတ်(၁၇၅) အဆန် ရန်ကုန်-ထားဝယ် ခရီးသည်တင်အမြန်ရထားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဘူတာ၌ ရပ်တန့်၍ ရေကျဆင်းမည့်အချိန်အား စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများရှိ

**ပဲခူး ဇူလိုင် ၂၇**

ဇူလိုင် ၂၆ ရက် ည ၁၂ နာရီ ၁၅ မိနစ်က ပဲခူးမြို့ ဟင်္သာကုန်းရပ်ကွက်၊ ကျောက်ဖူးကုန်းရပ်ကွက်၊ ရှင်စောပုရပ်ကွက်များအတွင်း လေပြင်းတိုက်ခတ်ခဲ့သဖြင့် ဈေးဆိုင်ခန်းများ၊ သစ်ပင်များ ပျက်စီးဆုံးရှုံးခဲ့ပြီး လူအသေအပျောက် ရှိ၊ မရှိ စုံစမ်းဆဲဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သိမ်ဇရပ်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်သဖြင့် လူနေအိမ်အချို့ပျက်စီး

**သိမ်ဇရပ် ဇူလိုင် ၂၇**

မွန်ပြည်နယ် သိမ်ဇရပ်မြို့၌ ဇူလိုင် ၂၆ ရက် ညပိုင်းက ရုတ်တရက် လေဆင်နှာမောင်း တိုက်ခတ်သဖြင့် လူနေအိမ်အချို့ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်ခန့်က သိမ်ဇရပ်မြို့ သုံးအိမ်စုရပ်ကွက်နှင့် ပေရှစ်ဆယ်ရပ်ကွက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေစဉ် ရုတ်တရက်လေဆင် နှာမောင်းတိုက်ခတ်သဖြင့် လူနေအိမ် ၁၉ လုံး ပျက်စီးပြီး သစ်ပင်ကြီးငယ်များပြိုလဲခြင်း၊ စိုက်ထူထားဆဲ လျှပ်စစ်မီးတိုင်တစ်တိုင် ကျိုးကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ရဲခေါင်ဦး**




# တွံတေးမြို့နယ်၌ YBS(23) ယာဉ်လိုင်းသစ် စမ်းသပ်ပြေးဆွဲ

**တွံတေး ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် စံဝေလအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ဦးဆောင်၍ YBS(23) ယာဉ်လိုင်းကို ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီက စတင်၍ မူးလမန်းကျေးရွာရှိ စက်မှုလယ်ယာဝင်းအတွင်း ဂိတ်ပြုလုပ်၍ထွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ YBS(23) ယာဉ်လိုင်းတွင် တွံတေးမှ ဒလမြို့သို့ ယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ တွံတေး-လှိုင်သာယာ-ထန်းတပင် (အနောက်ပိုင်းတက္ကသိုလ်) အထိ ယာဉ်နှစ်စီးဖြင့်လည်းကောင်း စမ်းသပ်ပြေးဆွဲမည်ဖြစ်သည်။ ဇူလိုင် ၂၇ ရက်သည် "ဝါဆိုလပြည့်"နေ့ဖြစ်သည့်အတွက် ခရီးသွားပြည်သူများအား တစ်နေ့တာအခမဲ့ပို့ဆောင်ပြေးဆွဲပေးကြောင်း သိရှိရပြီး ဇူလိုင် ၂၈ ရက်မှ စတင်၍ တွံတေး-ဒလ ခရီးစဉ် အစ၊ အဆုံး ယာဉ်စီးခကျပ် ၅၀၀ ခရီးတစ်ဝက် ယာဉ်စီးခ ကျပ် ၃၀၀ ဖြစ်ပြီး တွံတေး-လှိုင်သာယာ-ထန်းတပင် (အနောက်ပိုင်းတက္ကသိုလ်)ခရီးစဉ် အစ၊ အဆုံး ကျပ် ၈၀၀ ခရီးတစ်ဝက်ကို ကျပ် ၄၀၀ ဖြင့် လည်းကောင်း၊ YBS(23) စမ်းသပ်ပြေးဆွဲမည်ဖြစ်သည်။

ဒေသခံတစ်ဦးက "တွံတေးလိုင်းကို YBS ယာဉ်လိုင်းပြေးဆွဲသင့်တာကြာပါပြီ။ လက်လုပ်လက်စားတွေ နေ့စဉ်ရန်ကုန်ရုံးတက်တဲ့သူတွေအတွက် အဆင်ပြေသွားတာပေါ့။ ရေရှည်ပြေးဆွဲရင် ပြည်သူတွေ ဝမ်းသာမှာပါ" ဟု ပြောသည်။ **မျိုးလှိုင်(တွံတေး)**

# အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆုရ သစ်တောသုတေသနဌာနမှ ထုတ်လုပ်သည့် အဝေမ်းမီးဖို

■ ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသန)

ယနေ့အချိန်အခါတွင် အဝေမ်းစွမ်းအားမြင့်မီးဖိုဟု ပြောလိုက်သည်နှင့် ကျေးလက်ဒေသနေ ပြည်သူများအနေဖြင့် ရင်းနှီးကျွမ်းဝင် သိရှိပြီး ဖြစ်သည်။ အထူးသဖြင့် လျှပ်စစ်မရှိသည့် ကျေးရွာများ၊ ကျေးလက်ဒေသမှ အိမ်ရှင်မများ၊ ပြည်သူများအကြား ရေပန်းစားလှသည့် ထင်းလောင်စာကုန်သက်သာသည့် မီးဖိုဟု သိရှိကြသည်။

"ထင်ပေါ်ရင် စင်တော်ကကောက်" ဆိုသည့်စကားအတိုင်း အဝေမ်းစွမ်းအားမြင့်မီးဖိုသည် ယခုနှစ်အတွက် ချီးမြှင့်သည့် အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဆုအတွက် ရွေးချယ်ခြင်းခံခဲ့ရသည်။ အဆိုပါဆုကို ပြိုင်ဘက်များအပေါ် ဖြတ်ကျော်အနိုင်ရယူ ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါဆုရွေးချယ်ချီးမြှင့်သည့် သတင်းကို ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (UNEP) နှင့်ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ အဓိက ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန် ဖန်တီးနိုင်စွမ်းရှိသော သုတေသီများ၊ ပြည်သူများသည် ကြီးကျယ်သော စီမံကိန်းကြီးများကို အကောင်အထည်ဖော်လျက်ရှိသည် ဟူသော သတင်းကို ဖြန့်ဝေလိုခြင်း၊ အဆိုပါ သုတေသီများကို အားပေးကူညီလိုသောကြောင့် ဤဆုကို ချီးမြှင့်ရခြင်းဖြစ်သည်ဟု ဆို၏။

သစ်တောသုတေသနဌာန သစ်တောဦးစီးဌာနသည် အဆိုပါဆုအတွက် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖန်တီးတီထွင်ထားသည့် စွမ်းအားမြင့်မီးဖိုများ ဟူသော ခေါင်းစဉ်ဖြင့် အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆုအတွက် ပေးပို့ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆုအတွက် နိုင်ငံပေါင်း ၁၈၀ မှ ယှဉ်ပြိုင်အဆိုပြုလွှာ ၂၀၀၀ ရှိခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့က နိုင်ငံအလိုက် ဆုများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆုကို ၁၉၉၉ ခုနှစ်တွင် ဩစတြီးယားလူမျိုး စွမ်းအင်ပညာရှင် Wolfgang Neumann က စတင်တီထွင် ချီးမြှင့်ခဲ့ပြီး ယခုအခါ အလွန်ဂုဏ်သိက္ခာအကြီးမားဆုံးသော ပတ်ဝန်းကျင်ဆိုင်ရာဆုများအနက် တစ်ခုအပါအဝင် ဖြစ်နေပေပြီ။ ၂၀၁၇ ခုနှစ်အတွက် ဝမ်းတွင်းမြို့နယ် ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းက ရရှိခဲ့သည်။

> ❛ခေတ်တွေ ဘယ်လိုပြောင်းပြောင်း အဝေမ်းမီးဖို၏ စွမ်းဆောင်ရည်များကြောင့် ယနေ့ထက်တိုင် "ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်"အဖြစ် အောင်ပွဲခံနေဆဲဖြစ်သည်။ သစ်တောသုတေသနဌာန (ရေဆင်း)တွင်သာမက ဒေသခံပြည်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သစ်တောသုတေသနဌာနက သင်တန်းပေးထားသော ဒေသခံပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ထုတ်လုပ်လျက်ရှိသော အဝေမ်းမီးဖိုများသည် မြန်မာပြည်အနှံ့ကျော်ကြားဆဲ၊ အသုံးတော်ခံဆဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထုအတွက် အကျိုးပြုဆဲဖြစ်သည်❜

**အဝေမ်းမီးဖို**

မြန်မာနိုင်ငံ မြို့ပြ၊ ကျေးလက်ပြည်သူလူထု အများစုမှာ နေ့စဉ်လူနေမှုဘဝအတွက် ထင်း၊ မီးသွေးကို အသုံးပြုလျက်ရှိကြသည်။ ထင်းလောင်စာလိုအပ်ချက် မြင့်မားလာသည်နှင့်အမျှ သဘာဝတောများမှ ထုတ်ယူမှုရရှိနိုင်သော ပမာဏထက်ပိုမိုများပြားလာပြီး သဘာဝတောများ စဉ်ဆက်တည်တံ့မှုကို ခြိမ်းခြောက်လာခဲ့သည်။ ထို့ကြောင့် သစ်တောသုတေသနဌာနအနေဖြင့် ထင်းလောင်စာအသုံးပြုရမှုသက်သာသည့် အိမ်သုံးမီးဖိုများ စမ်းသပ်ပြုလုပ်ခြင်း သုတေသနလုပ်ငန်းကို ၁၉၈၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ နောင်တွင် "အဝေမ်း စွမ်းအားမြင့်မီးဖို" ဟု အမည်တွင်လာမည့် အိမ်သုံးထင်းမီးဖို တစ်မျိုးကို ၁၉၉၁ ခုနှစ်တွင် စတင်စမ်းသပ်ခဲ့ကြသည်။

အာရှဒေသဆိုင်ရာ ထင်းလောင်စာစွမ်းအင် ဖွံ့ဖြိုးမှုအစီအစဉ်မှ သစ်တောသုတေသနဌာနသို့ ပေးပို့ခဲ့သော အိမ်သုံးထင်း၊ မီးသွေးမီးဖို ပုံစံအမျိုးမျိုးကို အခြေခံပြီး စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်ခဲ့သည်။ ရရှိလာသည့် အတွေ့အကြုံ၊ စာတွေ့၊ လက်တွေ့သုတေသနရလဒ်များကို အခြေခံပြီး မီးဖိုကို ကြာရှည်ခံနိုင်ရည်ရှိရန် ရွှံ့၊ စပါးခွံနှင့် ဖွဲပြာတို့ကို အချိုးအစား အမျိုးမျိုး ရောနှောလျက် အကြိမ်ကြိမ်စမ်းသပ်ခဲ့ပြီး မီးဖိုပေါင်း ၅၀၀ စမ်းသပ် ထုတ်လုပ်ခဲ့ပြီး အနီးအနား ကျေးရွာများသို့ ဖြန့်ဝေသုံးစွဲစေကာ မီးဖိုများ၏ စွမ်းဆောင်ရည်၊ ဒေသခံပြည်သူများ၏ မီးဖိုအပေါ် ရှုမြင်မှု၊ ထင်းလောင်စာကုန်ကျမှုတို့ကို စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်ခဲ့သည်။

အဝေမ်းမီးဖို၏ စွမ်းဆောင်နိုင်ရည်များက များပြားလှသည်။ မိရိုးဖလာ ကျောက်ခဲဖိုခုံလောက်ဆိုင် ထင်းသုံးစွဲမှုထက် အဝေမ်းစွမ်းအားမြင့်မီးဖိုသည် ၄၀ ရာခိုင်နှုန်း ထင်းလောင်စာကုန်ကျမှု သက်သာလျက်ရှိသည်။ ထို့အပြင် အောက်ဖော်ပြပါ စွမ်းဆောင်ရည်များရှိသည်-

(က) ယခင် သုံးနေကျ ထင်းကို အသုံးပြုနိုင်ခြင်း၊
(ခ) မီးမွှေးရာတွင် လွယ်ကူခြင်း၊
(ဂ) မီးခိုးထွက်မှုလျော့နည်းပြီး မီးတောက်လွယ်ခြင်း၊
(ဃ) အပူရှိန်ပြင်းသဖြင့် ချက်ပြုတ်ရာတွင် မြန်ခြင်း၊
(င) ဝန်ကျဉ်းပြီး ပြောင်းရွှေ့ရလွယ်ခြင်း၊
(စ) မီးပူဟပ်ခြင်း လျော့နည်းသဖြင့် လူပင်ပန်းမှု သက်သာခြင်း၊
(ဆ) မီးပူ၍ မျက်စိကျိန်းခြင်း၊ မျက်ရည်ပူကျခြင်းတို့မှ ကင်းဝေးခြင်း၊
(ဇ) ပြာ၊ မီးသွေး စသည်တို့ ညစ်ပေခြင်းမှ သက်သာပြီး မီးဖိုချောင်ပိုမိုသန့်ရှင်းစေခြင်း၊
(ဈ) မီးပျံ့လွင့်မှု နည်းပါးသဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊
(ည) သမားရိုးကျ ဖိုခုံလောက်မီးဖိုနှင့် နှိုင်းစာလျှင် ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်း သက်သာခြင်း၊
(ဋ) အခြားလယ်ယာ စွန့်ပစ်ပစ္စည်းများ၊ လောင်စာတောင့်များလည်း အသုံးပြုနိုင်ခြင်း၊
(ဌ) အဖိုးနှုန်းချိုသာခြင်းနှင့် သင့်လျော်သော ခိုင်ခံ့မှုရှိခြင်း စသည့် စွမ်းဆောင်ရည်များရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

သုတေသနရလဒ်များကို ပြည်သူအများအကြား ဖြန့်ဝေရန် အလို့ငှာ ပထမဦးဆုံး အဝေမ်းစွမ်းအားမြင့် မီးဖိုသရုပ်ပြပွဲကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့ ကံဘဲ့ရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသန ဖွံ့ဖြိုးမှုဌာနတွင် စတင်မိတ်ဆက်ပြသနိုင်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ဒေသခံပြည်သူများအကြား အဝေမ်းစွမ်းအားမြင့်မီးဖို အကျိုးကျေးဇူးများ သိရှိနိုင်ရန်၊ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြစေရန် ရည်ရွယ်ပြီး တိုးချဲ့ပညာပေးရေး လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ပိုစတာ၊ လက်ကမ်းစာစောင်များ ရိုက်နှိပ်ပြီး ပြခန်းလာ ပြည်သူများ၊ ဟောပြောပွဲလာ ပြည်သူများအား ဖြန့်ဝေခဲ့သည်။

သစ်တောဦးစီးဌာနသည် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကျေးရွာဘက်စုံသုံး ထင်းစိုက်ခင်းစီမံကိန်း၊ ရေဝေရေလဲစီမံကိန်းများ အကောင်အထည်ဖော်လာခြင်းနှင့်အတူ အဆိုပါ စီမံကိန်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ကျေးရွာများအတွက် အဝေမ်းမီးဖိုအများအပြားကို သစ်တောသုတေသနဌာန (ရေဆင်း) မှ ယူခဲ့ကြသည်။ အဝေမ်းမီးဖိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် သစ်တောသုတေသနဌာနတွင် အဝေမ်းမီးဖို ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို ၁၉၉၄ ခုနှစ် အောက်တိုဘာလတွင် တည်ထောင်ခဲ့ပြီး စီးပွားဖြစ် စတင်ထုတ်လုပ်ရောင်းချခဲ့သည်။

တစ်ချိန်တည်းတွင် ထိရောက်ကျယ်ပြန့်သော အဝေမ်းမီးဖို ထုတ်လုပ်မှုဖြစ်စေရန်၊ နေရာအနှံ့အပြားတွင် ထုတ်လုပ်ဖြန့်ဝေနိုင်ရန်နှင့် ကျေးလက်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားစေရန် ရည်ရွယ်ပြီး အဝေမ်းမီးဖို ထုတ်လုပ်သည့်သင်တန်းကို ၁၉၉၅ ခုနှစ် ဧပြီလမှစတင်ပြီး ဖွင့်လှစ်ပို့ချခဲ့သည်။ ယနေ့အချိန်အထိလည်း သစ်တောသုတေသနဌာန (ရေဆင်း)တွင် အဝေမ်းမီးဖိုများ ထုတ်လုပ်ခြင်း၊ သင်တန်းပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံနှင့်တစ်ဝန်း အဝေမ်းမီးဖို ထုတ်လုပ်ဖြန့်ချိနေသည့် ကျေးလက်ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် အမြောက်အမြားရှိနေပြီဖြစ်သည်။ သစ်တောသုတေသနဌာန (ရေဆင်း)၏ သုတေသနရလဒ် အသီးအပွင့်များပါပေ။

**အဝေမ်းမီးဖိုအကျိုးကျေးဇူးများ**

သမားရိုးကျ ဖိုခုံလောက်မီးဖိုများအစား အဝေမ်းမီးဖိုများ အစားထိုးအသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိခံစားကြရသည်။ အဝေမ်းမီးဖိုများကို အသုံးပြုခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည်-

(က) ထင်းကုန်ကျမှု သက်သာပြီး မီးဖိုချောင်စရိတ် လျော့နည်းလာနိုင်ခြင်း၊
(ခ) ထင်းခွေသူများအတွက် ထင်းအသုံးပြုမှု ၄၀ ရာခိုင်နှုန်း သက်သာခြင်း၊
(ဂ) ထင်းခွေချိန် သက်သာသဖြင့် အခြားဝင်ငွေရ လုပ်ငန်းများအတွက် အချိန်ပိုပေးနိုင်ခြင်း၊
(ဃ) ထင်းခွေရသော ကလေးများအတွက် ထင်းခွေချိန်သက်သာသဖြင့် ပညာရေးအတွက် အချိန်ပိုပေးနိုင်ခြင်း၊
(င) မီးခိုးထွက် လျော့နည်းသဖြင့် မိခင်နှင့် ကလေးများ မျက်စိ၊ လည်ချောင်းနှင့် အဆုတ်ရောဂါများမှ ကင်းဝေးစေခြင်း၊
(စ) ချက်ပြုတ်ရာတွင် လျင်မြန်လွယ်ကူပြီး စရိတ်အကုန်အကျသက်သာသဖြင့် အိမ်ရှင်မတိုင်း နှစ်သက်ဝမ်းသာနိုင်ခြင်း၊
(ဆ) ထင်းသုံးစွဲမှု လျော့နည်းလာသည်နှင့်အမျှ ထင်းအတွက် သစ်ပင်ခုတ်ထွင်ရမှု လျော့နည်းလာပြီး သစ်တောများကို တစ်ဖက်တစ်လမ်းမှ ကူညီထိန်းသိမ်းနိုင်ခြင်း၊
(ဇ) သစ်တောများ မပြုန်းတီးစေရန် ထိန်းသိမ်းပေးခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းကို အထောက်အကူပြုခြင်း၊
(ဈ) နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်သည်။

**အဝေမ်းမီးဖိုနှင့် အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဆု**

ခေတ်တွေ ဘယ်လိုပြောင်းပြောင်း အဝေမ်းမီးဖို၏ စွမ်းဆောင်ရည်များကြောင့် ယနေ့ထက်တိုင် "ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်" အဖြစ် အောင်ပွဲခံနေဆဲဖြစ်သည်။ သစ်တောသုတေသနဌာန (ရေဆင်း)တွင်သာမက ဒေသခံပြည်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ သစ်တောသုတေသနဌာနက သင်တန်းပေးထားသော ဒေသခံပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ထုတ်လုပ်လျက်ရှိသော အဝေမ်းမီးဖိုများသည် မြန်မာပြည်အနှံ့ကျော်ကြားဆဲ၊ အသုံးတော်ခံဆဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထုအတွက် အကျိုးပြုဆဲဖြစ်သည်။ နှစ်ပေါင်းများစွာ လေ့လာဆည်းပူး၊ သုတေသနပြု တီထွင်ဖန်တီးခဲ့သည့် သုတေသီပညာရှင်များ၏ ဂုဏ်ကျေးဇူးကို တသသ အောက်မေ့သတိရ ကျေးဇူးတင်ရသကဲ့သို့ ခေတ်အဆက်ဆက် အဝေမ်းမီးဖို သုတေသနပြု၊ ထုတ်လုပ်၊ နည်းပညာဖြန့်ဖြူးလျက်ရှိသော သစ်တောသုတေသနဌာန၏ သုတေသီများကိုလည်း အထူးကျေးဇူးတင်စရာ ကောင်းလှသည်။ စဉ်ဆက်မပြတ်ထိန်းသိမ်း၊ ခေတ်နှင့်အညီ တိုးတက်အောင် တီထွင်ကြံဆ၊ အဝေမ်းမီးဖိုကို အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆုရရှိစေရန်၊ ကမ္ဘာက အသိအမှတ်ပြုရန် ကြိုးပမ်းဆောင်ရွက်ကြသူများကိုလည်း ကျေးဇူးအထူးတင်ထိုက်၏။ သစ်တောသုတေသနဌာနအနေဖြင့် အဝေမ်းမီးဖို အကြောင်းပြု၍ "အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆု" ရရှိခဲ့သည့် နှစ်မှသည် နောင်အနာဂတ် နှစ်ပေါင်းများစွာတိုင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် သုတေသနလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

**ကိုးကား**

(၁) ဦးဝင်းကြည် (၁)၊ အဝေမ်းမီးဖို ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲမှုကို လေ့လာခြင်း၊
(၂) သစ်တောသုတေသန(ရေဆင်း)မှ ထုတ်ဝေသည့် "အဝေမ်းမီးဖို အကြောင်း သိကောင်းစရာ" လက်ကမ်းစာစောင်
(၃) www.energyglobe.info

# မိုင်းဆတ်-မိုင်းခုတ်လမ်း မြေပြိုမှုကြောင့် လမ်းလုပ်သားသုံးဦး မြေပိပျောက်ဆုံး

**မိုင်းဆတ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့၌ ဇူလိုင် ၂၆ ရက်ညပိုင်းနှင့် ၂၇ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဆတ်-မိုင်းခုတ်သွားလမ်းမ သဲတောင် ၂၃ ကီလိုမီတာတွင် လမ်းခင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိသော အလုပ်သမားများနေထိုင်သည့် ယာယီတဲတန်းပေါ်သို့ ကျောက်တုံးများနှင့် မြေသားများပြိုကျမှုကြောင့် တဲအတွင်းအိပ်နေသော အလုပ်သမားများအနက် ဦးတင်လင်း၊ ဦးစိုးပိုင်နှင့် ဦးဇော်ဦးတို့သုံးဦး မြေပိပျောက်ဆုံးလျက်ရှိကြောင်း သိရသဖြင့် မွန်းလွဲ ၁ နာရီခန့်က မြို့အုပ်ချုပ်ရေးမှူး ဦးလင်းမင်းထွန်း၊ နယ်မြေစခန်းမှူး ရဲအုပ်ညွန့်ဝင်းဆွေနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကူညီရှာဖွေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီက မိုင်းဆတ်-မိုင်းခုတ်သွားလမ်းမ ရှုခင်းသာ(၂)ကျေးရွာအနီးနှင့် လွယ်ဆောင်ကျေးရွာအနီးတို့တွင် မြေပြိုပြီး ကားလမ်းပိတ်ဆို့နေ၍ ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းဦးစီးဌာနမှ ဘက်ဟိုးယာဉ်တစ်စီးဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ခရိုင်လမ်းဦးစီးမှူး ဦးမျိုးဇာနည်ဦး၊ မိုင်းဆတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအောင်နိုင်ရွှေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**






# မြန်မာ့ရိုးရာအစားအစာပြပွဲ-၂၀၁၈ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့ရိုးရာအစားအစာများနှင့် ဒေသအလိုက် လူကြိုက်များထင်ရှားသော ရိုးရာအစားအစာများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုသိရှိစေရန်အတွက် မြန်မာ့ရိုးရာအစားအစာပြပွဲ- ၂၀၁၈(Myanmar Traditional Food Show 2018)ကို ပုဂံမြို့ရှိ လောကနန္ဒာဘုရားဈေးပွဲတော်တွင် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာကျင်းပမည်ဖြစ်ရာ ပုဂံဒေသရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကိုလေ့လာရင်း မြန်မာ့ရိုးရာအစားအစာများကို လာရောက်အားပေးသုံးဆောင်နိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ဇူလိုင် ၂၄ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | သချ်ာကိုပို၍ ပျော်ရွှင်ဖွယ်ကောင်းအောင် ပြုလုပ်ခြင်း | တင်ရွှေစာတည်း | ၂၅၀၀ | တင်ရွှေစာပေ |
| ၂။ | အလွဲကမ္ဘာ့ဟာသများ | မောင်ဒိုးခ | ၉၀၀ | စိတ်ကူးချိုချို |
| ၃။ | မြေကြီးရှာသူများ | မြတ်ငြိမ်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄။ | လုပ်ငန်းခွင်ထဲက မိခင်ကောင်းတစ်ဦး၏ဘဝ | လှိုင်မြင့်ကြည် | ၁၀၀၀ | စိတ်ကူးချိုချို |
| ၅။ | ဂါမသီမာဒ်ဝိနိစ္ဆယ | ဘဒ္ဒန္တသုမေဓာ စာရာဘိဝံသ | ၅၅၀၀ | မိခင်ဇရာဝတီ |
| ၆။ | လယ်တီဝိပဿနာအမှတ်(၃၇)ကျမ်းစာ | ဘဒ္ဒန္တသုမေဓာ စာရာဘိဝံသ | ၆၅၀၀ | မိခင်ဇရာဝတီ |
| ၇။ | မဂ်စခန်းညဏ်လမ်းသို့သွားရာ သိမှတ်စရာပဒေသာ | သက်ဇော်ကို | ၃၅၀၀ | မျိုးဆက်သစ် |
| ၈။ | သူ့အတွက် | ကောင်းစံသာ (ရေကြည်) | ၂၅၀၀ | ယဉ်မျိုး |
| ၉။ | ပန်းပွင့်နီနီနိုင်ငံတကာကလေးဝတ္ထုတိုများ | မိုးဇော်စိုး | ၂၀၀၀ | ခူဝံ |
| ၁၀။ | ရှုးသွပ်ခြင်း၏ဇာစ်မြစ် | တင်မောင်မြင့် | ၄၀၀၀ | Global Piece Group |
| ၁၁။ | မဖြေရှင်းနိုင်သောကမ္ဘာကျော် ပဟေဠိများ-၁၂ | ကိုဆွေ(ပန်ဒိုရားမား) | ၃၈၀၀ | ပန်ဒိုရားမား |
| ၁၂။ | ဖတ်, မှတ်, ကျင့်ကြံလျှောက်ရာ လမ်းမှန်သတိပဋ္ဌာန် | သက်ဇော်ကို | ၅၀၀၀ | မျိုးဆက်သစ် |
| ၁၃။ | ချစ်တာနှင့်မေတ္တာအပါအဝင် အခြားဆောင်းပါးများ | ဟန်လှကြည် | ၃၅၀၀ | Myanmar Heritage |
| ၁၄။ | အာဏာရှင်စနစ်ကို တော်လှန်သူ(သို့မဟုတ်) ဗိုလ်ကြီးအုန်းကျော်မြင့် | လှမျိုးထွန်း | ၁၅၀၀ | ယဉ်မျိုး |
| ၁၅။ | ပါရမီဖက်ခင်ပွန်း | ငြိမ်းကျော် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၆။ | ရာပြည့်သမိုင်းဒေဝီ | ကလောင်စုံ | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၇။ | ကမ္ဘာတစ်ပတ်ရက် (၈၀) | သက်ဦးတင် | ၂၀၀၀ | ခူဝံ |
| ၁၈။ | အမျိုးသားရေးသရဏာရုံ | ဘိက္ခုဘောသ်တ (ဘားအံ) | ၂၅၀၀ | ရန်အောင်(၂) |
| ၁၉။ | ဒီမိုကရေစီခေတ် အမျိုးသားရေး ခေတ်ပြိုင်သမိုင်း | ငြိမ်းချမ်းသာ | ၁၅၀၀ | ရန်အောင်(၂) |
| ၂၀။ | အာကာသ | နိုင်ဇော် | ၂၀၀၀ | သီရိဝဏ္ဏ |
| ၂၁။ | ထွက်ပေါက်နှင့် ပညာရေးနယ်ပယ်၏ နောက်ကွယ်မှရန်စွယ်များ | ဆရာကြီးဦးကျော်ဝင်း | ၂၅၀၀ | ဗညား |
| ၂၂။ | မေတ္တာကိုအခြေပြု၍ ကိုယ်တိုင်စတင်ခြင်း | ကလောင်စုံ | ၃၅၀၀ | စာပေခရီးသွား |
| ၂၃။ | ဝိသမလောဘအေးမားပြနှင့် အခြားစာစုများ | ကလောင်စုံ | ၄၀၀၀ | ရှင်မတောင် |
| ၂၄။ | NO | စုခြည်ကို | ၃၅၀၀ | ရွှေလက် |
| ၂၅။ | လိုတရလက်တွေ့ရေးအင်္ဂလိပ်စာ | ဆရာဦးတင့်ထွန်း(UTT) | ၄၅၀၀ | အရုဏ်သစ် |
| ၂၆။ | နိုင်ငံတကာအနှိပ်ပညာလက်စွဲကျမ်း | ဦးသိန်းအောင်လှိုင် | ၆၀၀၀ | စိတ်ကူးချိုချို |
| ၂၇။ | ဒေါက်တာဂျက်ကဲလ်၏ မစ္စတာပရိုက်ဒ် | ကျော်ထက်ထွန်း | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၈။ | ကြီးပွားချမ်းသာခြင်းသို့ ရက် ၉၀ စီမံကိန်း | ကောင်းသာ | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၉။ | မြန်မာအစနှင့် ရှေးဟောင်းမြန်မာရာဇဝင် ယဉ်ကျေးမှုသုတေသန | ဦးဖိုးလက် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၀။ | မောင်သက်ငြိမ်ကဗျာများ | မောင်သက်ငြိမ် | ၂၀၀၀ | နှစ်ကာလများ |
| ၃၁။ | အိပ်မက်ထဲ၌တွေ့ရှိသော မြို့တော်အက်ဆေးများ | ကြူးနစ် | ၃၀၀၀ | နှစ်ကာလများ |
| ၃၂။ | ဘောင်းဘီဝတ်မိုးတိမ် | မောင်သာနိုး | ၂၅၀၀ | နှစ်ကာလများ |
| ၃၃။ | ဂျစ်ပစီတစ်ယောက်ရဲ့ ရင်ကွဲပက်လက်လမ်းဆုံး | မင်းခိုက်စိုးစန် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၃၄။ | စိတ်ပျော်အောင်နေအသက်ရှည်နှင့် ကျန်းမာစွာနေထိုင်နည်းများ | ကြည်လွင်မြင့်(မုဒြာ) | ၂၀၀၀ | အလင်းသစ် |
| ၃၅။ | ကိုယ့်ဘဝအတွက် ကိုယ်သာ ယုံကြည်အားထားရာ | အလင်းပွင့် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၆။ | ခိုးစားတဲ့သစ်သီး | မောင်သာနိုး | ၃၇၀၀ | စိတ်ကူးချိုချို |
| ၃၇။ | ချစ်သူနဲ့တစ်မိနစ်တစ်စက္ကန့် | လရောင်ကျူးရင့် | ၂၅၀၀ | ပတ္တမြားသိုက် |
| ၃၈။ | အစမရှိအဆုံးမရှိသောအရာများ | ဦးကျော်နိုင် | ၄၀၀၀ | ဆုပြည့်စုံထွန်း |
| ၃၉။ | ကုသိုလ်မဖြစ်ကုသိုလ်ဖြစ်သောအလှူဒါန | ဦးကျော်နိုင် | ၃၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၀။ | RFA ကိုခင်မောင်စိုး၏ အင်တာဗျူးများ | - | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၁။ | ခေတ်ပြိုင်ဝတ္ထု | သူရိန်(လူလေး) | ၃၀၀၀ | Myanmar Knowledge Society |
| ၄၂။ | အိမ်ပြေး | နေထက်ထွန်း | ၂၀၀၀ | ယဉ်မျိုး |
| ၄၃။ | ဓမ္မဂါထာပဒေသာ(ဒုတိယတွဲ) | အရှင်အဂ္ဂသာရ (ဓမ္မာစရိယ) | ၁၅၀၀ | ရွှေကျောင်းပျော် |
| ၄၄။ | ဓမ္မဂါထာပဒေသာ(တတိယတွဲ) | အရှင်အဂ္ဂသာရ (ဓမ္မာစရိယ) | ၁၅၀၀ | ရွှေကျောင်းပျော် |

# ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးခဲ့သော အမေရိကန်စစ်သည်များ၏ ရုပ်ကြွင်းများကို မြောက်ကိုရီးယားမှ ပြန်လည်သယ်ဆောင်

**ဆိုးလ် ဇူလိုင် ၂၇**
အမေရိကန်စစ်ဘက်မှ လေယာဉ်တစ်စင်းသည် ရုပ်ကြွင်း ၅၀ ကျော်ကို သယ်ဆောင်လျက် ဇူလိုင် ၂၇ ရက်တွင် မြောက်ကိုရီးယားနိုင်ငံမှ တောင်ကိုရီးယားသို့ ပျံသန်းလာခဲ့ကြောင်း၊ ယင်းရုပ်ကြွင်းများ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကျေးဇူးတင်စကားဆိုခဲ့ကြောင်း သမ္မတထရမ့်၏ အင်တာနက်တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြထားသည်။

ကိုရီးယားစစ်ပွဲပြီးဆုံးခြင်း (၆၅)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အမေရိကန်စစ်သည်များ၏ ရုပ်ကြွင်းများကို ပြန်လည်လွှဲပြောင်းပေးအပ်ရန် လွန်ခဲ့သည့်လအတွင်းက စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲတွင် အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ သဘောတူညီခဲ့ကြသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးနောက် ယခုကဲ့သို့ ရုပ်ကြွင်းများပြန်လည်ပေးအပ်ခြင်းသည် သက်ဆိုင်ရာစစ်မှုထမ်းဟောင်းများ၏ မိသားစုဝင် အများအပြားအတွက် ကြီးမြတ်သော အခါသမယဖြစ်၍ ကင်ဂျုံအန်အား ကျေးဇူးတင်ရှိကြောင်း ထရမ့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

အမေရိကန်စစ်သည်များ၏ ရုပ်ကြွင်းများ ပြန်လည်ရရှိခြင်းသည် အပြုသဘောဆောင်သည့် အပြောင်းအလဲဖြစ်ပေါ်လာစေရန် တွန်းအားတစ်ရပ်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ကိုရီးယားစစ်ပွဲကာလအတွင်း မြောက်ကိုရီးယားနိုင်ငံတွင် ပျောက်ဆုံးနေသော အမေရိကန်စစ်သည် ၅၃၀၀ ခန့်ကို မြေပြင်ကွင်းဆင်းရှာဖွေမှု ပြုလုပ်လာနိုင်စေရေးအတွက် ပဏာမအဆင့်လည်းဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အမေရိကန်စစ်သည် ၅၅ ဦး၏ ရုပ်ကြွင်းများကို တင်ဆောင်ထားသည့် စီ-၁၇ အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်သည် မြောက်ကိုရီးယားနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့ ဝန်ဆမ်မှ ပျံသန်းထွက်ခွာလာခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ အိုဆန်မြို့ရှိ အမေရိကန်လေတပ်အခြေစိုက်စခန်းတွင် ဆင်းသက်ခဲ့ရာ တောင်ကိုရီးယားနှင့် အမေရိကန်စစ်သည်များက အခမ်းအနားဖြင့် ကြိုဆိုကြသည်။

အဆိုပါ လေယာဉ်တွင် အမေရိကန်စစ်သည် ၅၅ ဦးတို့၏ ရုပ်ကြွင်းများပါရှိကြောင်း တောင်ကိုရီးယားအခြေစိုက်ကုလသမဂ္ဂစစ်ဌာနချုပ် (ယူအင်န်စီ)က အတည်ပြုပြောကြားသည်။ **အေအက်ဖ်ပီ**





## ပြုံယမ်းအား အားကစားပစ္စည်းများပို့ဆောင်ရန် နိုင်ငံတကာအိုလံပစ်ကော်မတီ၏ ကမ်းလှမ်းချက်ကို အမေရိကန်ပယ်ချ

**ဝါရှင်တန် ဇူလိုင် ၂၇**
မြောက်ကိုရီးယားနိုင်ငံအား အားကစားပစ္စည်းများပို့ဆောင်ရန် နိုင်ငံတကာအိုလံပစ်ကော်မတီ၏ ကမ်းလှမ်းချက်ကို အမေရိကန်အစိုးရက ပယ်ချခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲမတိုင်မီ မြောက်ကိုရီးယားနိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အားကစားပစ္စည်းများ ပို့ဆောင်ခွင့်ပြုရန် နိုင်ငံတကာအိုလံပစ်ကော်မတီက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြောက်ကိုရီးယား စီးပွားရေးပိတ်ဆို့ချမှတ်ရေးကော်မတီအား တောင်းဆိုခဲ့သည်။

**သဘောတူညီချက်လိုအပ်**

မြောက်ကိုရီးယားနိုင်ငံအား ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းရန် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်လိုအပ်သည်။

အဆိုပါအားကစားပစ္စည်းများသည် ပြုံယမ်းအား တင်ပို့ရန်ပိတ်ပင်ထားသည့် လူ့အသုံးအဆောင် ဇိမ်ခံပစ္စည်းအမျိုးအမည်စာရင်းတွင် ပါရှိကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့စဉ်က ကတိပြုပြောကြားခဲ့သည့်အတိုင်း နျူကလီးယားလက်နက် အပြီးတိုင်ကင်းစင်ပပျောက်ရေးအတွက် မည်သည့်လုပ်ဆောင်ချက်ကိုမျှ ယခုအချိန်ထိ လုပ်ဆောင်ခဲ့ခြင်းမရှိသေးကြောင်း လုံခြုံရေးကောင်စီ သတင်းအရင်းအမြစ်များက ဆိုသည်။

**ဆက်လက်သတိပေးမည်**

ဝါရှင်တန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေသည့်တိုင်ဖိအားပေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိမည်ဖြစ်သည့်အပြင် တောင်ကိုရီးယားနိုင်ငံကိုလည်း ပြုံယမ်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ကြီးမားစွာလုပ်ဆောင်ခြင်းမရှိရန် ဆက်လက်သတိပေးလျက်ရှိမည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီသတင်းအရင်းအမြစ်များက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပသော ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယားနိုင်ငံဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးသည် ယခင်ကထက် တင်းမာမှုများလျော့ကျခဲ့သည်။

နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမက်စ်ဘက်ရှ်က မတ်လတွင် ပြုံယမ်းသို့ အလည်အပတ်ရောက်ရှိခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ရွေးကောက်ပွဲအကြိုကာလတွင် ဝန်ကြီးချုပ် ဟွန်ဆန်၏ အာဏာရပါတီ မြို့တော်ဖနောင်ပင်၌ အင်အားပြသ

**ဖနောင်ပင် ဇူလိုင် ၂၇**
မိမိတို့နိုင်ငံ၌ နိုင်ငံတော်သစ္စာဖောက်များအား ဖြိုခွင်းသည့် ကြိုးပမ်းချက်များမှာ အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ဇူလိုင် ၂၇ ရက်တွင် ပြုလုပ်သော ရွေးကောက်ပွဲအကြို လူထုအစည်းအဝေးတစ်ရပ်တွင် ပြောကြားလိုက်သည်။

အာဏာရပါတီဖြစ်သော ကမ္ဘောဒီးယား ပြည်သူ့ပါတီ (စီပီပီ)၏ အမှတ်သင်္ကေတဖြစ်သော အဖြူရောင်နှင့် အပြာရောင်တို့ ပါရှိသော ဦးထုပ်များ၊ အင်္ကျီများ ဝတ်ဆင်ထားကြသူ လူအုပ်ကြီးများသည် မြို့တော်ဖနောင်ပင် မြို့လယ်ဇရိယာသို့ ဇူလိုင် ၂၇ ရက် အရုဏ်တက်ချိန်မှစ၍ တဖွဲဖွဲ ရောက်ရှိလာခဲ့ကြသည်။ လူငယ်များ အပါအဝင် ပါတီဝင်များသည် မော်တော်ဆိုင်ကယ်များနှင့် ဘတ်စ်ကားများဖြင့် မြို့လယ်သို့ အလုံးအရင်းဖြင့် စုဝေးရောက်ရှိလာကြခြင်းမှာ ဝန်ကြီးချုပ် ဟွန်ဆန်က ၃၃ နှစ်ကြာမျှ ဦးဆောင်မှုပေးခဲ့သော ယင်းပါတီအတွက် ရွေးကောက်ပွဲအကြိုကာလတွင် အကြီးအကျယ်ဆုံးအင်အားပြသမှုအဖြစ် ရှုမြင်ရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ဇူလိုင် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသော နိုင်ငံရေးပါတီပေါင်းမှာ ၂၀ အထိရှိသည်။ အာဏာရပါတီ၏ ခေါင်းဆောင်ဟွန်ဆန်သည် ကမ္ဘာပေါ်တွင် ကာလသက်တမ်း အရှည်ကြာဆုံး တာဝန်ထမ်းဆောင်သူ ဝန်ကြီးချုပ်တစ်ဦးဖြစ်ပြီး အာဏာရရှိလာခဲ့သည်မှာ ၃၃ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

နိုင်ငံရှိ အဓိကအတိုက်အခံပါတီဖြစ်သော ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ (စီအင်န်အာရ်ပီ) သည် စီပီပီပါတီအား စိန်ခေါ်နိုင်သည့် တစ်ခုတည်းသော အတိုက်အခံအင်အားစုအဖြစ် ရပ်တည်ခဲ့သည်။ သို့ရာတွင် ယင်းပါတီ၏ ခေါင်းဆောင်ကမ်ဆော့ခါသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အဖမ်းခံခဲ့ရသည်။ ဝန်ကြီးချုပ်ဟွန်ဆန်အား ဖြုတ်ချရန် ပြည်ပမှ ကြံစည်အားထုတ်မှုတွင် ၎င်းပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။

စီအင်န်အာရ်ပီပါတီကို တရားရုံးချုပ်က ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဖျက်သိမ်းခဲ့ရာ လာမည့်ရွေးကောက်ပွဲမှာ အဓိကအတိုက်အခံပါတီမပါဘဲ ယှဉ်ပြိုင်ကြမည့် အနေအထားကိုပြသနေကြောင်း သတင်းတွင်ဖော်ပြသည်။

**အေအက်ဖ်ပီ**

## ဆစ်ဒနီမြို့၌ မီးလောင်မှုဖြစ်ပွား

**ဆစ်ဒနီ ဇူလိုင် ၂၇**
ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် မြို့တော်ဆစ်ဒနီ၌ ဇူလိုင် ၂၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ဆစ်ဒနီမြို့ရှိ တရုတ်တန်းအရပ်၌ တည်ရှိသော နှစ်ထပ်အဆောက်အအုံတစ်လုံးတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆစ်ဒနီမြို့လယ် ဒိုင်ဇွန်လမ်းမကြီးပေါ်ရှိ အဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာတွင် မီးသတ်ကားခြောက်စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကျော်က ကြိုးပမ်းငြိမ်းသတ်ခဲ့ရာ တစ်နာရီခန့်အကြာတွင် မီးကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

ပြင်းထန်သော မီးလောင်မှုဖြစ်သော်လည်း ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း မီးသတ်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**



# မန်ယူအသင်းက ပါရီဆစ်အား ခေါ်ယူရန် မျှော်လင့်နေဆဲဖြစ်ဟုဆို

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် တိုက်စစ်မှူး မာရှယ်အား အသင်းမှထွက်ခွာခွင့်မပြုမီ အင်တာမီလန်ကစားသမား ပါရီဆစ်ကို ခေါ်ယူရန်မျှော်လင့်နေဆဲဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မာရှယ်သည် ၎င်း၏ ဒုတိယမြောက် ကလေးမွေးဖွားခဲ့ပြီးနောက် မန်ယူအသင်း၏ အမေရိကန်ခရီးစဉ်တွင် ပြန်လည်ပါဝင်လာခဲ့သူဖြစ်သည်။ ယင်းမှာ တိုက်စစ်မှူး မာရှယ်အတွက် မန်ယူအသင်းမှ ထွက်ခွာမည်ဆိုသည့်ကိစ္စမှာ မီးစိမ်းပြနေဆဲအဆင့်သာ ရှိသေးကြောင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

တိုက်စစ်မှူး မာရှယ်အား ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသော်လည်း မာရှယ်ကမူ တခြားလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး မန်ယူအသင်းကလည်း တိုက်စစ်မှူး မာရှယ်၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ပေါင်သန်း ၇၀ အနည်းဆုံးလိုချင်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်ကလပ်ပီအက်စ်ဂျီအသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး မာရှယ်ကမူ ပြင်သစ်မြေကိုသာ ပြန်လည်ကစားရန် စိတ်အားထက်သန်နေသူဖြစ်သည်။


ပရီမီယာလိဂ်အပြောင်းအရွှေ့ကာလသည် ဩဂုတ် ၉ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ရာ ဘယ်အချိန်အသင်းမှ ထွက်ခွာမည်မသိရသေးသည့် တိုက်စစ်မှူး မာရှယ်၏ နေရာတွင် အစားထိုးရန် တိုက်စစ်မှူးတစ်ဦး ခေါ်ယူရန် မန်ယူအသင်းအတွက် ဖိအားတစ်ရပ်ရှိနေခြင်းကြောင့် လက်ရှိအချိန်အထိ အင်တာမီလန်အသင်းမှ ခရိုအေးရှားကစားသမား ပါရီဆစ်ကို ခေါ်ယူနိုင်ရေး မျှော်လင့်နေခြင်းဖြစ်သည်။

ပါရီဆစ်မှာ ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလက ပေါင်သန်း ၄၀ ဝန်းကျင်ဖြင့် ရရှိနိုင်သော်လည်း ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ ခရိုအေးရှားအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ပါရီဆစ်၏ တန်ဖိုးမှာ ပေါင်သန်း ၆၀ သတ်မှတ်ခံထားရကြောင်း သိရသည်။

မန်ယူအသင်းနည်းပြမော်ရင်ဟိုသည် ဒါမီယန်မှာ အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေကြောင်း၊ သို့ရာတွင် အဆိုပါအီတလီနောက်တန်းကစားသမားအား မည်သည့်ကလပ်အသင်းကမျှ ကမ်းလှမ်းထားခြင်း မရှိသေးကြောင်း အတည်ပြုပြောကြားခဲ့သည်။

သို့ရာတွင် နည်းပြမော်ရင်ဟိုအနေဖြင့် နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ရန် စီစဉ်လျက်ရှိပြီး မာကွိယာ၊ အလ်လ်ဒါဝီးလ်၊ ဘိုနူစီ တို့ကို ပစ်မှတ်ထားလျက်ရှိသည်။

ထို့ကြောင့် လက်ရှိတွင် တိုက်စစ်မှူး မာရှယ်နှင့် နောက်တန်းကစားသမား ဒါမီယန်တို့၏ နေရာတွင် ကြိုတင်အစားထိုးရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။






# မိုရက်တာ၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ အေစီမီလန်က ပေါင် ၆၂ သန်းပေးလိမ့်မည်ဟုဆို

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် ချယ်လ်ဆီးအသင်းမှ စပိန်ကစားသမား မိုရက်တာအား ခေါ်ယူရေးနှင့် စပ်လျဉ်း၍ ဇူလိုင် ၂၅ ရက်က ကနဦး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အေစီမီလန်အသင်းက မိုရက်တာ၏ ပြောင်းရွှေ့ကြေးကို ပေါင် ၆၂ သန်းအထိ ပေးလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားခဲ့သည်။

အေစီမီလန်အသင်း၏ အားကစားဒါရိုက်တာ လီယိုနာဒိုကမူ မိုရက်တာ၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ဖုန်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ချန်ပီယံလိဂ်တွင် ဂျူဗင်တပ်အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ခြေစွမ်းကောင်းတစ်ခုပိုင်ဆိုင်ခဲ့ဖူးသည့် အီတလီမြေသို့ မိုရက်တာအနေဖြင့် တစ်ကျော့ပြန်ကစားလိမ့်မည်ဟု သတင်းများလည်း ထွက်ပေါ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် အေစီမီလန်အသင်းတို့သည် မိုရက်တာ၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ တန်ဖိုးသတ်မှတ်နေဆဲကာလမှာပင်ရှိနေသော်လည်း ချယ်လ်ဆီးအသင်းက ဟီဂူအင်ကို လည်းကောင်း၊ အေစီမီလန်အသင်းက ဖယ်လ်ကာအိုကို လည်းကောင်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

တိုက်စစ်မှူး ဟီဂူအင်မှာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက နာပိုလီအသင်းနှင့်အတူ ပွဲပေါင်း ၃၅ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၃၆ ဂိုးအထိသွင်းယူနိုင်ခဲ့သူဖြစ်ပြီး အဲဒီအချိန်က နာပိုလီအသင်းနည်းပြမှာ ဆာရီဖြစ်သည်။

လက်ရှိတွင် နည်းပြဆာရီမှာ ချယ်လ်ဆီးအသင်းကို ရောက်ရှိလာခဲ့ပြီဖြစ်သောကြောင့် နာပိုလီအသင်းတွင် လက်တွဲခဲ့သည့် နည်းပြနှင့် ကစားသမားကို ချယ်လ်ဆီးအသင်းတွင် ပြန်လည်မြင်တွေ့လာနိုင်ဖွယ်ရှိနေသည်။

မိုရက်တာသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၅၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ် ပြီး ချယ်လ်ဆီးအသင်းက ဒီယေဂိုကော်စတာ နေရာတွင် အစားထိုးရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် မိုရက်တာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၁ ပွဲတွင် ၁၁ ဂိုးသာ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး ဂျရူးအား ခေါ်ယူခဲ့ခြင်းကြောင့် မိုရက်တာမှာ ပုံမှန်ပွဲထွက်ကစားခွင့် ဆုံးရှုံးခဲ့ရသည်။

ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာကစားသမား ယယ်ရီမီနာအား အဲဗာတန်က ပေါင် ၂၇ သန်းဖြင့် ကမ်းလှမ်း

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ အသက် ၂၃ နှစ် အရွယ်ရှိ ကိုလံဘီယာကစားသမား ယယ်ရီမီနာကိုခေါ်ယူရန် ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းက ပေါင် ၂၇ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

ယယ်ရီမီနာအား ဂျာမနီနှင့် ပြင်သစ်တို့မှ ကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း အဲဗာတန်အသင်းကသာ ကမ်းလှမ်းမှုများတိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။




အဲဗာတန်အသင်းသည် ကနဦးကမ်းလှမ်းမှုအဖြစ် ပေါင် ၁၅ သန်းဖြင့်ကမ်းလှမ်းလာခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ယယ်ရီမီနာအား အပြီးသတ်ခေါ်ယူနိုင်ရေးအတွက် ပေါင် ၂၇ သန်းအထိတိုးမြှင့် ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယယ်ရီမီနာအား ဇန်နဝါရီလအတွင်းက ပါးမီးယက်စ်အသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကိုလံဘီယာအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် နောက်တန်းကစားသမား ယယ်ရီမီနာအား ကမ်းလှမ်းလာမည့်အသင်းများကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အဲဗာတန်အသင်းက နောက်တန်းကစားသမား ယယ်ရီမီနာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် အဓိကကမ်းလှမ်းလာခဲ့သည့် အသင်းဖြစ်ပြီး မကြာတော့သည့်အချိန်တွင် စာချုပ်ချုပ်ဆိုတော့မည်ဖြစ်ကြောင်း သိရသည်။

## ဘောလုံးလောကသတင်းတိုများ

- စပါးအသင်းပိုင်ရှင် ဒန်နီယယ်လီဗိုင်းသည် အက်စ်တွန်ဗီလာအသင်းမှ အသက် ၂၂ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဂရီယယ်လစ်ရှ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- **လီဗာပူးအသင်းသည် ဘီဆစ်တက်အသင်းမှ ခရိုအေးရှား နောက်တန်းကစားသမား ဗီဒါအား ချိတ်ဆက်မှုများပြုလုပ်ခဲ့သော်လည်း စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။**
- ခရစ္စတယ်ပဲလေ့အသင်းနှင့် အဲဗာတန်အသင်းတို့သည် ရိုးမားအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဂိုနာလန်အား ပြောင်းရွှေ့ကြေး ပေါင် သန်း ၁၀ ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- **ဝက်စ်ဟမ်းအသင်းသည် နယူးကာဆယ်နှင့် ပီအက်စ်ဂျီကွင်းလယ်ကစားသမားဟောင်း ဘန်အာဖာအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**
- ဖီနာဘာချီအသင်းသည် စတုတ်စီးတီးအသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ နယ်သာလန်နောက်တန်းကစားသမား မာတင်အင်ဒီအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် ချဉ်းကပ်မှုများပြုလုပ်လာခဲ့ကြောင်း သိရသည်။
- **ဘလက်ဘန်းအသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ကာဆေးပယ်မာအား ၂၀၁၈-၂၀၁၉ ဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။**

## ကုန်စုံဆိုင်ရှင်အား သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

**သီပေါ ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စံဖိတ်ကျေးရွာ၌ ဇူလိုင် ၂၆ ရက် ညက ဆိုင်ကယ်ဖြင့်ရောက်ရှိလာသည့် လူနှစ်ဦးက ဈေးဆိုင်အတွင်းသို့ ဝင်ရောက်လာကာ သေနတ်ဖြင့်ပစ်ခတ်ပြီး ထွက်ပြေးသွားခဲ့သည်။

သီပေါမြို့နယ် စံဖိတ်ကျေးရွာနေ ပလောင်တိုင်းရင်းသား ဦးစိန်ဝင်း၏ ကုန်စုံဆိုင်သို့ အမျိုးသားနှစ်ဦး ရောက်ရှိလာကာ အသက် ၂၀ ခန့်ရှိ လူတစ်ဦးက ဈေးဆိုင်ရှေ့ပေါက်မှ ပြေးဝင်လာပြီး သေနတ်ဖြင့် အနီးကပ် သုံးချက်ပစ်ခတ်သဖြင့် ဆိုင်ရှင်ဦးစိန်ဝင်း သေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး နေအိမ်အတွင်းမှ (၉) မမ ပစ္စတို ကျည်ခွံ သုံးခုကိုတွေ့ရှိ၍ သိမ်းဆည်းကာ နယ်မြေခံတပ်မှ နယ်မြေအေးချမ်းရေးအတွက် လိုက်လံရှင်းလင်းလျက်ရှိသည်။ ဦးစိန်ဝင်းကို သေနတ်ဖြင့် ပစ်ခတ်သွားသူအား သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ဖားကန့်မြို့နယ်၌ ရေမဆေးကျောက်ရှာဖွေသူ ရုပ်အလောင်း ၁၀ လောင်း ထပ်မံတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မမုံကျေးရွာ အောက်မက်လင်ချောင်ရွာအနီး၌ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က "ဧရာရတနာ"ကျောက်မျက်ကုမ္ပဏီ လုပ်ကွက်ဟောင်း(သက်တမ်းကုန်)ရှိ အမြင့်ပေ ၃၀၀ ခန့် ကမ်းပါးယံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ မမုံကျေးရွာနေ ကျော်မင်းဌေးပါ အမျိုးသား ၂၃ ဦးတို့ ပျောက်ဆုံးနေသဖြင့် ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ မိနစ် ၂၀ အထိ မြေပြိုကျသည့် ရေအိုင်အတွင်းမှ ကျော်မင်းဌေးပါ အမျိုးသား ၁၀ ဦး၏ အလောင်းများအား ရှာဖွေတွေ့ရှိခဲ့သောကြောင့် ဖားကန့်မြို့မရဲစခန်းက သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## မြန်မာ့ရုပ်မြင်သံကြား

**၂၈-၇-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ Weekly Sport Info
- ၈း၃၅ ပန်းပျိုးခင်း(အပိုင်း-၄၆)
- ၈း၅၀ "သိမ်းဆည်းခံပြန်လည်စွန့်လွှတ်ပေးရေး နစ်နာသူပြည်သူများအတွက် သိကောင်းစရာ" (တောင်သူဦးကြီးများ၏ ရောင်နီသန်းချိန်)
- ၉း၁၀ "News Watch TV"
- ၉း၂၅ မြစ်မခမီဒီယာ "သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း"
- ၁၀း၃၀ လုံမမှတ်စု(အပိုင်း-၄၇)
- ၁၀း၄၅ ကဗျာရိပ်မြုံ "ဖိုးဝရုပ်"
- ၁၁း၀၀ NHK Program (တစ်စိတ်တစ်ပိုင်းများနှင့် တစ်ခုလုံး)
- ၁၁း၂၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ပိန်းဥနှင့် ငရုတ်ကောင်း"
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၄၀ "ပန်းကလေးများပွင့်တော့မည်"
- ၁၃း၄၅ "ရေ၊ မြေ၊ လေထုညစ်ညမ်းမှု လူသားအားလုံးသတိပြု"
- ၁၅း၀၀ "ကားကလေးနဲ့တူပျော်ပျော်"

**ညပိုင်း**

- ၁၆း၃၅ "ခမ်းနားထည်ဝါ အင်းသားတို့ရဲ့ ရှေးလက်ရာ"
- ၁၆း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇း၀၅ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၇)
- ၁၇း၃၅ NHK Programme (ကျည်ဆန်ရထားအသစ် ဖန်တီးတည်ဆောက်ခြင်း)
- ၁၈း၂၀ ဇာတ်လမ်းအတိုအထွာပြုံးစရာ "ဘယ်သူ့အပြစ်လဲ" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ သဲဆုဇော်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်)
- ၁၈း၃၀ Tasty Trip
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၉)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ Big Step (Singer - Nyi Min Khaing) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၆) -ဟိုတုန်းက ကက်ဆက်ဇာတ်လမ်းများ "သြော် ခယ်မ" (ဘလိတ်၊ စောယုနန္ဒာ၊ ငြိမ်းဖြူ၊ ခိုင်သဇင်၊ ဟိန်းရှိုင်း၊ သာဒိုးအောင်) (ဒါရိုက်တာ-သီတာလင်း)

**-အစီအစဉ်ပြီး၏။**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား



**နေပြည်တော် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၃၄/၄)အနီးတွင် ဇူလိုင် ၂၇ ရက် နံနက် ၅ နာရီ ၃၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ မန္တလေးသို့ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ သန်းထွန်းအောင် မောင်းနှင်သော HILUX SURF အနက်ရောင်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကာထားသော ဘာရီယာတုံးအားတိုက်မိ၍ ရပ်တန့်သွားစဉ် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကျေးရွာနေ တင့်ကျော်မောင်းနှင်လာသော ELITE EXPRESS ခဲရောင် ယာဉ်မှ နောက်ကဝင်ရောက်တိုက်မိသဖြင့် ELITE EXPRESS ယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည် ၄၈ ဦးအနက် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းသူ သန်းထွန်းအောင်နှင့် တင့်ကျော်အား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ရေပူစစ်ဆေးရေးစခန်းတွင် တားဆီးမှု ခုနစ်မှုမှ တန်ဖိုးငွေကျပ် ၃၄ သန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၇**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၂၆ ရက်တွင် Toyota Wish ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြတ်စဆိုဒ်စုံ အတုံး ၃၀၊ ၃၀၅ ကီလိုဂရမ်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂၅၀ သန်းခန့်အား သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၂၃ စီး၊ သွင်းကုန် အစီး ၉၃၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခြောက်စီး၊ သွင်းကုန် ၂၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၂၀၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၈၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၆၉၂ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပင်လည်ဘူးမြို့နယ်၌ ငွေကျပ် သိန်း ၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**ပင်လည်ဘူး ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဗန်းမောက်သွားကားလမ်းပေါ်မှ ဘိန်းစိမ်း ခုနစ်ပိဿာကျော်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန် အနီးကပ်ကြီးကြပ်၍ စခန်းမှူး ဒုရဲမှူးသောင်းဌေးဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပင်လည်ဘူး-ဗန်းမောက်သွား ကားလမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် အထုပ်တစ်ထုပ်နှင့် လူနှစ်ဦးအားတွေ့ရှိရ၍ စစ်မေးမည်ပြုစဉ် ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ပြီး ၎င်းတို့ပစ်လိုက်သော အထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ အဆိုပါအထုပ်အတွင်းမှ ဘိန်းစိမ်း ခုနစ်ပိဿာကျော် (ကာလတန်ဖိုးငွေကျပ် ၃၅၀၂၅၀၀၀)အား ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ ဗန်းမောက်မြို့နယ် လိပ်စောကျေးရွာနေ သန်းမောင်နှင့် ရန်နောင်တို့နှစ်ဦးအား ပင်လည်ဘူးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း ရဲမှူးအောင်မင်းစိန်ထံမှ သိရသည်။ **လူအောင်(ကသာ)**




## ရှင်ဗွေယန်မြို့၌ ရပ်တန့်ထားသည့်ယာဉ်ပေါ်မှ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ရှင်ဗွေယန် ဇူလိုင် ၂၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့၌ ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီက ရပ်တန့်ထားသည့် မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးရာ ဘိန်းဖြူအမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနိုင်းမြို့နယ် ရှင်ဗွေယန်နယ်မြေရဲတပ်ဖွဲ့စခန်းမှ ခေတ္တစခန်းမှူး ဒုတိယရဲအုပ်သန်းထိုက်စိုးနှင့် တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးအရ တာဝန်ရှိသူများနှင့် လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ရှင်ဗွေယန်မြို့ ရပ်ကွက် ၃ လီဒိုလမ်းမကြီးနံဘေး၌ ရပ်တန့်ထားသည့် ပရိဘောက်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ရပ်ကွက် ၃ နေ ဦးစိုးညွန့်အား တွေ့ရှိရပြီး ဆက်လက်ရှာဖွေစစ်ဆေးရာ ဒေါ်ညိုအမည်၊ ဖုန်းနံပါတ်နှင့် ရှင်ဗွေယန်မြို့ ပက်စီမှော် လိပ်စာရေးသားထားသည့် ပီနံအိတ်တစ်လုံးအား တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ရောင်စုံဆပ်ပြာခွက် ၁၁ ခွက်အတွင်းမှ ဘိန်းဖြူအမှုန့်အလေးချိန် ၁၁၀ ဂရမ်နှင့် အပြာရောင်ကပ်ခွာအိတ် ကိုးအိတ်အတွင်းမှ ၈၈/၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိရသည့် ဦးစိုးညွန့်နှင့် ဒေါ်ညို(စုံစမ်းဆဲ)တို့နှစ်ဦးအား ရှင်ဗွေယန်နယ်မြေရဲတပ်ဖွဲ့စခန်းတွင် မူးယစ်ဆေးဝါးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**




**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလတွင် ပြည်ပကုန်သွယ်မှုပမာဏ ယခင်နှစ်ထက် ၁ ဒသမ ၃ ဘီလီယံခန့် ပိုမိုမြင့်တက်လာ

**ကြည်စိမ့်သူ (ရောမြေ)**



ပြည်ပကုန်သွယ်မှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကို တိုင်းတာရာမှာ အဓိက ပင်မကျောရိုးသဖွယ်ထောက်ပံ့ပေးသည့် အရေးကြီးသည့်အချက်ဖြစ်သည့်အပြင် နိုင်ငံတွင်းနေပြည်သူများရဲ့ လူမှုစီးပွားရေးအခြေအနေများ၊ လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားသုံးသူအကျိုး အခွင့်အလမ်းများအတွက်ပါ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ယခင်ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ထိုကဲ့သို့ဆောင်ရွက်နိုင်မှုဟာ မြန်မာ့ကုန်သွယ်မှုသမိုင်းတစ်လျှောက်မှာ ပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့တဲ့နှစ်ဖြစ်ခဲ့တဲ့အတွက် သမိုင်းသစ်မှတ်တိုင်စိုက်ထူကာ သမိုင်းဝင်မှတ်တမ်းတင်နိုင်ခဲ့တဲ့ နှစ်တစ်နှစ်လည်း ဖြစ်ခဲ့ပါတယ်။

## လျာထားချက်ပြည့်မီကျော်လွန်

ကုန်သွယ်မှုအချက်အလက်များအရ ယခု ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ Mini Budget ၏ ပထမသုံးလပတ်ကာလဖြစ်သော ဧပြီ၊ မေ၊ ဇွန် ပထမသုံးလပတ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ပထမသုံးလပတ်အတွက် ကုန်သွယ်မှုပမာဏလျာထားချက်သည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၅ ဘီလီယံဖြစ်ပြီး ဆောင်ရွက်နိုင်မှုအနေဖြင့် ယာယီစာရင်းများအရ ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်ပြည့်မီရုံမျှမက ကျော်လွန်ကာ ၁၃၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ထို့အပြင် လက်ရှိ Mini Budget နှစ်ဖြစ်သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ခြောက်လတာကာလအတွက် ကုန်သွယ်မှုပမာဏလျာထားချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ ဘီလီယံတွင် ပထမသုံးလပတ်၌ ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းသည် ယာယီစာရင်းများအရ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သဖြင့် ယခု Mini Budget နှစ်အတွက် ဆောင်ရွက်နိုင်မည့် ကုန်သွယ်မှုပမာဏဟာလည်း ပိုမိုတိုးတက်၍ လျာထားချက် ပြည့်မီကျော်လွန်နိုင်ကြောင်းကို မှန်းဆသုံးသပ်နိုင်ပါတယ်။ ယခုနှစ် ပထမသုံးလပတ်ကာလမှာ ဆောင်ရွက်နိုင်သော ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် ယခင်နှစ်ကာလတူကထက်ပင် ယခုနှစ် ကုန်သွယ်မှုပမာဏက ပိုမိုလျက်ရှိတာကို တွေ့ရပါတယ်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် ယခုနှစ်မှာလည်း ကုန်သွယ်မှုဟာ အရှိန်အဟုန်ကောင်းစွာနဲ့ ဆက်လက်တိုးတက်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ပထမသုံးလပတ်၏ ပို့ကုန်တင်ပို့နိုင်မှု ၃ ဒသမ ၉ ဘီလီယံတွင် လယ်ယာထွက်ပစ္စည်း သုည ဒသမ ၇၁ ဘီလီယံ၊ တိရစ္ဆာန်ထွက်ပစ္စည်း သုည ဒသမ ၀၇ ဘီလီယံ၊ ရေထွက်ပစ္စည်း သုည ဒသမ ၁၅ ဘီလီယံ၊ သတ္တုတွင်း ထွက်ပစ္စည်း သုည ဒသမ ၃၂ ဘီလီယံ၊ သစ်တောထွက်ပစ္စည်း သုည ဒသမ ၀၅ ဘီလီယံ၊ စက်မှုကုန်ချောပစ္စည်း ၂ ဒသမ ၂ ဘီလီယံ နှင့် အခြားပစ္စည်းအုပ်စုတွင် သုည ဒသမ ၄ ဘီလီယံ ဖြင့် အသီးသီး တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ပထမ သုံးလပတ်၏ သွင်းကုန်တင်သွင်းမှု ၄း၉ ဘီလီယံတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ တင်သွင်းမှု ၁ ဒသမ ၈ ဘီလီယံ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ တင်သွင်းမှု ၂ ဒသမ ၁ ဘီလီယံ နှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု ၁ ဒသမ ၁ ဘီလီယံ ဖြစ်ပါတယ်။

## အလားအလာကောင်းများရှိနေ

ယခုနှစ် ပထမသုံးလပတ်ကာလတွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ၃ ဒသမ ၉ ဘီလီယံ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် သုည ဒသမ ၈ ဘီလီယံ ပိုမိုတင်ပို့နိုင်ခဲ့ကာ ပိုမိုတင်ပို့နိုင်တဲ့ ပို့ကုန် ကုန်စည်အမည်များကတော့ ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့၊ သတ္တုနှင့်သတ္တုရိုင်းများ၊ ဆန်၊ ဆန်ကွဲ၊ Re-Export (High Speed Disel Oil)၊ သကြား၊ ပဲတီစိမ်း၊ ငါး Re-Export (Refined Sugar) နှင့် နွားအရှင်တို့ပဲဖြစ်ပါတယ်။ ဆန်နှင့်ဆန်ကွဲအနေနဲ့ တင်ပို့မှုမှာ တန်ချိန်နည်းသော်လည်း ဈေးကောင်းရရှိခြင်းကြောင့် တန်ဖိုးအနေနဲ့ ယခင်နှစ်ထက် များပြားမှုရှိတာကို တွေ့ရှိရပါတယ်။ ပဲတင်ပို့မှုအနေဖြင့် အိန္ဒိယမှ ကန့်သတ်မှုများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် တင်ပို့နိုင်မှုကျဆင်းခဲ့သော်လည်း အခြားပို့ကုန်အမည်များဖြစ်တဲ့ ချုပ်ပြီးအထည်များ၊ သဘာဝဓာတ်ငွေ့၊ ဆန်၊ ဆန်ကွဲ၊ သကြား စတာတွေဟာ ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက် ပို့ကုန်တင်ပို့မှုဟာ ယခင်နှစ် ကာလတူနဲ့ နှိုင်းယှဉ်တဲ့အခါမှာ ပိုမို လာတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် Re-Export သကြား တင်ပို့မှုကို ၁-၆-၂၀၁၈ ရက်နေ့တွင် ပြန်လည်ခွင့်ပြုပေးခဲ့မှုကြောင့် သကြားဟာ ယခုနှစ် ကုန်သွယ်မှုပမာဏမှာ ပိုမိုတင်ပို့နိုင်မယ့် အလားအလာကောင်းများရှိနေတာကိုလည်း တွေ့ရှိရပါတယ်။

သွင်းကုန် တင်သွင်းမှုအနေနဲ့ကတော့ ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန် ပထမသုံးလပတ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၄း၉ ဘီလီယံ တင်သွင်းနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ ဘီလီယံ ပိုမိုခဲ့ကာ အဓိကတင်သွင်းခဲ့တဲ့ အမည်များကတော့ သံနှင့် သံမဏိ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများနှင့် ဓာတ်မြေဩဇာတို့ဖြစ်ပါတယ်။ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်သုံးဆီအပါအဝင် ရေနံထွက်ပစ္စည်းများ၊ ကုန်ကြမ်းနှင့် စိုက်ပျိုးရေးသွင်းအားစု၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာသည်ကို ကြည့်ခြင်းအားဖြင့်မိမိနိုင်ငံတွင်းရှိ ပြည်ပကုန်ကြမ်းအသုံးပြုထုတ်လုပ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား SMEs လုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများနှင့် ပင်မစိုက်ပျိုးရေးနယ်ပယ်များ၌ လုပ်ငန်းများ လည်ပတ်စွာလုပ်ကိုင်လျက်ရှိတာကို သိရှိနိုင်မှာပဲဖြစ်ပါတယ်။

လတ်တလော ဖြစ်ပေါ်လျက်ရှိတဲ့ အမေရိကန်ဒေါ်လာငွေလဲနှုန်း မြင့်တက်မှုအခြေအနေများကလည်း ကုန်သွယ်မှုကဏ္ဍအပေါ်မှာ တစ်နည်းတစ်ဖုံ အကျိုးသက်ရောက်မှုရှိလျက်ရှိပါတယ်။ အမေရိကန်ဒေါ်လာဟာ ကမ္ဘာ့ငွေကြေးများထဲမှာ ခိုင်မာသည့်ငွေကြေးတစ်ခုဖြစ်ပြီး Global Currency အဖြစ် အသုံးပြုလျက်ရှိခြင်းကြောင့် အမေရိကန်ဒေါ်လာဈေးတက်ခြင်း၊ ကျခြင်းသည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများအတွက်များစွာအရေးပါလျက်ရှိရာ မြန်မာနိုင်ငံသည်လည်းတစ်ခုအပါအဝင် ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းကာလများတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ တစ်ဒေါ်လာလျှင် ကျပ် ၁၃၃၀ ဝန်းကျင်မှ ၁၃၃၅ ကျပ် ဝန်းကျင်၌ ရှိခဲ့ပြီး ဧပြီလတွင် ကျပ် ၁၃၄၀ ဝန်းကျင်နှင့် မေလတွင် ၁၃၅၅ ကျပ် ဝန်းကျင်ဖြင့် တဖြည်းဖြည်း မြင့်တက်လာခဲ့ပါတယ်။

နိုင်ငံတကာဈေးကွက်တွင် ကုန်သွယ်မှုပြုလုပ်တဲ့အခါမှာလည်း အမေရိကန်ငွေကြေး ခိုင်မာလာတာကြောင့် ဒေါ်လာနဲ့လဲလှယ်ရတဲ့အခြားငွေကြေးတန်ဖိုးများကျဆင်းလာခဲ့ပြီး ဒေါ်လာငွေဖြင့်သာ ကုန်သွယ်မှုလုပ်ဆောင်ခြင်း မြင့်တက်လာခဲ့ပါတယ်။ ဒေါ်လာငွေသို့လျှောင်သုံးစွဲမှု မြင့်တက်လာခဲ့တာကြောင့် နောက်ဆက်တွဲအနေနဲ့ ဒေါ်လာဈေးမှာလည်း မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ ဇွန်လလယ်မှာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းများ မြင့်တက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၉၃ ကျပ်၊ ဝယ်ဈေးကျပ် ၁၃၉၀ ဖြစ်ကြောင်း သိရှိရပါတယ်။

အမေရိကန်ဒေါ်လာ ငွေလဲနှုန်းဈေးတက်ခြင်းကြောင့် ပို့ကုန်ကဏ္ဍတွင် ပို့ကုန်တင်ပို့သူများအနေဖြင့် အကျိုးအမြတ်အသာစီး ပိုမိုရရှိနိုင်လျက်ရှိပါတယ်။ ယခုလို ဒေါ်လာငွေဈေးမာသည့် အခြေအနေမျိုးတွင် မိမိတို့ရဲ့ပို့ကုန်များကို အရည်အသွေးမြှင့်၍ ပိုမိုထုတ်လုပ်ခြင်း၊ ပို့ကုန် အမည်သစ်များရှာဖွေ၍ ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းဖြင့်လည်း ဒေါ်လာငွေတန်ဖိုးတက်တဲ့ အပေါ်မူတည်ပြီး ပို့ကုန်ကဏ္ဍ၌ အသာစီးရနိုင်မှာဖြစ်ပါတယ်။

## ဟန်ချက်ညီညီကြိုးပမ်း

လက်ရှိ အရှိန်အဟုန်ကောင်းလျက်ရှိတဲ့ မြန်မာ့ကုန်သွယ်မှုကဏ္ဍအား စဉ်ဆက်မပြတ် ဆက်လက်တိုးတက်စေရေးအတွက် မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်နှင့် ပဲအမျိုးမျိုးအပါအဝင် မြန်မာ့ပို့ကုန်များအား နိုင်ငံတကာဈေးကွက်၌ ပိုမိုကျယ်ပြန့်စွာတိုးချဲ့တင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှုနည်းပညာအပိုင်း၊ အရည်အသွေးပိုင်း၊ ထုပ်ပိုးမှုအပိုင်း စတာတွေမှာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပြီး ဈေးကွက်သစ်များရရှိရေးအတွက်လည်း အစိုးရ၊ ပုဂ္ဂလိကပိုင်းမှ တာဝန်ရှိသူအားလုံးက ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးကိုအခြေခံသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ လွန်စွာအရေးကြီးလှပါတယ်။ ကုန်သွယ်မှုကဏ္ဍမှာလည်း ပုဂ္ဂလိကကဏ္ဍဟာ အရေးကြီးလှပါတယ်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကော်မတီအား ဖွဲ့စည်းပြီး ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ တွေ့ဆုံပေါင်းစပ်ညှိနှိုင်းခဲ့တာကြောင့် ယခုကဲ့သို့ အောင်မြင်တိုးတက်မြင့်မားလာတာ ဖြစ်ပါတယ်။ ဒုတိယသမ္မတ (၁) ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးကာ (၁၈) ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီး ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များ၏ တင်ပြချက်ပေါင်း ၂၅၀ ခန့်ကိုလည်း ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများဟာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူဖြစ်စေပါတယ်။ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံစီးပွားရေးဟာလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာပဲ ဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးအား ဘက်စုံကဏ္ဍစုံမှ ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှ စီးပွားရေးဆိုင်ရာမူဝါဒ ၁၂ ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်ဟူသောအချက်လည်း တစ်ရပ်အပါအဝင်ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိ၍ အခွင့်အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်ကာ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေမည့် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်ဖြေလျှော့မှုများအားနိုင်ငံတော်၏ လမ်းညွှန်ချက်၊ မူဘောင်များနှင့်အညီစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိတာကိုလည်း အားလုံးအသိပဲဖြစ်ပြီး အသေးစိတ်နှင့် Update အချက်အလက်များကိုတော့ www.commerce.gov.mm မှာ လေ့လာကြည့်ရှုနိုင်ပါတယ်။

## မီးမောင်းထိုး သက်သေထူ

သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်း၏မျှော်မှန်းချက် (Vision) ဖြစ်သော ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟူသည့် အချက်အပြင် ရည်မှန်းချက်ဖြစ်သော ကုန်သွယ်မှုပမာဏ တိုးတက်စေရေး ဆောင်ရွက်ရန်၊ ဈေးကွက်စီးပွားရေးနှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်များဈေးကွက်ဝေစုပိုမိုရရှိအောင် ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်ဆိုသည့် ဦးတည်ချက်များကို လက်ကိုင်ပြုလျက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကို စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသော ကုန်သွယ်မှုကိန်းဂဏန်းများက မီးမောင်းထိုး သက်သေထူလျက်ရှိကြောင်းကို အများပြည်သူ သိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါတယ်။ ။

## တိုတိုထွာထွာဖတ်စရာ

### ဓာတ်အားလိုင်းနှင့်မလွတ်သည့် သစ်ကိုင်းများခုတ်ထွင်

**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ရပ်ကွက်နေပြည်သူများ မိုးတွင်းကာလတွင် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးလျော့နည်းမှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် 11KV 400V ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုး ဦးဆောင်မှုဖြင့် ကျွမ်းကျင်ဝန်ထမ်းများသည် ဆရာစံရပ်ကွက်အတွင်းမှ လျော့နေသည့် ဆားဗစ်ကြိုးများ ဆွဲတင်းပေးခဲ့ပြီးနောက် မြဝတီရပ်ကွက် စည်ပင်လမ်းမှ အောင်ဇေယျရပ်ကွက်ထိ ဓာတ်အားလိုင်းနှင့်လွတ်ကင်းမှု မရှိသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားပေးခဲ့သဖြင့် အဆိုပါဓာတ်အားလိုင်းမှ သွယ်တန်းအသုံးပြုသည့် အိမ်ထောင်စုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ချောင်းဦးမြို့၌ သွေးလွန်တုပ်ကွေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်၍ သွေးလွန်တုပ်ကွေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းကို ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီတွင် မြို့မရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

နေအိမ်များရှိ သောက်ရေအိုးများ အဖုံးဖုံး၍ အသုံးပြုရေး၊ ဘုရားပန်းအိုးများ ရေပုံမှန်လဲပေးကြရေး၊ သောက်သုံးရေများ ရေစစ်ပြီးမှသောက်သုံးရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်များ မပေါက်ပွားစေရန် ရေစည်၊ ရေအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းတို့ကို မြို့မရပ်ကွက်တွင် စတင်ဆောင်ရွက်ပြီး အပတ်စဉ် မြို့ပေါ်ခြောက်ရပ်ကွက်အား အလှည့်ကျ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသိမ့်က ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

### မန္တလေးမြို့၌ ဘီးခွန်များ အင်ဂျင်ပါဝါဖြင့် ပြောင်းလဲကောက်ခံမည်

**မန္တလေး**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မန္တလေးတိုင်းဒေသကြီး မှတ်ပုံတင်ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အရ ယာဉ်အမျိုးအစားလိုက် ဘီးခွန်နှုန်းထားကို အင်ဂျင်ပါဝါဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး ပြောင်းလဲကောက်ခံသွားမည် ဖြစ်သည်။

ဘီးခွန်ပေးဆောင်ခြင်းအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှတ်ပုံတင်ယာဉ်သက်တမ်းအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁-၁၀-၂၀၁၈ ရက်နောက်ပိုင်း သက်တမ်းကုန်ဆုံးမည့်ယာဉ်များအနေဖြင့် ယာဉ်သက်တမ်းတိုးလာသည့်အခါ ဘီးခွန်များကို နှုန်းထားအသစ်ဖြင့်ပေးဆောင်ရမည်ဖြစ်သည်။ စီးပွားရေးသုံးယာဉ်များအနေဖြင့် ဘီးခွန်နှုန်းထားအသစ်ဖြင့် ပေးဆောင်ပြီးပါက မြို့ဝင်ဂိတ်များတွင် လမ်းအသုံးပြုခကောက်ခံတော့မည်မဟုတ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။ **မောင်ပြည်သူ(မန္တလေး)**

### အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**တံတားဦး**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျစွာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ အလယ်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။ တံတားဦးမြို့နယ်အနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းငါးကျောင်း၊ အလယ်တန်း(ခွဲ)နှစ်ကျောင်း၊ မူလတန်းလွန်ကျောင်းခုနစ်ကျောင်း စုစုပေါင်း ၁၅ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့မွန်းလွဲပိုင်းတွင် မှုခင်းများ မဖြစ်ပွားစေရေးအတွက် ကျေးလက်နှင့် တောရွာများပါမကျန် ပြည်သူများ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ မြောင်းတကာ ရဲကင်းစခန်းမှူး ရဲအုပ်တင်ဝင်းက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ စုံလင်စွာတက်ရောက်ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ကလေးမြို့နယ် ပြင်သာကျေးရွာ၌ ရေဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကလေး ဇူလိုင် ၂၇**

ရေဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အစီအစဉ်တကျဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူများ ဆုံးရှုံးပျက်စီးမှုနည်းနိုင်သမျှနည်းပါးစေရန် ရည်ရွယ်လျက် စံနမူနာအဖြစ် ရေဘေးကာကွယ်ရေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှုကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီခွဲက ကလေးမြို့နယ် ပြင်သာကျေးရွာ၌ ပြုလုပ်သည်။

ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ခံဦးမြတ်ဇော်ထွန်းက အရေးပေါ်အသက်ကယ်အင်္ကျီအထည် ၃၀၀ ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့လည်းကောင်း၊ ကိုကာကိုလာကုမ္ပဏီကလှူဒါန်းသည့် ရေသန့်ဘူး ၇၂၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။



ထို့နောက် ကလေးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများက ရေဘေးအန္တရာယ် ကျရောက်လာပါက ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကထုတ်ပေးမည့် ရွက်ဖျင်တဲများ ဆောက်လုပ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသကြသည်။ **(အပေါ်ယာပုံ)**

ယင်းနေ့ကပြုလုပ်သည့် ရေဘေးကာကွယ်ရေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုတွင် ပြင်သာကျေးရွာအတွင်းရှိ ထိခိုက်လွယ်အုပ်စုလေးအုပ်စုဖြစ်သည့် အသက် ၇၀ အထက် သက်ကြီးရွယ်အိုများ၊ ငါးနှစ်အောက်ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအပြင် ကျေးရွာရေဘေးသင့်ပြည်သူစုစုပေါင်း ၃၂၉ ဦးတို့နှင့် အိမ်မွေးတိရစ္ဆာန်များအား ရေဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းသယ်ယူပို့ဆောင်ခြင်း၊ နေရာချထားခြင်း၊ အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေကျပြီးပါက မူလကျေးရွာသို့ ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို လေ့ကျင့်ဆောင်ရွက်ပေးခဲ့သည်။

ရေကြီးရေလျှံမှုမျိုးဖြစ်ပေါ်လာပါက သေကျေပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှအနည်းဆုံးဖြစ်အောင် ယခုကဲ့သို့ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ရေဘေးကြိုတင်ကာကွယ်ရေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ရေဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့မှ ဦးဆောင်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြင့် ကော်မတီ ၁၀ ခု ဖွဲ့စည်းထားရှိပြီး ရေဘေးကယ်ဆယ်ရေးဇုန် ငါးဇုန်၊ ကယ်ဆယ်ရေးစခန်း ၂၂ နေရာ သတ်မှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **ချင်းတွင်းသား**

## နွေနှမ်းစိုက်ခင်းများအား စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့်ပြုပြင်

**ပွင့်ဖြူ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဇွန် ၉ ရက်မှ ၁၄ ရက်ထိ မိုးများ သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်းရှိ စိုက်ပျိုးထားရှိသည့် နွေနှမ်းစိုက်ခင်းများ ရေဝင်ရောက်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်နစ်မြုပ်သည့် နွေနှမ်းစိုက်ခင်းများအား ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများ မိုးစပါးသီးနှံ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ထွန်စက်ကြီးများဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စန်းထံမှ သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်တာကတော့ မင်းဘူးခရိုင်အတွင်းမှာရှိတဲ့ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နဲ့ စလင်းမြို့နယ်တို့ပဲ ဖြစ်ပါတယ်။ ဒေသတွင်းရှိ အရင်းအနှီးနည်းတောင်သူများနဲ့ တောင်သူလုပ်ငန်းသုံး စက်ယန္တရား ပိုင်ဆိုင်မှုမရှိတဲ့ တောင်သူတွေကို ဦးစားပေးအစီအစဉ်ဖြင့် ထွန်ယက်ရေးလုပ်ငန်းတွေကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စန်းက ပြောပြသည်။

နွေနှမ်းစိုက်ခင်းများ ထိခိုက်ပျက်စီးသွားသည့် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့က လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်ပြုပြင် ဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၂၅ ရက်ထိ ဧက ၁၁၃၂၀ ထွန်ယက်ပေးပြီးဖြစ်ကြောင်း မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



## ဓာတ်အားပြည့်ဝစွာပေးနိုင်ရေး လိုင်းသစ်များတည်ဆောက်

**မဟာအောင်မြေ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ် လျော့နည်းစေရေးအတွက် မန္တလေးမြို့တွင်း အဓိကလမ်းမကြီးများတွင် ဓာတ်အားလိုင်းသစ်များ သွယ်တန်းခြင်း၊ ဗို့အားမြင့်ထရန်စဖော်မာများအသစ်လဲလှယ်တပ်ဆင်ခြင်းနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မဟာအောင်မြေမြို့နယ် ရွှေကျောင်းကြီးဓာတ်အားခွဲရုံနှင့် ပေမမာလာ ၇၆ ဓာတ်အားခွဲရုံသို့ ဆက်သွယ်သည့် ဓာတ်အားလိုင်းကြီးများအား 33 KVSAC ဓာတ်အားလိုင်းသစ်များ ဇူလိုင် ၂၅ ရက်က မဟာအောင်မြေမြို့နယ် ၃၅ လမ်းတစ်လျှောက် တည်ဆောက်လျက်ရှိရာ မန္တလေးခရိုင် လျှပ်စစ်မန်နေဂျာ ဦးအေးကျော်နှင့်အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်၍ လုပ်သားများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ဗောဓိတထောင် သာသနာ့နယ်မြေအတွင်း အပန်းဖြေနိုင်ရန် ဝါးဇုန်တစ်ခုတည်ထောင်မည်

**မုံရွာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဗောဓိတထောင်သာသနာ့နယ်မြေအတွင်းရှိ ရပ်တော်မူရုပ်ပွားတော်မြတ်ကြီး အနောက်ဘက်အခြမ်းတွင် အများပြည်သူများ လာရောက်အပန်းဖြေနိုင်မည့် ဝါးဇုန်တစ်ခု ဖြစ်ပေါ်လာရေး စီစဉ်လျက်ရှိကြောင်း ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်း (စစ်ကိုင်းတိုင်းဒေသကြီး) ၏ ဥက္ကဋ္ဌ ဦးသန့်စင်၏ ပြောကြားချက်အရ သိရသည်။

"ဝါးစိုက်ခင်းတွေတည်ထောင်ဖို့ စီစဉ်နေပါတယ်၊ ဗောဓိတထောင် သာသနာ့နယ်မြေမှာရှိတဲ့ ရပ်တော်မူရုပ်ပွားတော်ကြီးရဲ့ နောက်ကျောမှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတစ်ခုအနေနဲ့ ဧက ၅၀ အကျယ်ရှိတဲ့ ဝါးဇုန်တစ်ခုတည်ထောင်ဖို့လည်းရှိပါတယ်၊ အခု ကျွန်တော်တို့ဘက်က လိုအပ်တဲ့အချက်အလက်တွေ စိစစ်စုဆောင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ကို စောင့်နေပါတယ်" ဟု ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်း (စစ်ကိုင်းတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးသန့်စင်က ပြောသည်။

အဆိုပါဝါးဇုန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပေါက်ရောက်လျက်ရှိသော ဝါးအမျိုးအစားစုံလင်စွာ စိုက်ပျိုးပြသသွားမည်ဖြစ်သည့်အပြင် အများပြည်သူများ လာရောက်အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ်လည်းကောင်း၊ အဆိုပါဝါးဇုန်တွင် ဝါးနှင့်ပတ်သက်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် သင်တန်းကျောင်းတစ်ခုလည်း ပါဝင်မည်ဖြစ်ပြီး လာရောက်အပန်းဖြေကြမည့် ပြည်သူများအား သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန် အသိပညာပေးလုပ်ငန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



## ကျောက်ကြီးနှင့် မဒေါက်တွင် ရေဘေးကာကွယ်ရေးဆောင်ရွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများပေးလျက်ရှိ

**တောင်ငူ ဇူလိုင် ၂၇**

စစ်တောင်းမြစ်သည် မိုးရာသီ ဇူလိုင်လရောက်လျှင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေများမြင့်တက်လေ့ရှိရာ ယခုရက်ပိုင်းအတွင်း ကျောက်ကြီးမြို့နှင့် မဒေါက်မြို့များ၌ လူနေအိမ်ခြေ ၄၀၀ ကျော်အထိ ရေဝင်နစ်မြုပ်ခဲ့ပြီး စာသင်ကျောင်းများပိတ်ထားရကာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ခြင်းနှင့် ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ပေးနေရကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ကျောက်ကြီးချောင်းရေလျှံခြင်း၊ မုန်းချောင်းရေလျှံခြင်းအပြင် စစ်တောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ယနေ့အထိ လူနေအိမ်ခြေ ၂၄၀ ကျော် ရေဝင်နစ်မြုပ်ခဲ့ပြီး အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲသုံးကျောင်း၊ မူလတန်းလွန်လေးကျောင်း၊ မူလတန်းနှစ်ကျောင်း စုစုပေါင်း စာသင်ကျောင်း ၁၁ ကျောင်းပိတ်ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ စစ်တောင်းမြစ်အောက်ပိုင်းဒေသဖြစ်သော မဒေါက်မြို့တွင် ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့၏စိုးရိမ်ရေအမှတ် ၁၀၇၀ စင်တီမီတာအထက် ၁၂၄၁ စင်တီမီတာသို့ ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး သုံးရက်အတွင်း မြို့မ ၁၊ မြို့မ ၂၊ အခြားသောလူနေရပ်ကွက်များမှ လူနေအိမ်ပေါင်း ၂၁၆ လုံး၊ လူဦးရေ ၉၀၀ ကျော်အား မြို့မ (၁) ရက်ကွက်ရှိ တိုင်တရာဘုန်းတော်ကြီးကျောင်း၊ မြို့မ (၂) ရပ်ကွက်ရှိ တံခွန်တိုင်ဘုန်းတော်ကြီးကျောင်း၊ သာသနာ့ဝံသဘုန်းတော်ကြီးကျောင်းတို့၌ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေထိုင်ကြရပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် နေထိုင်စားသောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှုများအပြင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ပရဟိတလုပ်ငန်းများ လုပ်ဆောင်နေကြသည့် စေတနာ့ဝန်ထမ်းအဖွဲ့များသို့ ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုအတွင်း ပရဟိတလုပ်ငန်းများ လုပ်ဆောင်နေကြသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဧပြီလမှ စက်တင်ဘာလအတွင်း ထောက်ပံ့ကြေးကို ကမ္ဘာ့အေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ နံနက် ၁၁ နာရီက ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ကြေးပေးအပ်ရာတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၇၀ အတွက် ဆရာမထောက်ပံ့ကြေးငွေကျပ်သိန်း ၂၁၀ နှင့် သင်ထောက်ကူပစ္စည်းထောက်ပံ့ကြေးငွေကျပ် ၃၅ သိန်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၅၆ ခုမှ လူဦးရေ ၅၂၄၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၁၇၄၂၀၀၀၊ မသန်စွမ်းဂေဟာ လေးခုမှ လူဦးရေ ၆၆၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၃၄၀၂၀၀၀၊ ဘိုးဘွားရိပ်သာ ၁၁ ခုမှ ဘိုးဘွား ၆၉၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၂၀၆၁၅၀၀၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဂေဟာတစ်ခုမှ လူဦးရေ ၇၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၅၄၅၅၀၀ နှင့် မရမ်းချောင်ပရဟိတဂေဟာမှ လူဦးရေ ၁၃၄ ဦးအတွက် စားစရိတ်ထောက်ပံ့ငွေကျပ် ၇၃၅၆၆၀၀ ဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၂၄၆၀၇၆၀၀ အား ဆန်၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှုုလစာများအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က "ကျွန်မတို့ဌာနအနေနဲ့ ဒီအဖွဲ့အစည်းတွေအတွက် ငွေကြေးအားဖြင့် တစ်စိတ်တစ်ဒေသထောက်ပံ့ပေးခြင်းနဲ့ နည်းပညာပံ့ပိုးပေးခြင်းတွေကိုပါ ဆောင်ရွက်ပေးနေပါတယ်၊ အဓိကကတော့ ကလေးတွေအတွက် အကောင်းဆုံးလုပ်ဆောင်ပေးဖို့ပါ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေက တည်ထောင်ထားတဲ့ ဂေဟာတွေအနေနဲ့လည်း အနိမ့်ဆုံးရှိရမယ့် စံချိန်စံညွှန်းတွေဖြစ်တဲ့ ကလေးတွေအတွက် စောင့်ရှောက်မှုပုံစံ၊ ကျွေးမွေးမှု၊ ကျန်းမာရေးများကို ကလေးတွေ အခွင့်အရေးရရှိစေဖို့အတွက် ဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်" ဟု ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ နည်းပညာနှင့် ငွေကြေးတစ်စိတ်တစ်ဒေသထောက်ပံ့ပေးနေသည့် ရပ်ရွာများအတွင်းဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၇၀ ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ မှတ်ပုံတင်ပြုလုပ်ပေးထားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ထားသော လူငယ်ပရဟိတဂေဟာ ၅၆ ခု၊ မသန်စွမ်းဂေဟာ လေးခု၊ ဘိုးဘွားရိပ်သာ ၁၁ ခုနှင့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဂေဟာ တစ်ခုဖြင့် စုစုပေါင်းဂေဟာ ၇၂ ခုရှိကာ လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ဖွင့်လှစ်ထားသော မရမ်းချောင်ပရဟိတဂေဟာတို့ရှိကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ကြေးပေးအပ်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမာ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မမကြီး၊ ဦးစီးအရာရှိ ဦးလှဦးနှင့် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးမြင့်အောင်**

## ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်သော်လည်း ရောင်းဝယ်ဖောက်ကားစည်ကားလျက်ရှိ

**ညောင်တုန်း ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ယခုရက်များအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေနှင့် အထက်သို့ ကျော်လွန်ရောက်ရှိကာ ဇူလိုင် ၂၆ ရက် မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ ၂၅ ဒသမ ၈ သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပတ်ရေကာတာများ ထူးပေါက်ပေါက်ခြင်း၊ ရေစိမ့်ဝင်ခြင်း မရှိစေရေး၊ ရေဘေးအန္တရာယ် ကင်းဝေးစေရေး၊ မြို့ပတ်ရေကာတာများ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီထံမှသိရသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ဆောင်ရွက်နိုင်ရန် သဲအိတ်များ စုဆောင်းထားရှိခြင်း၊ ပီနံအိတ်ခွံများနှင့် မြို့ရေကာတာများတွင် နေ့၊ ညမပျက် ရေကင်းများ ချထားဆောင်ရွက်လျက်ရှိပြီး အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ရေဘေးကာကွယ်ရေး ပစ္စည်းများ အသင့်ရှာဖွေထားရှိပြီး ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုရောက်နေသည့် ရေမှတ်မှာ ၂၂ ဒသမ ၈ ဖြစ်ရာ ညောင်တုန်းမြို့၏ မြို့ပတ်တာ၏ အမြင့်မှာ ၃၀ ဒသမ ၅၀ ပေဖြစ်ရာ အန္တရာယ်မရှိသေးနိုင်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းက ပြောပြသည်။

"လှိုင်မြစ်ရဲ့ အနေအထားကတော့ ညောင်တုန်းမြို့ရဲ့ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ နေသော်လည်း မြို့ရေကာတာကို ဘိုးပိုင်၊ Sheet ပိုင်၊ ကျောက်စီ မြေထိန်းနံရံများဖြင့် ဆောင်ရွက်ထားတာ ဖြစ်တဲ့အတွက် မြို့နေလူထုကတော့ စိတ်အေးချမ်းသာစွာဖြင့် ယခုလက်ရှိနေထိုင်နိုင်ပြီး မြို့အနေနဲ့ စိုးရိမ်စရာ မရှိသေးပါဘူး"ဟု ညောင်တုန်းမြို့နေ ဒေသခံတစ်ဦးဖြစ်သူ ဦးဟန်သောင်းက ပြောပြသည်။

"နှစ်စဉ်နှစ်တိုင်းလိုလို ဧရာဝတီမြစ်ရေမြင့်တက်လာလို့ စိုးရိမ်ရေမှတ်ကျော်ပြီ ဆိုကတည်းက မြို့နေပြည်သူတွေ ရေဘေးအန္တရာယ် မကျရောက်စေဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်၊ အရေးပေါ်ဖြစ်ရင် ဆောင်ရွက်နိုင်ဖို့ ရေဘေးကာကွယ်ရေးပစ္စည်းတွေကို အရန်သင့်ပြင်ဆင်ထားပါတယ်၊ ပီနံအိတ်ခွံတွေ၊ သဲတွေ၊ ဝါးတွေ၊ ဝါးထရံနဲ့ မိုးကာစများပါ စုဆောင်းထားရှိပြီး အသင့်ပြုလုပ်ထားပါတယ်၊ နေ့၊ ညမပျက် အချိန်နှင့်တစ်ပြေးညီ ရေကင်းများ ကြည့်ရှုစစ်ဆေးခြင်း၊ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး မြို့ပတ်ကျေးရွာ ရေကာတာတွေ ကောင်းမွန်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ အသင့်ဆောင်ရွက်နေပါတယ်" ဟု ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသောင်းတန် (ယာယီမီးသတ်မြို့နယ်ဦးစီးမှူး)က ပြောသည်။

ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်သည် ၂၂ ဒသမ ၅၀ ပေဖြစ်ပြီး အန္တရာယ်ရေမှတ်သည် ၂၄ ဒသမ ၅ ပေဖြစ်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေသည် ၂၆ ဒသမ ၈ ပေအထိ အမြင့်ဆုံးမြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုလက်ရှိအခြေအနေတွင် မြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်သို့ ရောက်ရှိနေသော်လည်း စိုးရိမ်ဖွယ် အခြေအနေ မရှိသေးဘဲ လမ်းပန်းဆက်သွယ်မှုများ ပုံမှန်ကောင်းမွန်လျက်ရှိပြီး မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများ ပုံမှန်ဖွင့်လှစ်ရောင်းချသူများ ဖြင့် စည်ကားလျက်ရှိသည်။

**ထွန်းကျော်(ညောင်တုန်း)**

### တိုတိုထွာထွာဖတ်စရာ

## ခြင်ထောင်ဆေးစိမ်ခြင်းနှင့် အဘိတ်ဆေးခတ်

**ရန်ကုန်**

ရန်ကုန်မြို့ တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးယုလေးအောင်နှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါ်ယဉ်မင်းသန့်တို့ကြီးကြပ်လျက် ဝန်ထမ်းများသည် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်း ၁၆၁ ဝင်းအတွင်း ဇူလိုင် ၂၆ ရက် နံနက်က ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခဲ့ကြသည်။

"ဒီဝင်းထဲမှာ တိုက် ၇၅ လုံးရှိပြီး အခန်းပေါင်း ၃၀၀ ခန့်ရှိပါတယ်၊ ဆေးစိမ်ခြင်းကြောင့် ခြင်ကိုက်ခြင်း၊ သန်း၊ ကြမ်းပိုး၊ ခြ၊ လှေး စသည်တို့ကို ကာကွယ်စေပြီး အဘိတ်ဆေးခတ်ပေးတဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဇီကာဗိုင်းရပ်ရောဂါတွေကို ကြိုတင်ကာကွယ်ပြီးသားဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးမှူး ဒေါ်ယဉ်မင်းသန့်က ရှင်းပြသည်။

**၁၉၇**

## ဟင်္သာတ၌ ကြိုတင် သတိပေးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**ဟင်္သာတ**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့ပြဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်မှု အစီအစဉ်မှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးပစ္စည်းများနှင့် ကြိုတင်သတိပေးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးပစ္စည်းများပါဝင်သည့် Emergency Response Team Kit များကို ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်၊ ဟင်္သာတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့များထံသို့လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးမိုးမြင့်ခိုင်တို့က ကြိုတင်သတိပေးရေးလုပ်ငန်းသုံးပစ္စည်းများပါဝင်သည့် Early Warning Item များကို ရပ်ကွက်၊ ကျေးရွာများမှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မယ်စဲ့၌ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

**မယ်စဲ့**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇွဲမင်းထက်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အုပ်စုအုပ်ချုပ်ရေးမှူးများက သိလိုသည့်လုပ်ငန်းအစီအမံများ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကုတ်၌ ရေများဝင်ရောက်

**တောင်ကုတ်**

သံတွဲခရိုင် တောင်ကုတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် ၆ ဒသမ ၇၇ လက်မ၊ ဇူလိုင် ၂၅ ရက်တွင် ၂ ဒသမ ၂၈ လက်မနှင့် ဇူလိုင် ၂၆ ရက်တွင် ၂ ဒသမ ၇၂ လက်မ ရွာသွန်းခဲ့မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ချောင်းကောက်ရပ်ကွက်၊ ဂူတာရပ်ကွက်၊ ကံပိုင်ရပ်ကွက်၊သိမ်တောင်ရပ်ကွက်တို့တွင် ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီခန့်မှစတင်ကာ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

တောင်ကုတ်ချောင်း၏ စိုးရိမ်ရေမှတ်မှာ ၅၂၀ စင်တီမီတာရှိပြီး ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ၅၈၆ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် စိုးရိမ်ရေအမှတ်ထက် ၆၆ စင်တီမီတာကျော်လွန်လျက်ရှိကြောင်း သံတွဲခရိုင် မိုး/ဇလဦးစီးဌာနမှ သိရှိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဘိုကလေး၌ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြသ

**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဆောင်သော တာဝန်ရှိသူများက ကောက်စိုက်စက်ဖြင့် ပျိုးပင်အားလက်တွေ့သရုပ်ပြ စိုက်ပျိုးပေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု ငွေတောင်ကျေးရွာရှိ တောင်သူဦးတင်စိုး၏လယ်မြေ၌ လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကောက်စိုက်စက်တစ်စီးဖြင့် လယ်မြေငါးဧကအား ပျိုးပင်များ စိုက်ပျိုးပြသခြင်းအပြင် စမ်းသပ်လယ်မြေ သုံးဧကတွင် ထုံးနှင့် ဓာတ်မြေဩဇာ မြေခံမြေဩဇာ ထည့်သွင်းပြသခြင်း၊ မြေညှိစက်ကိရိယာတစ်စီးဖြင့် လယ်တမန်းမျက်နှာပြင်ညီအောင် မြေညှိသရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သူဇာနွယ် (ဖျာပုံ)**

# ဘုရားရှင်ကိုယ်စား စေတီဘုရား ပွားများကုသိုလ်

မသော်တာ(ရေး/သု)

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ဘီစီ ၅၂၈ တွင် မဇ္ဈိမဒေသ ကပိလဝတ်ပြည် နေရဉ္စရာမြစ်အနီးမှ ဥရုဝေလတောအတွင်းရှိ ဗောဓိညောင်ပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်မြတ်ရတော်မူပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ဗုဒ္ဓမြတ်စွာသာသနာတော်သည် ထိုအချိန်မှစ၍ အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံသို့ အနောက်မြောက်မှလည်းကောင်း၊ အနောက်ဘက်မှလည်းကောင်း၊ အနောက်တောင်ဘက်မှလည်းကောင်း စတင်ပျံ့နှံ့ခဲ့လေသည်။ ဗုဒ္ဓသာသနာနှင့်အတူ ဗုဒ္ဓနိမ္မိတကိုယ်ပွားကိုးကွယ်မှုသည်လည်း မဇ္ဈိမဒေသမှ စတင်ပေါ်ပေါက်လာခဲ့ပြီး ဗုဒ္ဓဆင်းတုတော်များ အရှေ့တောင်အာရှသို့ ပျံ့နှံ့ခဲ့သည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အစောပိုင်းကာလတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်ကြသည်။ မောရိယခေတ် (ဘီစီ ၃၂၃-ဘီစီ ၁၈၅)၊ သုင်္ဂခေတ် (ဘီစီ ၁၈၅-ဘီစီ ၇၂) နှင့် အန္ဓရခေတ်ဦး (ဘီစီ ၇၂-ဘီစီ ၂၅)တို့တွင် ကိုယ်စားတော် အမှတ်လက္ခဏာများ အဖြစ်လည်းကောင်း၊ စတုသံဝေဇနိယလေးဌာန ကိုယ်စားပြုသော ဗောဓိပင်၊ ရွှေပလ္လင်နှင့် ဓမ္မစကြာလှည်းဘီးပုံ တို့ကိုလည်းကောင်း ပူဇော်ခဲ့ကြသည်။ ကုသျှန်ခေတ်လက်ရာများကို အိန္ဒိယပြည်အလယ်ပိုင်း ယမုန်နာမြစ်ကမ်းပါးရှိ မထူရာဒေသ၊ အိန္ဒိယပြည် အရှေ့တောင်ပိုင်း ကစ္စနမြစ်ဝအနီးရှိ အမရဝတီဒေသ၊ အိန္ဒိယပြည် အနောက်မြောက်ပိုင်းရှိ ဂန္ဓာရဒေသ၊ အိန္ဒိယပြည် တောင်ပိုင်းရှိ နာဂဇုနကုဏ္ဍဒေသတို့တွင် တွေ့ရှိနိုင်ပါသည်။

ယနေ့ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ရှေးအခါက ဂန္ဓာရတိုင်းဖြစ်ခဲ့သည်။ ဘီစီ ၃၂၆ တွင် ဂရိဘုရင် အလက်ဇန္ဒားသည် အိန္ဒိယအနောက်မြောက်ပိုင်းရှိ ဂန္ဓာရဒေသကို သိမ်းပိုက်စဉ် ဂရိလက်ရာ ဗုဒ္ဓဆင်းတုတော်များကို ထုလုပ်ကြရာ လက်ရာအဆင့်အတန်းမှာ ပြေပြစ်ချောမောမှုနှင့် သဘာဝအကျဆုံး၊ အကောင်းဆုံးလက်ရာများဖြစ်သည်။

အေဒီ ၄ရာစုတွင် စန္ဒြဂုပတ္တားမင်း တည်ထောင်ခဲ့သော ဂုပ္ပတားခေတ်၌ ထုလုပ်ခဲ့သော ဆင်းတုတော်များသည် သန္တိသုခသာယာချမ်းမြေ့မှုငြိမ်းအေးမှုတို့ကို ပေါ်လွင်အောင် ထုလုပ်လာသည်။ ဂုပ္ပတားလက်ရာများကို ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ဂင်္ဂါမြစ်ဝှမ်းဒေသ၊ အမရဝတီ၊ ဘင်္ဂလားနယ်စသော နယ်များအထိ ဂုပ္ပတားခေတ် လက်ရာများကို တွေ့ရှိနိုင်သည်။ သဲကျောက်နှင့် ကြေးဝါကို အသုံးပြု၍ ထုလုပ်ပူဇော်ကြသည်။ အေဒီ ၉ ရာစုတွင် ထုလုပ်ခဲ့သော ပါလခေတ်လက်ရာမှာ သေသပ်ချောမွေ့ကာ လက်ရာအနုစိတ်ထုလုပ်ရာတွင် စံထားလောက်သော ပုံတော်များဖြစ်သည်။ အနက်ရောင် မီးသင့်ကျောက်များကို ချောမွတ်အောင် အရောင်တင် ထုလုပ်နိုင်မှုသည် ပါလခေတ်၏ ထူးခြားမှုဖြစ်သည်။

အိန္ဒိယ၏ ဗုဒ္ဓဆင်းတုတော်ထုလုပ်မှု အတတ်ပညာသည် မြန်မာနိုင်ငံအတွင်းသို့ ပျူခေတ် မှစတင်၍ ဝင်ရောက်လာကာ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်း ခေတ်၊ ကုန်းဘောင်ခေတ် ခေတ်အဆက်ဆက် မြန်မာပြည်သူများက တည်ထားကိုးကွယ်ခဲ့ကြသည်။

ပုဂံခေတ်တွင် ကြေးသွန်းလက်ရာမှာ စံထားရမည့် လက်ရာဖြစ်သည်။

ပုဂံခေတ်နောက်ပိုင်း အင်းဝခေတ်၌ အင်းဝ-ဟံသာဝတီ အနှစ် ၄၀ စစ်ကြောင့် များစွာသော သာသနိကပစ္စည်းများနှင့် ဆင်းတုတော်များ ပျက်စီးဆုံးရှုံးခဲ့ရာ ကြေးနှင့် ကျောက်ဆင်းတုအနည်း ငယ်သာ ရှာဖွေတွေ့ရှိရသည်။ အင်းဝခေတ်တွင် မံဘုရားကို အများအပြား ပြုလုပ်လာကြသည်။ မံဘုရားများကို ရှမ်းပြည်နယ်ဒေသများ၌ ယနေ့တိုင် ဆက်လက်ကိုးကွယ်နေကြသည်။ ပင်းတယမြို့ ကံ့ထောင့်ကျောင်း၊ ရန်အောင်ကျောင်း၊ စေတီကြီးကျောင်းတွင် ရက်စွဲပါ မံဘုရားများ ရှိသည်။ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဆင်ရှင်ရွာတွင်လည်း မံဘုရားအများအပြား တွေ့ရှိရသည်။ သဲကျောက်ဖြင့်ထုလုပ်သော ပန်းပုရုပ်တုများကို ဖိုလ်ဝင်တောင်တစ်ဝိုက်တွင် တစုတစည်းတည်း အများဆုံး ကိုးကွယ်ခဲ့ကြသည်။ အင်းဝခေတ်နှင့် ရခိုင်မြောက်ဦးခေတ်သည် ခေတ်ပြိုင်ထွန်းကားလာခဲ့ရာ သျှစ်သောင်းပုထိုးတော်ကြီးနှင့် ကိုးသောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်တော်ကြီးတို့ရှိ ကျောက်ဆစ်လက်ရာများမှာ အင်းဝခေတ် လက်ရာများနှင့် ပုံသဏ္ဌာန်ချင်း ဆင်တူနေသည်။

စစ်ကိုင်းလေးကျွန်းမာန်အောင်ရှိ စကျင်ကျောက်ဆင်းတုတော်ကြီးနှင့် အင်းဝနေပြည်တော်ရှိ 'လောကသရဖူ' ဘွဲ့တော် ဆင်းတုတော်ကြီးမှာ ထူးခြားသောဘုရားများဖြစ်သည်။ ပုဂံဒေသရှိ အာနန္ဒာစေတီတော်အတွင်း အနောက်ဘက် မတ်ရပ်ဆင်းတုတော်ကြီးမှာ ကုန်းဘောင်ခေတ်ဦး အမွေအနှစ်အဖြစ် ဖူးမြော်နိုင်သည်။ ကုန်းဘောင်ခေတ်လယ် အမရပူရခေတ်တွင် ကြာသက်န်းဖြင့် ပူဇော်ကြသည်။ သင်္ကန်းတော်အတွန့်အခေါက်များကို ကြာပွင့်ကြာချပ် ကနုတ်ပန်းသဏ္ဌာန်ဖော်ခဲ့ပြီး ညာဘက်ပခုံးထက်၌ သင်္ကန်းစဖြင့် ဖုံးအုပ်ထားသည်။ ဘိုးတော်မင်းတရား၏ စန္ဒာမုနိရုပ်ပွားတော်၊ ဘကြီးတော်မင်း တည်ထားခဲ့သော မဟာသကျသီဟရုပ်ပွားတော်၊ ပုဂံမင်း၏ ကောင်းမှုတော်ဖြစ်သော အမရပူရမြို့ တောင်သမန်တွင် မဟာသကျရံသီ ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်တို့မှာ ကြည်ညိုဖွယ်ဖြစ်သည်။

ကုန်းဘောင်ခေတ် မန္တလေးမြို့ မင်းတုန်းမင်း ကုသိုလ်တော်ဖြစ်သော သကျမာရဇိန်ဘွဲ့တော်ရှိ ကျောက်တော်ကြီးဘုရားသည် ရတနာပုံခေတ်၏ ထင်ရှားသော ဆင်းတုတော်ကြီးဖြစ်ပေသည်။ မုံရွာ ဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း၊ ဘဒ္ဒန္တဉတ္တသီရိ၏ သတ္တုပိသုကာကျမ်းနှင့် ဦးရှမ်းဖြူပြုစုသော သတ္တုရူပကဝိလာသနီကျမ်းတို့နှင့်အညီ ဗုဒ္ဓပုံတော်များဖြင့် ကြည်ညိုပူဇော်ခဲ့ကြသည်။ မြန်မာလူမျိုးများသည် ဘာသာတရားကိုင်းရှိုင်းပြီး ယဉ်ကျေးမှုအစဉ်အလာကောင်းများကို သားစဉ်မြေးဆက် ဆက်ခံထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

ဆိုလိုသည်မှာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၀ ကျော်ခဲ့ပြီ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော်လည်း ဓာတုပရိနိဗ္ဗာန် စံဝင်တော်မမူသေးသည်ကို အများပြည်သူ သိရှိရန်လိုအပ်သည်။ ဗုဒ္ဓဘုရားရှင် အပြီးတိုင်ပရိနိဗ္ဗာန်စံဝင်တော်မမူသေးသဖြင့် မြတ်စွာဘုရား သက်ရှိထင်ရှား ရှိနေသေးသည်ဟု မှတ်ယူနိုင်သေးသည်။ မြတ်စွာဘုရား ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူစဉ်က ဓာတ်တော်မွေတော်များမှာ ကမ္ဘာအနှံ့ ပျံ့နှံ့ခဲ့သည်ကို မှတ်သားမိကြမည်ဖြစ်သည်။ ထိုဓာတ်တော်မွေတော်တို့ကို ကမ္ဘာတစ်ဝန်းတွင် တည်ထားသော ရုပ်ပွားဆင်းတုတော်တို့တွင် ဌာပနာထည့်သွင်း၍ အများပြည်သူတို့ ကြည်ညိုပူဇော်နိုင်ကြလေသည်။

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်အများပြည်သူတို့ မြတ်စွာဘုရားရှင် သက်ရှိထင်ရှားရှိနေဘိသကဲ့သို့ ကိုးကွယ်ဆည်းကပ်နိုင်သည်မှာ မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကို မပျောက်ပျက်စေဘဲ စေတီဘုရားများတည်ထားပေးခဲ့သည့် ရှေးမင်းကောင်းမင်းမြတ်များ၊ သာသနာ့ဒါယကာ ဘုရားဒါယကာများက မြတ်စွာဘုရားရှင် ဂုဏ်အင်္ဂါနှင့်အညီ တည်ဆောက်ပေးနိုင်ခဲ့ပြီး ဗိသုကာပညာရှင်များ၏ ကောင်းမှုလည်းပါဝင်သည်။

မျက်မှောက်ကာလ ဝါဆိုလပြည့်နေ့ကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ နေ့ထူးနေ့မြတ်အခါသမယနေ့များတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ရှေးရှေးစေတီဘုရားများတွင် ကြည်ညိုသဒ္ဓါပွားများ ကုသိုလ်ယူနိုင်သည့် ကောင်းမှုများ ကမ္ဘာဆုံးတိုင် တိုးပွားနိုင်ရေးအတွက် ရှေးဟောင်းစေတီဘုရားရုပ်ပွားဆင်းတုတော်များ မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လေးစားစွာဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ။

> "မျက်မှောက်ကာလ ဝါဆိုလပြည့်နေ့ကဲ့သို့ ဗုဒ္ဓဘုရားရှင်နေ့ထူးနေ့မြတ် အခါသမယနေ့များတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ရှေးရှေးစေတီ ဘုရားများတွင် ကြည်ညိုသဒ္ဓါပွားများ. . . "

*ကျမ်းကိုးစာရင်း*

**၁။ မောင်မောင်တင်၊ ဦး ခေတ်အဆက်ဆက်၌ ကိုးကွယ်ကြသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဉာဏ်လင်းဓမ္မစာပဒေသာ၊ ၁၉၈၂**
**၂။ မြင့်စံ၊ ဦး သမိုင်းဝင်ပုံသဏ္ဌာန် တင်ကျန်ခဲ့သော မြန်မာ့ပန်းပုလက်ရာ စာတမ်း (ပန်းပုပညာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်)**
**၃။ သန်းထွန်း၊ ဒေါက်တာမံဘုရား၊ ခေတ်ဆန်းဂျာနယ်**
**၄။ သန်းထွန်း၊ မော်လမြိုင် ခေတ်သမိုင်းအခြေပြု ဗုဒ္ဓဆင်းတုတော်များ၊ ပြည့်စုံပုံနှိပ်တိုက်**
**၅။ တင်ရွှေ၊ ဆရာဝန် မြတ်ဗုဒ္ဓသာသနာပုံတော် သမိုင်း၊ တင်ရွှေစာပေ၊ ၁၉၉၀**
**၆။ စပ်ထွန်းမှတ်ဝင်း မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ သာသနာရေးဦးစီးဌာန**
၇။ Than Tun, Dr Buddhist Art and Architecture
၈။ Tin Hla Thaw, U The Development of the Buddha Images in Burma, Thesis for the Degree of Master of Arts, May 1963

## ကွတ်ခိုင်မြို့နယ် လျှိုင်ဆမ်ဆစ်တောင်ပေါ်မှ မင်္ဂလာစုမ့်မိန်းစေတီတော် ရွှေထီးတော်တင်လှူ

**ကွတ်ခိုင် ဇူလိုင် ၂၇**

မိုင်းဖုန်းဆရာတော် တည်ထားတော်မူသော ကွတ်ခိုင်မြို့နယ် လျှိုင်ဆမ်ဆစ်တောင်ပေါ်မှ ဆုတောင်းပြည့်မင်္ဂလာစုမ့်မိန်းစေတီတော်မြတ်၏ ရွှေထီးတော်တင်လှူပွဲကို (ဇူလိုင် ၂၇ ရက်) ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါထီးတော်တင်လှူပွဲသို့ ရှမ်းပြည်နယ်မှ ဆရာတော်များနှင့် ကွတ်ခိုင်မြို့နယ် ဆရာတော်၊ သံဃာတော်များ၊ သီပေါမြို့နယ် နမ့်လန်အလယ်ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဉာဏောဘာသနှင့် ဒါယကာ ဒါယိကာမများ၊ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားများ လာရောက်ကြရာ အထူးစည်ကားလျက်ရှိကြသည်။

စေတီတော်ထီးတော်တင်ရက်တွင် မိုးများရွာသွန်းနေ၍ ပင်လယ်ရေမျက်နှာပြင်အထက် ၆၁၂၅ ပေ အမြင့်၌ တည်ထားသည့် စေတီတော်မြတ်သို့ ခက်ခဲစွာ တက်ရောက်ခဲ့ကြရာ ဒေသခံများနှင့် ရပ်နီး ရပ်ဝေးတို့မှ စေတနာရှင်များက စားသောက်ဖွယ်ရာများ၊ သစ်သီးဝလံများ၊ သောက်ရေသန့်ဘူးများ၊ တိုင်းရင်းဆေးများကို ဒါနပြုလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**



## ဝါတွင်းကာလ၌ ဝါဆိုပန်းကပ်လှူသည့်ဓလေ့ကို နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစားလေ့လာကြည့်ရှု

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့၏ ဝါတွင်းကာလ ရိုးရာယဉ်ကျေးမှုအဖြစ် ဝါဆိုပန်းကပ်လှူသည့် ဓလေ့ပုံရိပ်များကို မြင်တွေ့ကြသည့် နိုင်ငံတကာခရီးသွားများက စိတ်ဝင်တစားလေ့လာကြည့်ရှု၍ မှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတကာခရီးသွားများအနေဖြင့် မန္တလေးမြို့ရှိ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရှေးဟောင်းအဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုခြင်းများဖြင့် ရာသီအလိုက် ပြုမူဆောင်ရွက်ကြသည့် ဒြပ်မဲ့ရိုးရာယဉ်ကျေးမှုဓလေ့များကိုလည်း စိတ်ဝင်တစားလေ့လာကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများရိုက်ကူးလေ့ရှိကြောင်း ဧည့်လမ်းညွှန် ကိုမောင်က ပြောသည်။

"ဒီခရီးသွားအဖွဲ့မှာပြင်သစ်နဲ့ ဩစတြေးလျလူမျိုးတွေ အများဆုံးပါဝင်ပါတယ်။ ဒီနေရာကို ကားနဲ့ ဖြတ်သွားတဲ့အချိန် လမ်းပေါ်မှာ ကျောင်းသား ကျောင်းသူတွေ ပန်းစည်းတွေကိုင်ပြီး စီတန်းလျှောက်လာတာတွေ့လို့ လေ့လာမေးမြန်းပြီး မှတ်တမ်းဓာတ်ပုံတွေရိုက်ကြပါတယ်။ ဒီပုံရိပ်တွေကို သူတို့အလွန်နှစ်သက်တယ်လို့လည်း ပြောကြတယ်" ဟု အဆိုပါဧည့်လမ်းညွှန်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)၊ အောင်သူရ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။



# ဘောဘုတ်ပေါ်မှာ ဆက်လက် ရပ်တည်နေဆဲ BTS

တောင်ကိုရီးယား ကမ္ဘာကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ ယခုသီတင်းပတ်မှာလည်း အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်နဲ့ နိုင်ငံတကာ တေးဂီတဇယားတစ်ခုဖြစ်တဲ့ ဘောဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ်များစာရင်းမှာ ဆက်လက်ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။ ဒီစာရင်းမှာ တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်ခဲ့သည့်အချိန်မှ စတင်ပါဝင်နိုင်ခဲ့ကာ လတ်တလောမှာတော့ သီတင်းပတ် ကိုးပတ်ဆက်တိုက် ရပ်တည်နေနိုင်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS" ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear" ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဘောဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ် ၄၉ မှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒါ့အပြင် အဆိုပါတေးအယ်လ်ဘမ်ဟာ ကမ္ဘာ့တေးအယ်လ်ဘမ်စာရင်းမှာတော့ နံပါတ်တစ်နေရာမှာ ရပ်တည်နေတာတွေ့ရပါတယ်။ အင်ဒီပန်းဒန့်တေးအယ်လ်ဘမ်များစာရင်းမှာ နံပါတ် ငါးနေရာရနေပြီး ထိပ်တန်းတေးအယ်လ်ဘမ် အရောင်းစာရင်းမှာတော့ နံပါတ် ၁၂ နေရာမှာ ရှိနေပါတယ်။ ကနေဒီယန်တေးအယ်လ်ဘမ်စာရင်းမှာတော့ နံပါတ် ၄၅ နေရာမှာ ရှိနေပါတယ်။

"Love Yourself: Tear" တေးအယ်လ်ဘမ်မှာပါဝင်တဲ့ ခေါင်းစီးတေး "Fake Love" ဟာလည်း လတ်တလောမှာ ထိပ်တန်းပေ့ါ်ပ်တေးသီချင်း ၄၀ စာရင်းမှာ ပါဝင်နေပြီး အဆင့် ၃၉ မှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

# ဇာတ်လမ်းတွဲ ရုပ်ရှင်သစ်မှာ လီယောင်အေး ပါဝင်သရုပ်ဆောင်

မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ ချန်ဂင်လို့ အစွဲပြုခေါ်ဝေါ်ကြတဲ့ တောင်ကိုရီးယား မင်းသမီး လီယောင်အေးဟာ အနုပညာလှုပ်ရှားမှုတွေကို ပြီးခဲ့တဲ့ နှစ်အတွင်းကမှ



ပြန်လည်စတင်ခဲ့တာဖြစ်ပါတယ်။ ရုပ်ရှင်တွေကနေ ဆယ်စုနှစ်နဲ့ချီကာ ကွဲကွာနေရာမှ ပြန်လည်လှုပ်ရှားလာတဲ့ လီယောင်အေးဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ လီယောင်အေးရဲ့ ရုပ်ရှင်သစ်ကတော့ "My ID Is Gangnam Beauty" ဖြစ်ပြီး ယင်းရုပ်ရှင်မှာတော့ သူဟာ အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတာတော့ မဟုတ်ကြောင်း အောကေပေ့ါ်ပ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၄ ရက်မှာ အဆိုပါဇာတ်လမ်းတွဲကို ထုတ်လွှင့်ပြသသွားမယ့် JTBC ရုပ်သံလိုင်းက လီယောင်အေး ပါဝင်သွားမယ့်အကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ယခင်က အဆိုပါဇာတ်လမ်းတွဲ ရိုက်ကူးမှာဖြစ်ကြောင်း ပရိသတ်ကို အသိပေးခဲ့စဉ်က ဒီဇာတ်လမ်းမှာ လီယောင်အေး ပါဝင်သွားမှာဖြစ်ကြောင်း တစ်ခါမျှ ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် ယင်းဇာတ်လမ်းတွဲရဲ့ ပထမပိုင်းကို ထုတ်လွှင့်ပြသရာမှာတော့ လီယောင်အေး ပါဝင်ကြောင်း ပရိသတ်တွေက အံ့အားသင့်ဖွယ် တွေ့ရှိခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ လီယောင်အေးဟာ ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ်သာ ပါဝင်ထားတာဖြစ်တယ်လို့ သိရပါတယ်။

လီယောင်အေးအနေနဲ့ ဒီဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်ခဲ့ခြင်းကတော့ သူနဲ့ ရင်းနှီးတဲ့ ရိုက်ကူးရေးဝန်ထမ်းကြောင့် ပါဝင်ဖို့ရာ ဆုံးဖြတ်လိုက်ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ လီယောင်အေး ပါဝင်လာမှုကြောင့် "My ID Is Gangnam Beauty"ကတော့ ပရိသတ်တွေရဲ့ အာရုံကို ပိုမိုဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဒီရုပ်ရှင်ဟာ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်စတင်လာတဲ့ လီယောင်အေးအတွက် ပထမဆုံးလည်း ဖြစ်တယ်လို့ သိရပါတယ်။

# လေးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇာတ်ဝင်တေးသီဆိုသွားမယ့် ဂျန်နာရာ

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့အပြင် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ကျော်ကြားနေတဲ့ ဂျန်နာရာဟာ ဇာတ်ဝင်တေးသီချင်းတွေ မသီဆိုဖြစ်တာ အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် "Your House Helper" ရုပ်ရှင်အတွက် ဇာတ်ဝင်တေးကိုတော့ သီဆိုပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် သီဆိုတာဖြစ်တယ်လို့လည်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၆ ရက်မှာတော့ ဂျန်နာရာအနေနဲ့ ဇာတ်ဝင်တေးသီချင်းကို "Your House Helper" ဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်သီဆိုပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာပါ။ ဇာတ်ဝင်တေးသီချင်းရဲ့ အမည်ကတော့ "Someday" ဖြစ်ပြီး ဒီတေးသီချင်းပါဝင်မယ့် ဇာတ်လမ်းတွဲကိုတော့ KBS2 ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ ဇာတ်လမ်းတွဲရဲ့ အဓိကအမျိုးသမီးသရုပ်ဆောင်ရဲ့ ခံစားချက်တွေကို ဖွဲ့သီထား



တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါဇာတ်ဝင်တေးမတိုင်မီ ဂျန်နာရာနောက်ဆုံးသီဆိုခဲ့တဲ့ ဇာတ်ဝင်တေးကတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း MBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ "Mister Beak"မှာ ပါဝင်တဲ့ ဇာတ်ဝင်တေးဖြစ်တယ်လို့လည်း သိရပါတယ်။

# "Charlie's Angels" ရုပ်ရှင်သစ်တွင် ခရစ်စတင်းစတူးဝပ် ပါဝင်သွားမည်

တစ်ချိန်က အလွန်ကို ကျော်ကြားခဲ့တဲ့ "Charlie's Angels (ချာလီနှင့် နတ်သမီးများ)" ရုပ်ရှင်ကို ပြန်လည်ဆန်းသစ်သွားမှာဖြစ်ကြောင်း သတင်းတွေ ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ ယင်းရုပ်ရှင်မှာ ပါဝင်မယ့် အဓိကအမျိုးသမီးဇာတ်ဆောင်တစ်ဦးအဖြစ် မင်းသမီး ခရစ်စတင်းစတူးဝပ်က ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟောလိဝုဒ် နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ ခရစ်စတင်းစတူးဝပ်ဟာ အောင်မြင်တဲ့ သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းတွဲ "Twilight" နဲ့ ကျော်ကြားလာသူတစ်ဦးဖြစ်ပါတယ်။ သူဟာ နောက်ဆုံးသော "Twilight" ရုပ်ရှင်ကို လွန်ခဲ့တဲ့ ခြောက်နှစ်ခန့်က ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာတော့ ရုပ်ရှင်အချို့မှာ ပါဝင်ခဲ့ပါသေးတယ်။ ဒါပေမယ့် လတ်တလောမှာတော့ တစ်ချိန်က အလွန်ကို အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားမှာ ပါဝင်သွားဖို့ရာ ဖြစ်လာခဲ့ပါပြီ။ ဒီရုပ်ရှင်ကလည်း ခရစ်စတင်းစတူးဝပ်ကို ယခင် သူ့ရဲ့ရုပ်ရှင် "Twilight" လို အောင်မြင်မှုမျိုး သယ်ဆောင်ပေးနိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

"Charlie's Angels" ရုပ်ရှင်မှာတော့ ခရစ်စတင်းစတူးဝပ်ဟာ မိန်းမလှလေးသုံးဦးအနက် တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပေမယ့် သူရဲ့ ဇာတ်ကောင်အတိအကျကိုတော့ လက်ရှိအချိန်အထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။ သူနဲ့အတူ အခြားသောနတ်မိမယ်တွေအဖြစ် ညိုမီစကော့ထ်နဲ့ အယ်လာဘာလင်စကာတို့က ပါဝင်သွားကြမှာပါ။ ဒီပြန်လည်ဆန်းသစ်ရိုက်ကူးသွားမယ့် ရုပ်ရှင်သစ်ကိုတော့ ဒါရိုက်တာ အယ်လိဇဘတ်ဘန့်ခ်ကတာဝန်ယူရိုက်ကူးပေးမှာပါ။ သူဟာ ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ "Hunger Games" နဲ့ "Pitch Perfect" တို့ကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာလည်း ဖြစ်ပါတယ်။

"Charlie's Angels" ရုပ်ရှင်သစ်ကိုတော့ လာမယ့် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း စတင်ပြသသွားနိုင်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။



## ဝါဆိုလပြည့်နေ့တွင် သန်လျင်ကျိုက်ခေါက်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



**ရန်ကုန် ဇူလိုင် ၂၇**
ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အားလျော်စွာ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများတွင် ကောင်းမှုကုသိုလ်ပြုကြသူများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ မိသားစုအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများနှင့် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားနေသည်ကို တွေ့မြင်ရသည်။

**သက်နိုင် (သန်လျင်)**

## ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး ဥပုသ်သီလဆောက်တည်သူများဖြင့်စည်ကား

**ကျိုက်မရော ဇူလိုင် ၂၇**
မွန်ပြည်နယ် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးတွင် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပုသ်သီလဆောက်တည်သူများ၊ ရပ်ဝေးမှဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးကားများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေ့တွင် မိုးသည်းထန်စွာရွာပြီး ဝါဆိုဝါခေါင်ရေဖောင်ဖောင် ဆိုသည့်အတိုင်း ရေထဲမိုးထဲတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနှင့် မွန်လူမျိုးတို့၏ ဘာသာတရားကိုင်းရှိုင်းမှုက လွန်စွာကြည်နူးအားရဖွယ်ကောင်းစွာ ဘုရား၊ ကျောင်းကန်စေတီပုထိုးများတွင် သီလယူသူ၊ တရားထိုင်သူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ ဝါဆိုသင်္ကန်းကပ်လှူပွဲများ၊ စတုဒိသာကျွေးသူများနှင့် အလှူဒါနပြုသူများကိုလည်း တွေ့ရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

---

**တိုတိုထွာထွာဖတ်စရာ**

### အလုပ်သမားဆေးရုံကြီး (ရန်ကုန်) မှ လူမှုဖူလုံရေးအဖွဲ့ ကွင်းဆင်းဆေးကုသ၊ ကျန်းမာရေးပညာပေး ဆွေးနွေး

**ရန်ကုန်**
လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) မှ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက်က အမှတ် (၁၆) မြမာလာလမ်း စက်မှုဇုန် သာကေတမြို့နယ်ရှိ Myan Shwe Pyi Tractors .,Ltd ၌ ပြုလုပ်သည်။

အလုပ်သမားဆေးရုံကြီး (ရန်ကုန်) မှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးက အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အကြောင်းများကိုလည်းကောင်း၊ အထူးကုဆရာဝန်ကြီး (ရောဂါဗေဒ) ဒေါက်တာညိုညိုဝင်းက ဆေးလိပ်၊ ကွမ်း၊ အရက်တို့၏ ဆိုးကျိုးများ၊ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းရောဂါများနှင့်ပတ်သက်၍လည်းကောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အထွေထွေရောဂါလူနာ ၁၅၁ ဦးအား ဆေးကုသမှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **နေသစ်ဦး**

### လှည်းကူးမြို့နယ်တွင် တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**လှည်းကူး**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ တောင်သူပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက သနပ်ပြင်ကျေးရွာအုပ်စု ကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒု-တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်လင်းက ကြခင်းအထွက်တိုးနည်းပညာအသုံးပြု၍ စိုက်ပျိုးခြင်း၊ မိုးစပါး၊ SRI စနစ်ဖြင့် ဆောင်ရွက်ခြင်းအစီအစဉ်များ၊ တောင်သူများနှင့် ရွေးချယ်နိုင်သော စိုက်စနစ်ယှဉ်ပြိုင်ကွက်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ သိလိုသည် များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်ဇော်**

### တွံတေး၌ မိုးစပါးဧကရှစ်သောင်းကျော် စိုက်ပျိုးရန်လျာထား

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ ယခုနှစ် မိုးရာသီအတွင်း မိုးစပါး ၈၁၉၆၈ ဧကလျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း တွံတေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

စိုက်ပျိုးရာတွင် ရေတော်မိုးတော် ၄၉၃၆၄ ဧက၊ ရေကြီးကွင်း ၂၅၂၇၆ ဧက၊ ရေနက်ကွင်း ၄၅၇၂ ဧက၊ သဲဆန်ကုန်းကြော ၂၇၅၆ ဧက စုစုပေါင်း ၈၁၉၆၈ ဧက လျာထားပြီး မျိုးကောင်းမျိုးသန့်ဖြစ်သော သီးထပ်ရင် ၇၀၇ ဧက၊ ထိုင်းရက် ၉၀ ၃၉ ဧက၊ ရက် ၉၀ ၂၂ ဧက၊ ဆင်းသုခ ၅၆၇ ဧက၊ မျော်ဘီ -၂ ဧက ၃၀၊ ရောမင်း ၆၂ ဧက၊ နှံကား ၃၄၉ ဧက၊ ပေါ်ဆန်းရင် ၁၄၀၀၅ ဧက၊ မီးဒုံးဧက ၄၄၀၀၀၊ ငကြွဲ ၂၀၈၇၅ ဧက၊ ကောက်ညှင်း ၁၃၁၂ ဧက မနောသုခနှင့် ဆင်းသွယ်လတ် အစရှိသောစပါးမျိုးများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

### ကတ္တရာလမ်းဖောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

**ဟိုပုံး**
ဟိုပုံး-တောင်ကြီး လမ်းမကြီးမှ ကမ္ဘောဇဘိလပ်မြေ စက်ရုံသွားလမ်း တစ်လျှောက် အကျယ် ပေ ၂၀၊ အရှည် ၆ ဒသမ ၅ မိုင် ကတ္တရာလမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီခွဲက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထက်ထက်(ဟိုပုံး)**

### မူးခင်းအသိပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်မောင်မျိုးက ဇူလိုင် ၂၆ ရက် ည ၇ နာရီက ရပ်ကွက်နေပြည်သူ ၄၀ အား မူးခင်းပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

---

## ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ မြစ်ရေတက်ချိန်ရပ်နားထား

**ရေစကြို ဇူလိုင် ၂၇**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှုထိန်းသိမ်းရေး လုပ်ငန်းများကို ဧရာဝတီမြစ်ရေတက်ချိန် ကမ်းပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။



ဗလဗကျေးရွာ ဧရာဝတီမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုကြောင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေ ၂၀၀၀ ကျော် မြစ်ကမ်းပါး ဇောင်းညှိကာ (Poly Felt) ခင်းပြီး (GeoBag)အိတ်များ ဖိကာဆောင်ရွက်ထားရှိမှုများနှင့် (Steel Cable Groyne) များဖြင့် ရေစီးကြောင်းပြောင်းပေးခြင်းများကြောင့် မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းထားနိုင်ကာ ရေနက်ကြောင်း ရေစီးသန်သည့်နေရာများအား (Steel Cable Groyne) များ ကြားထိုးပြုလုပ်ပေးပြီး ရေစီးသန်မှုအား ထိန်းသိမ်းကာ ရေကြောင်းညင်သာစွာစီးဆင်းစေရန် ဝါးဖောင်များ ကြားညှပ်ချထားပေးခြင်းကြောင့်မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းနိုင်ခြင်းဖြစ်ကြောင်း ဗလဗကျေးရွာနေ ဦးဖိုးကျော်က ပြောပြသည်။

ယခုအခါ မြစ်ရေတက်ချိန် ဖြစ်နေသောကြောင့် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ရပ်နားထားကာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧရာဝတီမြစ်ကမ်းပါး ကာကွယ်ရေးလုပ်ငန်းများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **ကိုထိန်(ငါ့သရောက်)**

## လက်တွေ့မီးငြှိမ်းသတ်နည်း ဟောပြောလေ့ကျင့်

**မြစ်ကြီးနား ဇူလိုင် ၂၇**
ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်ဖြင့် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ယူကာ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များ၌ မီးဘေးအန္တရာယ် အကြောင်း အသိပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ရက် မွန်းလွဲ၂နာရီက မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာအောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက မီးလောင်မှုဘေးအန္တရာယ်သည် လူတို့မဆင်မခြင်ပြုမူမှုမှဖြစ်ပွားသည့် ဘေးအန္တရာယ်ဖြစ်ပြီး လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်များအားလုံးအား ဖျက်ဆီးပစ်နိုင်စွမ်းသည့် ဘေးဆိုးလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အနီးစပ်ဆုံးမီးလောင်ဆုံးရှုံးမှု မြင့်တက်လာသည့် ခုနှစ်များအား ပြဆိုပါက ၂၀၁၅ ခုနှစ်၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၇၀၈ ကြိမ်မီးလောင်မှုတွင် ငွေကျပ် ၂၃၀၃ ဒသမ ၅၀၈ သန်းတန်ဖိုးရှိ အဆောက်အအုံ ၂၈၆၇ လုံးဆုံးရှုံးခဲ့ကာ ၂၀၁၆ခု နှစ်တွင် မီးလောင်မှု ၁၈၄၇ ကြိမ်ဖြစ်ပွား၍ ကာလတန်ဖိုးငွေကျပ် ၄၁၆၄၀ ဒသမ ၆၅ သန်းတန်းဖိုးရှိ အဆောက်အအုံ ၅၈၁၇ လုံးမီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးလောင်မှုမြင့်တက်ခဲ့သည့် ခုနှစ်များအဖြစ် တွက်ဆမိမှာ ဖြစ်ပါကြောင်း၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် လူတိုင်းတွင် တာဝန်ရှိပါကြောင်း၊ မီးလောင်မှုမဖြစ်ပွားစေရန် ထင်းမီး၊ မီးသွေးမီးနှင့် လျှပ်စစ်မီးသုံးစွဲစဉ် သတိပြုရမည့် အချက်များအား ပါဝါပွိုင့်ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု၊ လောင်စာများမီးလောင်မှုအခြေအနေတို့တွင် နီးစပ်ရာ အဝတ်ရေစို၊ ရေ၊ သဲနှင့် မီးသတ်ဆေးဘူးများ အသုံးပြုငြှိမ်းသတ်ခြင်းများအား လက်တွေ့သရုပ်ပြကာ ကျောင်းသား ကျောင်းသူများက လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယတာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အင်အား ၇၀၀ ကျော် တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**



## ကယားပြည်နယ် လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များ လယ်ဝေးမြို့နယ်သို့လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ် လွိုင်ကော်၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်တို့မှ လူထုဗဟိုပြု စီမံကိန်းကော်မတီဝင်များသည် ဇူလိုင် ၂၇ ရက် နံနက်က နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်သို့ လာရောက်လေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရေးလာရောက်သည့် ကယားပြည်နယ်မှ လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များအား လယ်ဝေးမြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များက မိမိတို့မြို့နယ်၌ စီမံကိန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များ၊ အောင်မြင်မှုများနှင့် အောင်မြင်မှုအပေါ် သင်ခန်းစာယူပြီး ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်းဆုံး လုပ်ဆောင်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ်လူထုဗဟိုပြုစီမံကိန်းဝင်ကျေးရွာ ၁၂ ရွာရှိ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများကို ကြည့်ရှုလေ့လာပြီး ခရီးစဉ်တစ်လျှောက်တွင် ဒေသခံကော်မတီဝင်များအား လေ့လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ လေ့လာရေးခရီးစဉ်ကို လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အပြန်အလှန်သင်ယူ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်**

**မြန်မာနိုင်ငံရူပဗေဒအသင်း**
**၂၀၁၈-၂၀၂၀ ခုနှစ်**
**အလုပ်အမှုဆောင်သစ်များ**
**ရွေးချယ်မှုအတွက် အဆိုပြုလွှာဖိတ်ခေါ်ခြင်း**

မြန်မာနိုင်ငံရူပဗေဒအသင်း ၂၀၁၈-၂၀၂၀ ခုနှစ်များအတွက် အသင်း၏အလုပ်အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် အရွေးချယ်ခံနိုင်ပါရန် ဆန္ဒပြုလိုသူ အသင်းဝင်များသည် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၇)ရက်နောက်ဆုံးထား၍ အသင်းသို့ တင်ပြအဆိုပြုနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမှုဆောင်အရာရှိ**
**မြန်မာနိုင်ငံရူပဗေဒအသင်း**
**အခန်း (G-113)၊ ဒိုင်းမွန်းကွန်ဒိုတာဝါ(E)၊ ပြည်လမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၅၅၁၆၈၇၆၆**






ဦးနှင်းဦး(ထားဝယ်)

# ထိပ်တန်း

အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း

ခေတ်မှီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။

(၁) (၄၀)ရပ်ကွက်၊ ဖိုလ်မှူးဗထူးလမ်း၊ မြောက်ဒဂုံ၊ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း။ ၀၉-၄၄၃၀၅၄၉၂၇ / ၀၉-၄၃၀၉၁၉၂၀
(၂) တိုက်(၃၄)၊ ကမာကြည်အိမ်ရာ၊ ကမာကြည်လမ်းမကြီး၊ သာကေတ(အရှိုင်း)အနီး။ ၀၉-၂၆၂၅၅၁၄၅ / ၀၉-၄၂၀၂၁၅၈၂
(၃) (၁)၁-လမ်းထိပ်၊ ဘုရင့်နောင်လမ်းမကြီး၊ (က/၁)ရပ်ကွက်၊ KBZ ဆေးရုံကြီးတောတောက်အနီး၊ အင်းစိန်မြို့နယ်။ ၀၉-၇၆၂၃၄၂၁၇၃ / ၀၉-၇၀၂၂၆၂၁၇၃

# လိပ်ပြာ

သက်နန်းပိတ်လိပ် အမျိုးမျိုး ဖြန့်ချိရေး

မြန်မာနိုင်ငံရာသီဥတုနှင့် အထူးသင့်လျော်သော ယခုနှစ် ဝါဆို ၊ ကထိန် ရာသီအထူးအနေဖြင့်

- လိပ်ပြာ Sentosa Silk Cotton သက်နန်းပိတ်လိပ်များ
- လိပ်ပြာ Super AAA ခြင်ခတိုက် Cotton သက်နန်းပိတ်လိပ်များ
- C 120 Switzerland Cotton ပေါင်းသား သက်နန်းပိတ်လိပ်များ ၊
- C 108 ဒါးကြီးပေါင်းသား ချည်သားစစ်စစ် သက်နန်းပိတ်လိပ်များ ၊
- လိပ်ပြာ အင်နီနီးရှား စပန့် သက်နန်းပိတ်လိပ်များ ၊
- လိပ်ပြာ Super Martin / Royal Martin သက်နန်းပိတ်လိပ်များကို

မြန်မာနိုင်ငံတစ်ဝှမ်းရှိ သက်နန်းတိုက်ကြီးများအား ဖြန့်ချိလျက်ရှိပါသည်။

ဖုန်း- 09 - 510 5503 ၊ 09 - 430 28918

ဝယ်ယူအားပေးကြသော သက်နန်းတိုက်ကြီးများနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းအား အထူး ကျေးဇူးတင်ရှိပါသည်။

# ဆွမ်းအုပ်

®

အမှတ်တံဆိပ်

- HIGH CLASS 100% COTTON ချည်သားစစ်စစ် သက်နန်းပိတ်လိပ်များ
- ဆွမ်းအုပ် စပန့် သက်နန်းပိတ်လိပ်များ
- ဆွမ်းအုပ် မာတင် သက်နန်းပိတ်လိပ်များကို ဖြန့်ချိပေးနေပါပြီ။

Ph: 09 - 430 28 918






**အမြန်ရောင်းလိုသည်။**

(12x50)မြေညီထပ်+ပထမထပ်၊Aircon-3 လုံး၊မီတာ(၂)လုံး၊ ပြင်ဆင်ပြီး၊ ကားပါကင်ရှိ၊ ဦးဝိစ္စလမ်း၊ပုဇွန်တောင်မြို့နယ်၊ ဖုန်း- 09 5122233,09 975122233 သိန်း(၁၀၅၀)

**ပျောက်ဆုံးကြောင်း**

KAMA Industry Co,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် IL7 17-18 7683 19/03/2018 လိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉- ၄၅၆၄၅၆၅၇၂

**ကားစီးလုံးငှားသည်။**

AC-Express(45,33,25), အံစတုံး(14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရှေ့ငင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။
မြို့တွင်း/ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800




# စိန်ရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာအိမ်ရာနေ **ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး-ဒေါ်ခင်နီ**တို့၏ ၂၈-၇-၂၀၁၈ရက်နေ့တွင် ကျရောက်သော မင်္ဂလာနှစ် (၆၀)ပြည့် စိန်ရတုရက်မြတ်မှသည် ဒုတိယစိန်ရတု ထပ်မံကျင်းပနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် မိဘနှစ်ပါးမှ လှူဒါန်းသော (၁) ရန်ကင်းမြို့နယ်၊ မဟာစန္ဒသူရိယ စာသင်တိုက်တွင် RC (30'x60") (၂)ထပ်ကျောင်းဆောင်နှင့်ဘုရားခန်း၊ (၂) မှော်ဘီမြို့နယ်၊ အောင်ဇမ္ဗူတောရရိပ်သာ ကျောင်းတိုက်ဝင်းတွင် တရားရိပ်သာ (၁)ဆောင်၊ (၃)ပဲခူးမြို့၊ ကလျာဏီသိမ်တွင် သံဃာဆောင်(၁)ဆောင်နှင့် ကျောင်းဝင်းနံရံအခန်း (၁)ခန်း၊ (၄) သယ်န်းကျွန်းကြီး ရွှေဘုန်းရိပ်စာသင်တိုက်တွင် တည်ထားမည့် ရွှေဘုန်းရှင်စေတီတော်အတွက် မတည်ငွေ ကျပ်သိန်းတစ်ရာ၊ (၅)၂၆-၇-၂၀၁၈ ရက်တွင် ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနာ့စင်တာ၌ သီတင်းသုံးတော်မူသော ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသအား နဝကမ္မအလှူတော်ငွေ ကျပ်သိန်းတစ်ရာနှင့် တရားပွဲအလှူတော် မတည်ငွေကျပ်သိန်းတစ်ရာ၊ (၆) ၂၈-၇-၂၀၁၈ ရက်တွင် သံဃာကုန် နေ့ဆွမ်းအလှူတော်နှင့် ပရိသတ်များအား ကျွေးမွေးဧည့်ခံခြင်း အစရှိသော အလှူဒါနအစုစုတို့အား သာဓုခေါ်ဆိုလျက် မိဘနှစ်ပါး သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားများ ပွားများအားထုတ် ပေါက်မြောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**သားသမီးများ** - ဒေါက်တာဇေယျာအေး (ဒု-ဥက္ကဋ္ဌ၊ ပါရမီဆေးရုံ)-ပါမောက္ခ ဒေါက်တာရတနာကျော်
ဒု-ဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း) (CEO ရွှေမြန်မာလေကြောင်း)-ဒေါ်မာမာအေး (အမှုဆောင် အင်/ယာ၊ ငြိမ်း)
ဒေါ်သန်းသန်းစိန်အေး
ဦးခင်မောင်အေး (ဥက္ကဋ္ဌ CB Bank)- ဒေါ်ဝင့်ရည်အေး (ဥက္ကဋ္ဌ KMA ဖောင်ဒေးရှင်း)

**မြေးများ** - Laurence Nyein (ခေတ္တ UK)၊ ဦးကောင်းထက်ထွန်း (ED, KMA Group of Compan ies Ltd.)
မဝင့်ဝါကျော်၊ မောင်ရိုးမြတ်၊ မောင်အောင်မြတ်ဆက် (ခေတ္တ-US)၊ မောင်ကောင်းဆက်ထူး(YIS)

## စိန်ရတုမင်္ဂလာဆုတောင်း

မိဘသဖွယ် လေးစားချစ်ခင်ရပါသော ကျေးဇူးရှင် **အန်ကယ် ဦးခင်မောင်အေးနှင့် အန်တီဒေါ်ခင်နီ**တို့၏ ၂၈-၇-၂၀၁၈ ရက်တွင် ကျရောက်သော စိန်ရတုအကြို မင်္ဂလာရက်မြတ်မှသည် ရတုဆက်ဆက်တိုင်း ချစ်သော သား၊ သမီး၊ မြေးလေးများနှင့်အတူ ပျော်ရွှင်ဖွယ် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့-

**ဦးစိုး-ဒေါ်ခင်မမ မိသားစု**


**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**ကရုဏာရှင် Nursing Home**
မိသားစု၊ ဆွေမျိုးများ ပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော မိဘဆွေမျိုး သက်ကြီးဘိုးဘွားများ၏ စားသောက်နေထိုင်ရေး၊ သူနာပြု စောင့်ရှောက်ရေးကိစ္စများကို ကျွမ်းကျင်စိတ်ရှည်သော သူနာပြုများဖြင့် တာဝန်ယူ ဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉ ၇၈၅၀၀၃၈၀၂၊ ၀၉ ၅၀၀၃၈၀၂၊ ၀၉- ၄၄၅၀၀၃၈၀၂

ကိုမောင်ဇော်+မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် ဆိပ်ကမ်း ၊ တောင်ပိုင်း
မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
၀၉ ၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၀၈၃၄




**SEVEN စံ** မာ်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်။ 'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514,
09 - 33 333 644

**နှင်းထိုက်အောင်**
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း
ရုံးခန်း ဆိုင်ခန်းများ
ပြောင်းရွှေ့ခြင်းအတွက်
အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595

**GDC Modern Co.,Ltd.**
Aluminium window,Door product & Services
၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။





✣ လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့်GDC
- အကောင်းဆုံးအရည်အသွေး၊ လေလွှင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေစွာ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

မြေကွက်များဈေးကောင်းပေးဝယ်သည်။
အိမ်အရောက်ငွေချေစနစ်၊ ပွဲခပေးရန်မလို
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph: 09-898580954, 09-953190366

SNN
ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
နိုးရာသီ Promotion အထူးအစီအစဉ် (1.7.2018 မှ 31.8.2018) အတွင်း
ငွေကျပ် (၅)သိန်းနှင့်အထက် ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်းများဝယ်ယူအားပေးသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို ဘေးထိုးရွှေကာလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၁၀၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၀၈
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၈၀၀၂

တတိယအကြိမ် မြန်မာစွန့်ဦးတီထွင်ပွဲတော်
၁၀
## တတိယအကြိမ် မြန်မာစွန့်ဦးတီထွင်ပွဲတော် ဖိတ်ကြားလွှာ
MYEA
Organized by ;

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တတိယအကြိမ် ကျင်းပမည့် မြန်မာစွန့်ဦးတီထွင်ပွဲတော်ကြီးကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့မှ (၅)ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုနှစ်တွင် ဆန်းသစ်တီထွင် ပြုပြင်ပြောင်းလဲခြင်း (Innovation)နှင့် သက်ဆိုင်သော အကြောင်းအရာများကို ဦးစားပေး တင်ပြသွားမည်ဖြစ်ပါသည်။
အဆိုပါပွဲတော်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများမှ

- ဆွေးနွေးပွဲများ (Panel Discussions)
- ဟောပြောပို့ချမှုများ (Expert Talks)
- ကနဦး လုပ်ငန်းရှင်သစ်များ၏ပြခန်းများ (Start Up)
- ရင်းနှီးမြှုပ်နှံသူများနှင့် ကနဦးလုပ်ငန်းသစ်များအား ချိတ်ဆက်ပွဲများ (Pitching Program)
- စွန့်ဦးလုပ်ငန်းများအတွက် လမ်းပြဆွေးနွေးပညာပေးခြင်းအစီအစဉ် (Mentoring)
- အချိန်တိုသင်တန်းများ (Short -course Trainings) များ
- ကုမ္ပဏီများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ပြခန်းများ
- စားသောက်ဖွယ်ရာများအား အခမဲ့ကျွေးမွေးခြင်း
- Entrepreneurs Networking Party on 5th August (ဝင်ကြေးအခမဲ့)

စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ဆင်နွှဲနိုင်ပါသည်။ ပါဝင်ပြသလိုသူ လုပ်ငန်းရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန် - No.29, Level 11, Room No.1101, Min Yae Kyaw Swar Street, Lanmadaw 11131, Yangon, Phone - 01-2301573, 01-2301867 ,
Email - office@myea.org.mm, Website - www.myea.org.mm , Facebook - www.facebook.com/MYEA.Myanmar

Main Sponsors mytel AGDBANK
Co- Sponsor CB SECURITIES
Platinum Partner SHWE TAUNG
Silver Partner ALPINE
Bronze Partners 5BB, Blue Ocean, PACIFIC ALPINE, RGK+Z&A Group, SUPREME GROUP, Yum Yum, Bawga Theiddhi, FORTUNE

Tah Lay Gold
တလေ
ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ............
စိန်ရွှေရတနာဆိုင်
ရွှေစုလိုသော Customer များအတွက် အခေါက်တုံးများကို
၁ ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း
(လက်ခမပါ)ဝယ်ယူရရှိနိုင်ပါသည်။
( ၁ ကျပ်သား ) ( ၂ ကျပ်သား )
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext.801-802)

Home Since 1996
Think of House, Think of Home
ပါကေးအစားထိုး ကြမ်းခင်း
Grade နှင့် Quality စံနှုန်းကို စက်မြင့် (အခမဲ့) စမ်းသပ်ပေးသည်
Grade အရည်အသွေးအလိုက် ရွေးချယ်လိုက်
8mm Grade- A 110,000
8mm Grade- C 92,000
8mm Grade- D 86,000
8mm Grade- E 79,000
တစ်ကျင်းဈေး(၃၈)ချပ် Floor Only (8" x 48")
* Stock Limit အတွင်းသာ *
အမှတ် F(2~8) ဝ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း) မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
☎ 09-950 950 950, 09-79 700 70 70

"စနွေးထွေးသော ဝန်ဆောင်မှုနှင့်အတူ"
မိသားစု အိမ်၊ခြံ၊မြေ ကူညီရောင်းဝယ်ရေး
ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)

| | | | |
|---|---|---|---|
| 1.ဦးဝိစာရလမ်းမနီးကွန်ဒို၊စခ | (2400Sqft) | M3,AC5,F.F,ချူးကောင်း | 3600L |
| 2.Green Lake Condoမ/တည | (1800Sqft) | M1,S2,ရေကူးကန်ပါ,ချူးကောင်း | 3000L |
| 3.ကုံးကော်ကွန်ဒို၊ဒဂုံ | (1800Sqft) | M2,S1,ပြင်ပြီး,ကားပါကင်ပါ | 2600L |
| 4.ရွှေပိတောက်ကွန်ဒို၊စခ | (1800Sqft) | M1,S2,ပြင်ပြီး,ကားပါကင်ပါ | 2500L |
| 5.ကမ္ဘာအေးလမ်းမကွန်ဒို၊ဗဟ | (1600Sqft) | M1,S2,ပြင်ပြီး,ကားပါကင်ပါ | 2300L |
| 6.Windsor Estate၊စခ | (2000Sqft) | M2,S1,ပြင်ပြီး,ကားပါကင်ပါ | 2300L |
| 7.ဘောက်ထော်ကွန်ဒို၊ရက | (1650Sqft) | M1,S2,ကားပါကင်ပါ,တိုက်သစ် | 2000L |
| 8.A.M.P.S Condo၊ရက | (1200Sqft) | M1,S2,ကားပါကင်(၂)ထပ် | 1650L |
| 9.ရွှေမြင့်မိုရ်ကွန်ဒို၊ဗဟ | (1350Sqft) | M1,S2,ပြင်ပြီး,ကားပါကင်ပါ | 1650L |

Hill Top Vista, The Gems Garden Condo & Paragon Residence များတွင် ဝယ်ယူလိုသူများရှိပါ၍ ပိုင်ရှင်များကိုယ်တိုင် ဆက်သွယ်အပ်နှံနိုင်ပါသည်။

"ကန့်ကွက်နိုင်ပါသည်"
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၃၀၃)၊ ၄ခန်းတွဲ (8½)တိုက်၏(၃လွှာ)၊ အကျယ်အဝန်း(၁၄၀၀)စတုရန်းပေရှိ သစ္စာရိပ်သာကွန်ဒိုတိုက်ခန်းအပါအဝင် အကိုးခံစားခွင့်အရပ်ရပ်အား ဦးဇော်လှိုင် (၁၂/ရကန(နိုင်)၀၄၂၇၉၅)မှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
အထက်တန်းရှေ့နေများ | တရားလွှတ်တော်ရှေ့နေများ
ဒေါ်ခိုင်မြတ်မောင် (LL.B)(စဉ် ၄၄၅၉၇)
ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B)(စဉ် ၁၂၆၇၉)
ဒေါ်မိုးမိုးအေး (LL.B,D.B.L,D.M.L,D.I.L) WIPO,DL.101Switzerland(စဉ် ၈၅၅၈)
ဒေါ်တင်ဇာနည်နေဝင်း (LL.B,D.I.L)(စဉ် ၉၅၇၇) DL-101(WIPO)Geneva
တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။
☎- 09799991090, 09799991092, 09799991095
Email : rabbitfamilyrealestate@gmail.com
Website : www.rabbitfamily.com

# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ပဲခူး ဇူလိုင် ၂၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သောစားနပ်ရိက္ခာနှင့် လူမှုရေးအကူအညီများ ထောက်ပံ့ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ပေါ်ရှိ မွန်ဓမ္မာရုံ၊ မိုးလုံလေလုံ အားကစားခန်းမ၊ ရွှေနံ့သာဘုန်းတော်ကြီးကျောင်းနှင့် ကြခတ်ဝိုင်း ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားသော ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားရာတွင် ကမ္ဘာ့နေရာအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယခုလအတွင်း မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသဖြင့် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် လိုက်လံကြည့်ရှုအားပေးထောက်ပံ့လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း **စာမျက်နှာ ၅ ကော်လံ ၁ သို့**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးမြို့ရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

# ဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း ပြင်ဆင်မှုများစွာ ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၂၇

**မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ၊ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် ဆူဇူကီးပြိုင်ပွဲမတိုင်မီ ကာတာနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး အာဖဂန်နစ္စတန်အသင်းနှင့်လည်း ခြေစမ်းပွဲကစားရန် သဘောတူညီမှုရထားသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့



မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်း မန္တလေးမြို့၌ ခြေစမ်းကစားစဉ်။ ဓာတ်ပုံ-စိုးညွန့်

# စစ်တောင်း၊ သံလွင်၊ ပဲခူးနှင့် ရွှေကျင်မြစ်ရေများ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပြီး **စာမျက်နှာ ၇ ကော်လံ ၅ သို့**

# အာရှဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်ရန် VUC အသင်း ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာကလပ် VUC အသင်းသည် ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာရှဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းပြိုင်ပွဲမှာ VUC အသင်းအတွက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး မြန်မာကလပ်အသင်းများအနေဖြင့် အာရှကလပ်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရခြင်းလည်းဖြစ်သည်။

ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကလပ်အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းလေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ VUC အသင်းသည် အုပ်စု (က)တွင် မာတာရမ် (အင်ဒိုနီးရှား)၊ နာဂိုရာ (ဂျပန်)၊ ဒါလီယန် (တရုတ်) တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ VUC အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားကလပ် မာတာရမ်အသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဩဂုတ် ၃ ရက်တွင် ဂျပန်ကလပ် နာဂိုရာအသင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့**



## ရခိုင်ကမ်းက ဓနိတန်း


လင်းသူ






ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် လေးတောင်တိုက်နယ် သရက်ချိုကျေးရွာသို့ လွန်ခဲ့သည့်နှစ်က ရောက်ဖြစ်ခဲ့သည်။ ရောက်စဉ်အခါ ကျေးရွာအတွင်းစိုက်ပျိုးထားသော ဓနိခင်းများရှိရာသို့ သွားရောက်လေ့လာခဲ့သည်။ သိရှိခဲ့ရသည့် ဓနိပင် စိုက်ပျိုးခြင်း၊ ဓနိထွက်ကုန်ပစ္စည်းများအကြောင်းကို ပြန်လည်ရေးသားဖော်ပြရခြင်းဖြစ်သည်။

**ဓ-ဓနိပင်ရေမှာရှင်**

ဓနိပင်သည် ရေကြိုက်သည့် အပင်မျိုးဖြစ်ပြီး ပင်လယ်ကမ်းနား မြစ်ချောင်းဘေးနားတွင် အများဆုံးတွေ့ရသည်။ နုန်းဆန်သောမြေကို နှစ်သက်သောကြောင့် သဲ၊ ကျောက်စရစ်၊ မြေအမာများပေါ်၌ ရှင်သန်နိုင်မှု မရှိပါ။ နုန်းအနည်အနှစ်များနှင့် ဗွက်ထပြီး ဆားအငန်ဓာတ်ကဲနေသော ရေမျိုးသည် ဓနိပင်၏ အကြိုက်ဖြစ်သည်။ ဧရာဝတီ၊ တနင်္သာရီနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် အများအပြား ပေါက်ရောက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားပင်လယ်ဒီရေတိုးသော အရပ်များတွင်လည်း ဓနိပင်များ ပေါက်ရောက်လျက်ရှိ နေသည်ကို တွေ့မြင်ရသည်။

**ဒေသအစွဲပြု**

ဓနိပင်၏ရောက်ရှိလာရာအရပ်ကို အစွဲပြု၍ အမည်တပ်ကြပါသည်။ ရခိုင်ပြည်မှလာလျှင် ရခိုင်ဓနိ၊ တနင်္သာရီမှဆိုလျှင် ဘိတ်၊ ထားဝယ်ဓနိ၊ ဧရာဝတီမှဆိုလျှင် လပွတ္တာဓနိ၊ ဘိုကလေးဓနိ၊ ဖျာပုံ၊ မော်ကျွန်း၊ လှိုင်းဘုံးဓနိစသည်ဖြင့် ခေါ်ဆိုကြသည်။ အရပ်ဒေသမျိုးစုံမှလာသဖြင့် အမည်အမျိုးမျိုးတပ်ကြသော်လည်း အနှစ်ချုပ်လိုက်လျှင် အမျိုးအစားနှစ်မျိုးသာရှိသည်။ ရေချိုပိုင်းမှလာသည့် ရေချိုဓနိနှင့် ပင်လယ်ဘက်မှလာသည့် ရေငန်ဓနိဟူ၍ဖြစ်သည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ ဓနိများသည် ရေချိုရပ်တွင်ရှိနေသောကြောင့် ရေချိုဓနိဟု ခေါ်ကြသည်။ ရေငန်ကိုကြိုက်သော အမျိုးအစားဖြစ်ခြင်းကြောင့် ရေချိုပိုင်းမှ ဓနိများသည် ကာလတာရှည်အသုံးပြု၍ မရသည်ကိုတွေ့ရသည်။ ပင်လယ်နှင့်နီးသော ဒေသများတွင် ရေငန်ဓနိကိုအသုံးပြုကြသည်။ သဘာဝနှင့်လိုက်လျောညီထွေဖြစ်အောင် သင့်တင့်သောအသုံးအဆောင်ကို သဘာဝမှ ပြန်ပေးသည့်သဘောဖြစ်သည်။ ပင်လယ်အရပ်ဒေသသည် မိုးလေကြမ်းတမ်းသောကြောင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိရန်လိုအပ်သည်။ ဓနိမထွက်သည့်မြန်မာနိုင်ငံအထက်ပိုင်းတွင်မူ အင်ဖက်၊ ဝါးကပ်နှင့် သက်ငယ်များကို အသုံးပြုကြသည်ကိုတွေ့ရသည်။ ချင်းတောင်ဒေသများတွင် သက်ငယ်၊ ထင်းရှူးသားနှင့် ကျောက်ပြားများကို အိမ်မိုးကြသည်ဟု သိရသည်။

**ဓနိလုပ်ငန်း**

ယဉ်ကျေးလာသော လူမှုဝန်းကျင်တွင် လူသားများသည် မိသားစုအသိုက်အမြုံနှင့် စုဝေးနေထိုင်ရာ အဆောက်အအုံကို လိုအပ်လာခဲ့သည်။ ယနေ့ခေတ်ကဲ့သို့ သွပ်၊ ဘိလပ်မြေစသည့် အိမ်ဆောက်ပစ္စည်းများမရှိခင် မသုံးတတ်ခင်ကာလများတွင် ဖက်များ၊ အရွက်များ၊ သစ်များ၊ ဝါးများကို အမိုးအကာအခင်းအဖြစ် ရှာဖွေအသုံးပြုလာကြသည်။ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာပြီးနောက် ကုန်ပစ္စည်းများဖလှယ်အသုံးပြုရာမှ တစ်ဆင့်တက်၍ အရောင်းအဝယ်ဆိုသောအရာ ဖြစ်ပေါ်လာသည်။ အိမ်အမိုးမိုးရန်နှင့် အကာအကွယ်အတွက် ဓနိကိုအသုံးများလာသောအခါ ဓနိသည် ဈေးကွက်ဝင်မရှိမဖြစ်ကုန်ပစ္စည်းဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ဓနိလုပ်ငန်းများ အပြိုင်အဆိုင် ပေါ်ပေါက်လာတော့သည်။ ဓနိကို မူရင်းအတိုင်းရောင်းဝယ်မှုရှိသကဲ့သို့ အိမ်အမိုးအဖြစ်ပြုပြင်လုပ်ကိုင်ပြီး ရောင်းဝယ်ခြင်းလည်းရှိပါသည်။ ဓနိသမားအချင်းချင်း ရောင်းဝယ်လုပ်ကိုင်ခြင်းသည် မူရင်းရောင်းဝယ်မှုဖြစ်ပြီး ဈေးကွက်သို့တင်ပို့ခြင်းမှာ အိမ်အမိုး(ဓနိပျစ်)လုပ်၍ ရောင်းခြင်းဖြစ်သည်။ ဓနိလုပ်ငန်းကို မြန်မာလို


အထူးကဏ္ဍ [ ခ ] သို့ »»


## လီဆူတိုင်းရင်းသားတို့ ပျော်ရာမြေ(သုံးမိုင်ရွာ)သို့ အလည်တစ်ခေါက်




စိုင်းဇော်လတ်(လင်းခေး)



ယခင်အပတ်မှအဆက်


**လီဆူတို့အသုံးပြုသင်္ကေတ**

ရှေးကာလက လီဆူစာပေတတ်ကျွမ်းနားလည်သူဟူ၍ မရှိခဲ့သောကြောင့် လီဆူသမိုင်းစာပေမှတ်တမ်းများ တိတိကျကျပြုစုနိုင်မှုမရှိခဲ့ဟု ဆိုသည်။ သင်္ကေတအမှတ်အသားတစ်ခုခုထားရှိလိုလျှင် သစ်သားပြားတစ်ခုပေါ်တွင် ဓားဖြင့်ခုတ်ထစ်မှတ်သားခဲ့ကြကြောင်း လီဆူတို့က ပြောသည်။ အလုပ်ရက်ချိန်း ရှိကြသည်။ လီဆူတို့သည် ရှေးခေတ်ကာလက တစ်ရွာနှင့်တစ်ရွာ စစ်တိုက်ခဲ့ကြသည်။ထိုသို့ စစ်ပွဲတိုက်ခိုက်ရန်အတွက် တစ်ရွာနှင့်တစ်ရွာ စစ်ကြေညာခြင်း၊ စိန်ခေါ်မှုပြုခြင်းများကို ငရုတ်သီး၊ ကြက်မွေးနှင့် မီးသွေးများ ဝါးဘူးတစ်ဘူးတွင် ထည့်သွင်းပေးပို့ခြင်းအားဖြင့် စစ်တိုက်ရန် ကြေညာသမှုပြုခဲ့ကြသည်ဟု သက်ကြီးရွယ်အိုလီဆူတို့က ပြောသည်။

**ယုံကြည်ကိုးကွယ်မှုနှင့် တူရိယာ**

အများစုက ရှေးဘိုးဘွားအမွေရိုးရာကို ကိုးကွယ်ကြသည်(နတ်ကိုးကွယ်မှုမဟုတ်)ဟု လီဆူတို့က ဆိုသည်။ မျက်မှောက်ကာလ၌ ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်တို့ရှိလာခဲ့ကြသည်။ ဂစ်တာ၊ ဘူးသီးခြောက်၊ ဝါးပလွေ၊ လေမှုတ်ကိရိယာတို့သည် လီဆူလူမျိုးတို့၏ တူရိယာများဖြစ်သည်။ ဂစ်တာကိုယ်ထည်အား ဖွတ်သားရေဖြင့် ဖုံးအုပ်ပြုလုပ်ထားသည်။ ဖွတ်သားရေသည် ဂီတာသံကောင်းမွန်ကြောင်း၊ ဂစ်တာကြိုး သုံးကြိုးတပ်ဆင်တီးခတ်ရကြောင်း၊ ဖွတ်တစ်ကောင်ရပါက ဂစ်တာတစ်လက်မှ နှစ်လက်အထိ ပြုလုပ်ရရှိနိုင်ကြောင်း သုံးမိုင်၊ ကိုးမိုင် ကျေးရွာများမှ လီဆူတိုင်းရင်းသားများက ပြောသည်။

**အစားအစာ**

လီဆူတို့သည် တောင်ယာဆန်ကို အများဆုံးကြိုက်နှစ်သက်ကြသည်။ တောင်ယာထွက် ဟင်းသီးဟင်းရွက်များနှင့် ဝက်သား၊ ငါးတို့ဖြင့် ဟင်းရည်စပ် ချက်ပြုတ်စားသောက်လေ့ရှိကြသည်။ အထူးသဖြင့် လီဆူတောင်ယာငရုတ်သီးစိမ်းထောင်း၊ တောင်ယာခရမ်းသီးစပ်အတို့အမြှုပ်ပြုလုပ်စားကြသည်မှာ ထူးခြားသော လီဆူတို့ဟင်းလျာဖြစ်ပါကြောင်း


အထူးကဏ္ဍ [ ခ ] သို့ »»

ရခိုင်ကမ်းက ဓနိတန်း မှ »»»

တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန် ခုနစ်လအတွင်း လုပ်ကိုင်ကြသည်။ ကျန်ငါးလဖြစ်သော နယုန်လမှ သီတင်းကျွတ်အထိရပ်နားထားရသည်။ မိုးတွင်းကာလဖြစ်ခြင်းနှင့် ဓနိပင်များကို အနားပေးပြီး အခက်အလက်စုံအောင်ထားခြင်းဖြစ်သည်။ လုပ်ငန်းသမားများက ဈေးကွက်လိုအပ်ချက်များစွာရှိသောကြောင့် ဓနိပင်ကို နှစ်ပေါက်အောင်အနားမပေးဘဲ ခုတ်ယူရောင်းချကြခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်ဘက်တွင် ခုတ်ပြီးသား ဓနိခင်းကို နောက်တစ်နှစ်ကြာမှ ပြန်လည်ခုတ်ယူအသုံးပြုလေ့ရှိသည်။ ရခိုင်ဓနိသည် အရွက်အလက်ကြီးပြီး အရည်အသွေးကောင်းသောကြောင့် အိမ်အမိုး မိုးရာတွင် ခိုင်ခံ့လုံခြုံ၍ ငါးနှစ်ကျော်သည်အထိ ပိုးမစားဟု သိရသည်။ ယခုရန်ကုန်ဈေးကွက်တွင် ရောက်ရှိနေသော ဓနိပျစ်များသည် အလွန်ဆုံးခံမှ နှစ်နှစ်ဟု အသုံးပြုသူများက ပြောကြသည်။ ရခိုင်ဓနိသည် ဒေသတွင်းအသုံးပြုမှုများသောကြောင့် ရန်ကုန်နှင့်အခြားဒေသများသို့ ရောက်ရှိမလာပါ။ ရခိုင်ဓနိလုပ်ငန်းနှင့် ဧရာဝတီဓနိလုပ်ငန်းသည် အမျိုးအစားခြင်းတူသော်လည်း လုပ်ကိုင်ဆောင်ရွက်ပုံများစွာ ကွဲပြားသည်။ ဧရာဝတီဓနိသည် ရောင်းအားကောင်းသောကြောင့် အရေအတွက်များစွာရရန် လုပ်ကိုင်ရသည်။ ရခိုင်ဓနိမှာ ရာသီဥတုဒဏ်ခံနိုင်ရန် ဦးစားပေး၍ ရိုးရာလုပ်ထုံးလုပ်နည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။

**ရခိုင်ဓနိ**

ရခိုင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဓနိပင်များ များစွာဖြစ်ထွန်းသည်။ ရခိုင်မှထွက်သောကြောင့် ရခိုင်ဓနိဟု ခေါ်ကြခြင်းဖြစ်သည်။ ဓနိပင်များကို စုစည်းထားသော ဓနိပေါ်များကို ရေငန်ရောက်သော ချောင်းစပ်ရှိ နုန်းထဲတွင် အနည်းဆုံးတစ်လမှ အများဆုံး နှစ်လကျော်အထိမြှုပ်ထားပြီးမှ ပြန်ဖော်ကာ နေလှန်း၍ ဓနိပျစ်ထိုးခြင်းဖြစ်သည်။ ရမ်းဗြဲမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ဓနိလုပ်ငန်းကြီးများရှိသည်။

**ဓနိတံ**

ဓနိရွက်ကို အိမ်အမိုးလုပ်ရာတွင် ဓနိတံသည် အရေးအကြီးဆုံး မပါမဖြစ်ကုန်ကြမ်းဖြစ်သည်။ ဓနိတံကို ဝါးဖြင့်ပြုလုပ်ရသည်။ ဝါးပိုးဝါး၊ ကြသောင်းဝါး၊ ဝါးယား၊ ဝါးနက်၊ ကြခတ်ဝါး စသည့် ဝါးအမျိုးအစားပေါင်းများစွာရှိသည့်အနက်မှ ဝါးယားကိုသာ ဓနိတံအဖြစ်အသုံးပြုကြသည်။ အခြားဝါးများကို လုပ်ကိုင်၍ရသော်လည်း ဝါးယားသည် ဓနိတံလုပ်ရန် အသင့်တော်ဆုံးဖြစ်သောကြောင့် သီးသန့်အသုံးပြုရခြင်းဖြစ်သည်။ ရခိုင်ဓနိပျစ်တွင် ဓနိတံသည် လေးတောင်(ခြောက်ပေ)နီးပါး အရှည်ရှိသော်လည်း ရောင်းတမ်းအသုံးပြုနေသော ဓနိပျစ်များသည် နှစ်တောင်ကျော်သာရှိသည်ကိုတွေ့ရသည်။ ဓနိပျစ်အရည်အသွေးကောင်းရန်အတွက် ဓနိတံလုပ်သောဝါးကိုလည်း အထူးဂရုစိုက်ရသည်။ ဝါး၏သက်တမ်းမှာ အနည်းဆုံး သုံးနှစ်ရှိရန်လိုသည်။ သက်နုပါက ပိုးကျသောကြောင့် ဓနိပျစ် ပျက်စီးရသည်။ ဝါးသည် တစ်ဖြောင့်တည်းဖြစ်ရန်မလိုဘဲ တော်သင့်ရုံအနေအထားရှိလျှင် အဆင်ပြေသည်။

**ဓနိတစ်ပင်အသုံးဝင်**

ဓနိပင်သည် အိမ်အမိုးမိုးရန် အရွက်သာမက စားသုံးရန် အသီးကိုပါပေးသည်။ ဓနိသီးသည် ထန်းသီးကဲ့သို့ ချိုဆိမ့်သည့်အရသာရှိသည်။ ဓနိပင်မှ သောက်သုံးရန် အရည်ကိုလည်း ခံယူရရှိနိုင်သည်။ ဓနိရည်ရရှိနိုင်ရန်အတွက် ဓနိဖူးကိုနေ့စဉ်ပုံမှန်ခြေဖြင့်နင်းပေးကန်ပေးရသည်။ ဓနိသီးရင့်မလာခင် ဓနိဖူးထိပ်ကို ဓားဖြင့်လှီးပြီး ဝါးကျည်တောက်နှင့် ခံထားပေးရသည်။ တဖြည်းဖြည်းချင်း ဓနိအရည်များသည် ကျည်တောက်အတွင်းသို့ စီးဆင်းလာသည်။ မိုးလင်းပိုင်း နေမမြင့်ခင် သောက်ရသော ဓနိရည်၏အရသာသည် လွန်စွာချိုမြိန်သည်။ ဝါးကျည်တောက်ဟောင်းနှင့် အရည်ခံလျှင်ဖြစ်စေ၊ နေမြင့်သွားလျှင်ဖြစ်စေ ဓနိရည်သည် ခါးသက်သွားသည်။ သောက်သုံးပါက အစာကိုကြေညက်လွယ်စေပြီး ဝမ်းကိုမှန်စေသည်ဟု သိရသည်။ နေကျော်၍ ခါးသွားသောဓနိရည်ကို တာရှည်ခံရန်နှင့် ဆေးအဖြစ်မှီဝဲနိုင်ရန် ပေါင်းအိုးကြီးထဲသို့ထည့်၍ ပေါင်းရည်ခံချက်လုပ်ကြသည်။ ဒေသခံများက ပေါင်းရည်ဟုခေါ်ကြပြီး မြို့မှလူများက ဓနိအရက်ဟု အလွယ်ခေါ်ကြသည်။

ပေါင်းရည်သည် အနံ့မွှေးပေး၍ ချိုခါးအရသာရှိသည်။ သောက်သုံးပါက အစာကြေလွယ်၍ ထမင်းစားကောင်းသည်။ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက် ပျောက်ကင်းသည်။ အမျိုးသားများအဖြစ်များသော ဆီးပူညောင်းကျရောဂါ၊ ဆီးကျင်၊ ဆီးနည်းရောဂါများကိုပျောက်ကင်းကြောင်း သိရသည်။ နေ့စဉ်ပုံမှန်သောက်သုံးသင့်ကြောင်း၊ တန်ဆေးလွန်လျှင်ဘေးဆိုသည့်အတိုင်း လိုအပ်သည်ထက် ပိုမသောက်သုံးသင့်ကြောင်းလည်း တိုင်းရင်းဆေးအကြောင်း နားလည်သည့် ဒေသခံများ၏ပြောစကားအရ သိရသည်။ ဓနိပင်တစ်ပင်တွင် စွန့်ပစ်စရာနေရာဟူ၍ တစ်နေရာမှမရှိပါ။ ဆေးအဖြစ်သုံးမည်ဆိုလည်း သုံး၍ရသလို လူ့အသုံးအဆောင်အဖြစ် အသုံးပြုလျှင်လည်း အဆင်ပြေသည်။

ဓနိရွက်သည်ဆေးဖက်ဝင်သည်။ အရွက်အနုများကို အထုံးထုံးပြီး ရေဖြင့်သုံးခွက်တစ်ခွက် ကျိုသောက်ပါက ပင်လယ်အူနာပျောက်သည်။ ဓနိရွက်အရင့်ကို မီးဖုတ်ပြာချပြီး ပြာအမှုန့်ကို အုန်းဆီဖြင့်လိမ်းလျှင် ပွေး၊ ဝဲ၊ ယားနာ ပျောက်သည်။ ဓနိပင်ကို ခုတ်ပြီး ရရှိသောအလက်အတံများကို ခြံခတ်ရာတွင် သုံးနိုင်သေးသည်။ သုံးမရသော အလက်များကို နေပူလှန်းပြီး ထင်းဆိုက်၍ရသည်။

**ဒီရေတောနှင့်ဓနိပင်**

ဒီရေတက်ရောက်မှုကြောင့် ကမ်းပါးများပျက်စီးသွားခြင်း၊ လူနေအိမ်ခြေများ ထိခိုက်နစ်နာခြင်းနှင့် စိုက်ပျိုးမြေ၊ စိုက်ပျိုးခင်းများဆုံးရှုံးခြင်းကို ကာကွယ်နိုင်ရန် ဒီရေတောများကို စောင့်ရှောက်ထိန်းသိမ်းကြရသည်။ မဒမပင်၊ ခရာပင်၊ လမုပင် စသည့် ဒီရေကာကွယ်ပင်များတွင် ဓနိပင်သည်လည်း အပါအဝင်ဖြစ်သည်။ ဓနိပင်များကို တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သလို သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပြီးသားလည်းဖြစ်သည်။

**မြန်မာ့ယဉ်ကျေးမှုနှင့်ဓနိ**

ဓနိရွက်နှင့်မိုးထားသော အိမ်ခေါင်မိုးသည် သွပ်ဖြင့်မိုးသည့်အမိုးကဲ့သို့ အမြင်မှာမလှသော်လည်း ယဉ်ကျေးမှုကို ကိုယ်စားပြုသော ကိုယ်ပိုင်အမွေအနှစ်ဖြစ်သည်။ သွပ်နှင့်အုတ်ကြွပ်မပေါ်ခင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ရသည့် မြန်မာ့အိမ်ခေါင်မိုးဖြစ်သည်။ ယနေ့အချိန်တွင်လည်း စီးပွားရေးလုပ်ငန်းတွင် မရှိမဖြစ် လူသုံးကုန်အဖြစ် နေရာယူထားဆဲဖြစ်သည်။ နွားတင်းကုပ်ကို သွပ်ဖြင့်မိုး၍ အဆင်မပြေသော ကျေးလက်ဒေသ၏ အစားထိုးမရသည့် ကုန်ပစ္စည်းဖြစ်သည်။

**ဓ-ဓနိတန်းပင်လယ်ကမ်း**

ပင်လယ်ကမ်းပါးမြစ်ချောင်းနားမှ ပေါက်ရောက် ရှင်သန်ကြသော ဓနိပင်များသည် မြန်မာ့လူမှုဘဝကို ကူညီအားဖြည့်ပေးသကဲ့သို့ သဘာဝဘေးဒဏ်ကိုလည်း တတ်စွမ်းနိုင်သမျှ ကာကွယ်ထိန်းသိမ်းလျက် တည်ရှိနေကြောင်း ရေးသားလိုက်ပါသည်။ ။

■



အထူးကဏ္ဍ [ က ] မှ »»»

လေ့လာတွေ့ရှိခဲ့ရသည်။

မိုင်းပန်ဒေသ သုံးမိုင်ကျေးရွာနေ လီဆူအမျိုးသားဦးမောင်ချောက "ကျွန်တော်တို့ လီဆူလူမျိုးတွေဟာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် နေရာဒေသအသီးသီးမှာ တော်တော်များများ ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ တချို့က မိုးကုတ်ဒေသ ပူတာအိုဒေသတွေမှာ နေထိုင်ကြတယ်။ အခုကျွန်တော်တို့ သုံးမိုင်က လီဆူတွေနဲ့ ကိုးမိုင်ရွာက လီဆူလူမျိုးတွေက အရင်တုန်းက နမ့်စန်ဒေသ ဟိုက်ဖတ်ကျေးရွာကနေ ဒီဘက်ကို လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော် ငါးဆယ်ခန့်ကတည်းက ပြောင်းရွှေ့နေထိုင်လာခဲ့ကြတဲ့ လီဆူလူမျိုးစစ်စစ်တွေပဲဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍"လီဆူလူမျိုးတို့ အားလုံးက ဘယ်နေရာဒေသကပဲဖြစ်ဖြစ် ဘာသာစကား၊ စာပေ အတူတူဖြစ်ပါတယ်။ ဒေသအလိုက် အဝတ်အစားချုပ်လုပ်ဝတ်ပုံ အနည်းငယ်စီကွဲပြားကြပါတယ်။ ပုံစံ၊ အရောင်အဆင်းတွေ မတူကြပါဘူး။ ကျန်ဓလေ့ရိုးရာတွေက အားလုံးတူညီကြပါတယ်"ဟု ဦးမောင်ချောက ဆက်လက်ပြောကြားသည်။

**လီဆူတို့၏ ဝတ်စားဆင်ယင်မှု**

လီဆူအမျိုးသားများက ရွှေဒေါင်လိုက် အစင်းနှစ်ခုပါရှိသော အင်္ကျီအနက်၊ အနားသတ်ပါ ခါးပတ်၊ ခြေချင်းစွပ်( ခြေစွပ်)၊ အစိမ်းရောင်သို့မဟုတ် အနက်ရောင်ဘောင်းဘီ (အောက်ခြေထိအပွ)ကို ဝတ်ဆင်လေ့ရှိကြသည်။ လီဆူအမျိုးသမီးများက ထဘီအနက်ရောင်၊ ခြေစွပ်အရောင် သုံးမျိုးစပ်၊ ရင်ဖုံးအင်္ကျီ၊ ရင်ဖုံးအနီသို့မဟုတ် ပန်းရောင်အား ချုပ်လုပ်ဝတ်ဆင်ကြပြီး အနက်ရောင်ခေါင်းပေါင်း၊ ခါးပတ်နက်နှင့် အင်္ကျီအပေါ်ရုံတို့ကို ဝတ်ဆင်ကြသည်။

**လီဆူတို့၏ ရိုးရာဓလေ့ပွဲတော်၊ အက**

ရိုးရာနှစ်သစ်ကူးပွဲတော်နှင့် 'ရိုးရာဂွါချယ်အက'တို့သည် လီဆူတိုင်းရင်းသားလူမျိုးစု၏ ကျော်စောထင်ရှားသော ရိုးရာပွဲတော်၊ အကပွဲများပင်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ "ဂွါချယ်"လီဆူရိုးရာအက ဖြစ်ပေါ်လာခဲ့ရခြင်းအား အနည်းငယ်တင်ပြလိုပါသည်။ ပါးစပ်ရာဇဝင်အရ လီဆူတို့က ၎င်းတို့ကိုယ်ကိုနိမ့်ကျသော လူမျိုးများဖြစ်သည်ဟု ခံယူခဲ့ကြသည်။

ထို့ကြောင့် ရှေးအခါ လီဆူလူမျိုး အဘိုး၊ အဘွားနှစ်ဦးက ထင်းရှူးပင်ခုတ် တောထွက်ခဲ့ကြသည်။ ထိုအခါ"လီဆူလူမျိုးတို့ နိမ့်ကျနေခြင်းမှ ကယ်တင်ပေးမည့် ဘုရားသခင်ကြွလာမည့် ထင်းရှူးပင်ရှိရာနေရာသို့ လဆန်းတစ်ရက်နေ့တွင် လီဆူရွာသားများလာရောက်စုရုံးကြပါ"ဟူ၍ ဘုရားသခင်က အဘိုး၊ အဘွားနှစ်ဦးအား နိမိတ်လာပေးသည်ဟု ဆိုသည်။ ထို့ကြောင့် လီဆူအဘိုးနှင့်အဘွားက ရွာသူရွာသားတို့ထံ ပြန်လည်ပြောကြားလိုက်သောအခါ လီဆူတစ်ရွာလုံးအား ဘုရားရှင်လာကယ်လိမ့်မည်ဟူသော ယုံကြည်ခြင်းဖြင့် ၎င်းထင်းရှူးပင်ရှိရာသို့ လာရောက်စုရုံးစောင့်ဆိုင်းခဲ့ကြကြောင်း၊ လီဆူတို့က မိမိတို့နေအိမ်မှ ခေါပုတ်ထောင်း၊ ဝက်၊ သားငါးများကို ယူဆောင်လာ၍ ကယ်တင်ရှင်အား စောင့်မျှော်ခဲ့ကြကြောင်း၊ လီဆူတို့ထံ ဘုရားရှင်မရောက်လာ။

သို့သော်လည်း ထိုနေရာတွင်လီဆူတို့က စောင့်မြဲလာစောင့်လျက်ရှိကြကြောင်း၊ လီဆူတို့ယူဆောင်လာသော အသားတို့ကို သစ်ပင်တွင် ချိတ်ဆွဲလျက် ဂွါချယ်အက အတူတကွစုပေါင်းကခဲ့ကြသောကြောင့် နှစ်စဉ် လီဆူတို့ နှစ်သစ်ကူးပွဲတော်ကျင်းပသည့်အခါတိုင်း ဂွါချယ်အကကို ကကြရသည်ဖြစ်ကြောင်း ဗဟုသုတအဖြစ်မှတ်သားခဲ့ရသည်။

**လီဆူလူငယ်မောင်မယ်တို့သဘာဝနှင့် ထိမ်းမြားလက်ထပ်ခြင်း**

လီဆူအမျိုးသား၊ အမျိုးသမီး ကာလသားလူပျို၊ အပျိုတို့သည် နေအိမ်၌အပျို၊ လူပျို စကားပြောလေ့ပြောထမရှိ။ တောတောင်ယာခင်းများသို့ သွားရောက်သည့်အချိန်အခါမှသာ ချစ်တင်းနှောပြောဆိုလေ့ရှိကြသည်။ အပျို၊ လူပျို လှည့် တေးသီချင်းများသီဆိုကာ အပြန်အလှန်အဝေးတစ်နေရာစီ နေရာယူချစ်ခွန်းဆိုကြသည်။ ဥပမာအားဖြင့် ရေချောင်းရှိက ရေချောင်းတစ်ဖက်တစ်ချက်စီမှ (ချောင်းခြား)ထားပြီးမှသာ လူငယ်အချင်းချင်း ရည်ငံသမှုပြုကြရကြောင်း လီဆူတို့က ပြောသည်။

လီဆူသတို့သား၊ သတို့သမီးနှစ်ဦး သဘောတူ ရည်ငံကြပြီးသော် သတို့သားဘက်က ငွေလက်ကောက်၊ ငွေပြားတို့ဖြင့် သတို့သမီးဘက်သို့သွားရောက်ပြီး မိဘဆွေမျိုးများထံ နားဖောက်ရသည်။ လူငယ်အချင်းချင်း အမှန်တကယ်မေတ္တာမျှခဲ့ပြီးကြသောအခါ သတို့သမီးက သတို့သား၏ခေါ်ရာသို့ လိုက်ရန်ပြုသောအခါ လူငယ်အဖွဲ့ အပေါင်းအဖော်များနှင့် တစ်ဖက်နှင့်တစ်ဖက်အပြိုင် ဆွဲထားလေ့ပြုကြသော ဓလေ့ရှိကြသည်။

ထိုအခါ သတို့သမီးက သစ်ငုတ်တိုအားဆွဲထားပါက ၎င်းသစ်ငုတ်ကိုပါ အပါဆွဲနုတ်၊ ခုတ်ယူသွားခြင်းဖြင့် သတို့သမီး၏အိမ်သို့ ယူဆောင်ကြသည့် လီဆူဓလေ့ရိုးရာရှိကြောင်း ကိုးမိုင်ကျေးရွာနေ လီဆူအမျိုးသမီး လူငယ်ဆရာမ မငေါ်မေဆီးက ပြောသည်။

**လီဆူတို့၏ သတို့သမီးအပ်ပွဲ**

သတို့သားနှင့်သတို့သမီးတို့ ခိုးရာလိုက်ပြေးသွားပြီး၊ နှစ်ဖက်မိဘအဆင်ပြေစေရန် သတို့သားက ရွာလူကြီးများခေါ်ဆောင်၍ သတို့သမီးမိဘနှစ်ပါးထံ ပြန်လည်အပ်နှံမှုပြုသောအခါ အနည်းဆုံးအလေးချိန် ပိဿာ ၂၀မှ ပိဿာ ၃၀ ရှိ ဝက်အကောင်လိုက်ကိုသော်လည်းကောင်း၊ ဝက်သားကိုသော်လည်းကောင်း ယူဆောင်သွားရသည်။

ယင်းနှင့်အတူ အရက် နှစ်ပုလင်း၊ အရက် တစ်ပုလင်းအတွက်(အသားအမြည်း) တစ်ပန်းကန်စီနှင့် ငွေပြား ၁၅၀ တို့ကိုပါ ယူဆောင်သွားရသည်။ ကွမ်းဖိုးပေးခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုအခါ သတို့သမီးဘက်က သဘောတူလက်ခံသည်ဆိုကာမှ အရက်ပုလင်းအဖုံးကို ဖွင့်သည်။ လက်မခံပါက ပုလင်းအဖုံးဖွင့်မပေး။ သို့သော် သတို့သမီးဘက်က အရက်ပုလင်းအား အဖုံးဖွင့်ပေးသည်အထိ သတို့သားက အကြိမ်ကြိမ်သတို့သမီးအိမ်သို့ သွားရသည်။

နောက်ဆုံးသတို့သမီးဘက်က မိဘဆွေမျိုးများအားလုံး၏သဘောတူလက်ခံ အရက်ပုလင်းအဖုံးဖွင့်ပေးလိုက်ပြီဆိုပါက လီဆူလူမျိုးတို့၏ရိုးရာဓလေ့အရ သတို့သမီးအပ်ပွဲ အထမြောက်သည်ဟု လေ့လာမှတ်သားခဲ့ရသည်။

လီဆူလူမျိုးတိုင်းရင်းသားများသည် သတို့သား၏ နေအိမ်တွင်မင်္ဂလာဆောင်ပွဲပြုလုပ်ခြင်း၊ ထိမ်းမြားလက်ထပ်ကြပြီးနောက် သတို့သားဘက်သို့သာ သတို့သမီးက အတူလိုက်ပါနေထိုင်ခြင်းအမှုပြုခဲ့ကြသည်မှာ ရှေးဘိုးဘွားတို့ခေတ်ကာလမှ ယနေ့ထိတိုင်အောင် တည်ရှိနေဆဲ လီဆူတိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာအမွေအနှစ်တစ်ခုဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ဃ ] မှ »»»

တောင်သူဦးကြီးတို့ ယဇ်ကောင်ကြက်ခြင်းကို ယာတဲရှေ့ရှိ "Hawnkeg /Hawnkeg" ခေါ် သစ်ငုပ်ပေါ်တွင် ချိတ်ဆွဲထားသည်။ ကြက်သွေးဖြင့် ယာတဲဝန်းကျင်ရှိစပါးပင်များ သုတ်လိမ်းခြင်း၊ ယာတဲတိုင်များတွင် သုတ်လိမ်းခြင်းများပြုလုပ်ခြင်း၊ အသင့်ပါလာသည့် ခေါင်ရည်များဖြင့် စပါးပင်များကို ပက်ဖျန်းကြသည်။ ထိုသို့ပြုလုပ်မှသာစပါးပင် ရှင်သန်ပြီး အထွက်နှုန်းကောင်းစေသည်ဟု မတူချင်းတိုင်းရင်းသားများက ယုံကြည်ကြသည်။

ယဇ်ကောင်ကို တောင်ယာထွက် ဟင်းသီးဟင်းရွက်နှင့်အတူ ရောချက်ကြသည်။ ချက်ပြုတ်ချိန်မှာ "Tui Si Tiem" "တီဆူသုမ်၊ တွီဆီသုမ်"ခေါ် ဟင်းရည်များ ဖိတ်မကျလေအောင် အထူးသတိပြုရသည်။ အကယ်၍ ဟင်းအိုးဆူပွက်ချိန်တွင် ဟင်းရည်ဖိတ်ကျမိပါက ယာရှင်နာမကျန်းဖြစ်နိုင်သည့်အပြင် စပါးထွက်နှုန်းလျော့နည်းသည်ဟု ယုံကြည်လေ့ရှိကြသည်။ တောင်ယာမှာယဇ်ကောင်ဖြင့် ပူဇော်ပသခြင်းအားဖြင့် ယာသီးနှံများ ရှင်သန်ဖွံ့ထွားလာပြီး အထွက်နှုန်းကောင်းသည်ဟု ယုံကြည်ကြသည်။ တောင်ယာထွက် စပါးရွက်များ၊ ဟင်းသီးဟင်းရွက်များကို ခူးယူကြသည်။ လူး၊ ဆပ် အနှံများကို ခူးယူကာကြက်တောင်မွေးနှင့်အတူ ခေါင်းတွင် ပန်ဆင်လျက် အိမ်သို့ ပျော်ပျော်ပါးပါးပြန်လာခဲ့ကြသည်။ အိမ်သို့ရောက်သောအခါ ကြက်၊ ဝက်၊ ဆိတ်များကို သတ်ကာ နတ်ယဇ်ပူဇော်ကြသည်။ ယဇ်ပူဇော်ရာတွင် မတူချင်းလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုအရ လုံထူ၊ ရိန်ဆူးတ်၊ ဝေ ဆိုသည့် အိမ်၌ အဓိကကျသည့် နေရာများတွင် သွေးသွန်းလောင်းခဲ့ကြပြီးနောက် ထမင်းလက်ဆုံစားပွဲကို အိမ်နီးနားချင်း၊ ဆွေမျိုးများအား တည်ခင်းလေ့ရှိသည်။ ထိုနေ့မှာပင် ခိုသူးဘုံမောင်းနှင့်အတူ "တန်လားအောကိုင်းခိုးလားစက်ဆိ၊ တန်းလားဘွေးပါဆိုးလ်ဆိ" ဆိုလိုသည်မှာ "မေတ္တာသက်ဝင်၊ ချစ်သက်လျှာပျိုကညာ၊ တို့ရွာတက်ချီကြအံ့၊ မေတ္တာအရှင်သက်ထားခင်၊ ခေါ်ယူဆွဲငင်အံ့"ဟု အဓိပ္ပာယ်ရသော ရိုးရာခိုသူးတေးသီချင်းများနှင့်အတူ သီဆိုကခုန်ကြသည်။ အိမ်နီးနားချင်းများနှင့် ထမင်းဟင်းရည်များ ဖလှယ်ကြသည်။ တစ်ဦးနှင့်တစ်ဦး အသားဟင်းတုံးများ၊ ထမင်းများ ခွဲ့ကျွေးကြခြင်း၊ ခေါင်ရည်များ အပြန်အလှန် တိုက်ကြခြင်းဖြင့် ပွဲတော်ကို ဆင်နွှဲကြသည်။ သက်ကြီးရွယ်အိုများက ရှေးဟောင်းနှောင်းဖြစ် ဘဝအတွေ့အကြုံများကို လွမ်းတသသဖြင့် ရိုးရာတေးဖြင့် တစ်လှည့်စီရင်ဖွင့် သီဆိုနေကြချိန်တွင် ကာလသားလူငယ်လူရွယ်များက ဒိုင်း၊ လှံများကို ကိုင်ကာ ကွင်းပြင်၌ ကကြရင်း" တန်လာဆိုလ်း"လို့ခေါ်သည့် တစ်အိမ်တက် တစ်အိမ်ဆင်း ခေါင်ရည်၊ ထမင်းဧည့်ခံပွဲကို စတင်ဆင်နွှဲကြသည်။ တစ်အိမ်တက်တစ်အိမ်ဆင်း ပျော်ပျော်ပါးပါး ကပြသီဆိုကြရင်း အတူလက်ဆုံစားသောက်ကြသည်။ အသားခြောက်များ၊ ငှက်သားခြောက်များကို မေတ္တာလက်ဆောင်အဖြစ် အချင်းချင်း ပေးလှူကြသည်။ ကာလသားများသည် စစ်မှုစွမ်းရည်နှင့် လက်ရုံးရည်၊ နှလုံးရည်ယှဉ်ပြိုင်ကြတဲ့"ဒေနားထေး"ခေါ် သားရေထိုးပွဲကို စတင်ကျင်းပကြသည်။ သားရေထိုးပွဲမှာ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက်၊ လူမျိုးနွယ်စုအလိုက် ယောက်ျားကောင်းများ ရွေးချယ် ယှဉ်ပြိုင်စေခြင်းပင်ဖြစ်သည်။ ထိုပြိုင်ပွဲမှာ သွေးထွက်သံယိုမှုများရှိသော်လည်း တစ်ဦးအပေါ်တစ်ဦး အာဃာတမထားဘဲ လက်ဆွဲနှုတ်ဆက်ဖက်ရမ်းရင်း ကုန်ဆုံးစေခဲ့သည်။ အချိန်ကုန်၍ ပြိုင်ပွဲမဝင်နိုင်မိပါက နောက်နှစ်မှာ ဆက်ဆက်ယှဉ်ပြိုင်ကြရန် ကတိထား သစ္စာဆိုကြသည်။ ပြိုင်ပွဲအနိုင်ရသူများကို ပြိုင်ပွဲကျင်းပမည့်နေရာမှ တိုလ်လုံးခေါင်ဆွေမျိုးစုအတွက် သတ်မှတ်ထားတဲ့ ကွင်းပြင်အထိ ကုန်းပိုးခြင်းဖြင့် ဂုဏ်ပြုကြသည်။ ညနေစောင်းတွင် ရပ်ကွက်အလိုက် ဆွေမျိုးစုအလိုက် သူ့ရဲကောင်းအဖြစ် ခေါင်ပွဲများဖြင့် ဂုဏ်ပြုဧည့်ခံပေးခဲ့ကြသော အစဉ်အလာများအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ဆဲပင်ဖြစ်သည်။

မတူလူမျိုးနွယ်စုများ နေထိုင်သော ကျေးလက်တောရွာဒေသများတွင် နယ်မြေဒေသကွဲပြားမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ခိုသူးပွဲတော်ကိုဆင်ယင်ကျင်းပပုံနှင့် ကျင်းပရက်များသည် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ ဘာသာစကားအနည်းငယ် ကွဲပြားကြသည်။ အခေါ်အဝေါ်လည်းကွဲပြားကြကြောင်းသိရသည်။ အချို့က လိုဆာခ့်ခိုသူး၊ ကုမ်လွယ်ခိုသူး၊ ခိုနင်ခိုသူး၊ ခိုသူးခိုတန်၊ အိန်အွန်းခိုသူး၊ အနင်ကစော၊ အန်အေးပွဲစသည်ဖြင့် အသီးသီးခေါ်ဝေါ်ကြပြီး ပွဲတော်ကျင်းပမည့်နေ့ရက်တွင်လည်း အနည်းငယ်မတူကြပေ။ လိုဆာခ့်ခိုသူးပွဲတော်သည် စည်းလုံးညီညွတ်မှု၊ စုပေါင်းဆောင်ရွက်တတ်မှု၊ သက်ကြီးဝါကြီးများအား ရိုသေလေးစားတတ်မှု၊ အဓိပ္ပာယ် ပြည့်ဝသည့်၊ အနှစ်သာရပြည့်ဝသည့် မတူချင်းတိုင်းရင်းသားတို့၏ ထင်ရှားသောရိုးရာပွဲတော်ကြီးတစ်ခုပင်ဖြစ်သည်။ လူကြီးများက အိမ်ထဲတွင်ခေါင်ရည်သောက်နေချိန်တွင် ရှေးဟောင်းနှောင်းဖြစ်များ လွမ်းတမ်းသရင်း ရိုးရာတေးများ တစ်လှည့်စီသီဆိုကြသည်။ ကာလသားများက မောင်းတီး၍ သားရေထိုးပွဲ(နွားနောက်သားရေများကို ဒိုင်းအဖြစ်ကိုင်ဆောင်ကာ အားချင်းပြိုင်တွန်းထိုးသည့်ပြိုင်ပွဲ)လည်း ကျင်းပကြကာ အချို့ကသီချင်းအမျိုးမျိုးကို တစ်မျိုးစီ အဆက်မပြတ် မနားမနေသီဆိုနေကြသည်။ ယင်းပွဲတော်ကို နှစ်ရက်၊ သုံးရက်အချိန်အထိ ခေါင်ရည်၊ အတီးအမှုတ်၊ ရိုးရာအကများဖြင့် ခြိမ့်ခြိမ့်သဲကျင်းပကာ ညသန်းခေါင်ယံအချိန်တွင် အဆုံးသတ်လေ့ရှိကြသည်။



၁၉၄၉ ခုနှစ် မတ် ၇ ရက်တွင် ချင်းရေးရာကော်မတီမှ ရွေးချယ်ခန့်ထားသောကော်မတီအဖွဲ့၏ အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ အောက်တိုဘာ ၂၆ ရက်မှ ၂၈ရက်အထိ သုံးရက်ကို Kumthar ကွမ်းထာရ်ခေါ် ချင်းအမျိုးသားနှစ်သစ်ကူးပွဲနေ့ဟု ခေါ်တွင်သတ်မှတ်ပေးရန်၊ ဧပြီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကို Khuahrumdo ခရွမ်းဒိုခေါ် နတ်များကိုပူဇော်ပသ၍ ဆုတောင်းပတ္ထနာပြုလုပ်သည့်ပွဲနေ့ဟု ခေါ်တွင်သတ်မှတ်ပေးရန်၊ ဇူလိုင် ၁၆ ရက်မှစ၍ ၁၇ ရက်အထိ နှစ်ရက်ကို Fangnothawi ဖန်းနိုးထွိုင်းခေါ် နတ်များကို ပူဇော်ပသသည့်နေ့ဟု ခေါ်တွင်သတ်မှတ်ပေးရန် ဖန်းနိုးထွိုင်းဟု ခေါ်တွင်ရခြင်းအကြောင်းရင်းနှင့် ရည်ရွယ်ချက်များမှာ ထွားကျိုင်းသန်မာစေရန် ရည်စူး၍ ချင်းအမျိုးသားတို့ ဓလေ့ထုံးစံအလျောက် ထိုနေ့များတွင် နတ်များကိုပူဇော်ပသခြင်း ပြုလုပ်ကြကြောင်း မှတ်တမ်းတင်ထားသည်ကို လေ့လာတွေ့ရှိရသည်။

ဘိုးဘေးတို့လည်း မတူရိုးရာ လိုဆာခ့်ခိုသူးပွဲတော်ကို နှစ်စဉ်နှစ်တိုင်းလက်ဆင့်ကမ်းကျင်းပလာခဲ့ကြရာ ပြည်သူ့ကောင်စီခေတ်တွင် မတူပီမြို့နယ် ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် အသိအမှတ်ပြုပြီးနှစ်စဉ် ဇူလိုင်လ ၁၅ရက်တွင် တစ်ပြိုင်တည်းကျင်းပကြရန် သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ မတူပီမြို့နယ်တစ်မျိုးသားလုံး၏ ရိုးရာပွဲတော်ကြီးအဖြစ် တည်ရှိလာကြသည်။

လိုဆာခ့်ခိုသူးပွဲတော် အစဉ်အလာမပျက်ကျင်းပခဲ့ကြခြင်းမှာ ကျေးဖူးရှင်ဦးကြီးများသည် မိမိလုပ်အားကိုရင်း၍ တောင်ယာလုပ်ငန်းကို ဝိုင်းဝန်းလုပ်ကိုင်ကြပြီး ဖြစ်ထွန်းလာသည့် ဟင်းသီးဟင်းရွက်သီးနှံများအား ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်သကဲ့သို့ ရွာသားအချင်းချင်း လူကြီးလူငယ် လူတန်းစားမရွေး အေးအတူပူအမျှ လက်တွဲရင်း ရိုးရာခိုသူးတေး သီဆိုကြကာ အချင်းချင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်ခံ့စေသည့် သမိုင်းအစဉ်အလာထိန်းသိမ်းရခြင်းပင်ဖြစ်ပေသည်။ ယင်းအပြင် မိမိတို့ကိုးကွယ်ယုံကြည်မှုအရ ပူဇော်ပသပြီးမှသာလျှင် တောင်ယာသီးနှံများကို စားသုံးလေ့ရှိကြသည်။ ဘိုးဘေးတို့၏ ယုံကြည်မှုကို လေးစားအတုယူဖွယ်ပင်ဖြစ်သည်။ မိမိတို့ စုဆောင်းရမိသောငါးများ၊ ရရှိသောတောကောင်များအား ရွာလုံးကျွတ်အညီအမျှပေးဝေတတ်သော အစဉ်အလာကောင်းများကိုလည်း နှောင်းခေတ်လူတို့ စံပြုအလေးထားနိုင်စေရန် လက်ဆင့်ကမ်းကျင်းပရခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံအတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားမျိုးဆက်သစ်လူငယ်များက ရိုးရာမျိုးနွယ်များကို စောင့်ထိန်းရန် တာဝန်ရှိပေသည်။ လူမျိုးတစ်မျိုး၏အသက်သည် ဘာသာစကားပင်ဖြစ်သည်။ ဘာသာစကား၏အုတ်မြစ်သည် စာပေပင်ဖြစ်ပေသည်။ ယနေ့ လူငယ်များက အနာဂတ်၏ထွန်းလင်းတောက်ပလာမည့် ကြယ်ပွင့်များဖြစ်သကဲ့သို့ လူမျိုးအလိုက်စာပေများကိုလည်း အလေးအနက်ထားပြီး သင်ယူကြရမည်ဖြစ်ပေသည်။ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းခြင်း၊ မျိုးနွယ်ဘာသာစကားကို ပြောဆိုသုံးနှုန်းခြင်း၊ ရိုးရာစာပေများကို သင်ယူခြင်းများအား စောင့်ထိန်းပြုလုပ်ရပေမည်။ ယဉ်ကျေးမှုပျောက်က လူမျိုးပျောက်မည်။ ယဉ်ကျေးမှုတိုးတက်ပါက တိုင်းပြည်တိုးတက်မည်ဟူသော ဆောင်ပုဒ်ကို နှလုံးသွင်းခံယူကာ ရိုးရာအကဆာခ့်ခိုသူးပွဲတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မတူချင်းတိုင်းရင်းသားတိုင်းက သိရှိစောင့်ထိန်းလျက်ရှိပေသည်။ ချင်းပြည်နယ်တောင်ပိုင်းရှိ မတူပီမြို့နယ်တွင် မတူချင်းတိုင်းရင်းသားများ အများဆုံးနေထိုင်ပြီး ဇိုတုန်၊ မရမ်(မရာ)၊ လောက်တူး၊ ဒိုင်ရဲ(ရင်ဒူး)တိုင်းရင်းသားများလည်း စုပေါင်းနေထိုင်လျက်ရှိသည်။ မတူပီမြို့နယ်ရှိ မတူချင်းတိုင်းရင်းသားတို့၏စိတ်ဝင်စားဖွယ်ကောင်းသော ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို သိရှိနိုင်စေရန်ရည်ရွယ်၍ လေ့လာရေးသားလိုက်ရပါသည်။ ။

ယဇ်ကောင်ကို တောင်ယာထွက် ဟင်းသီးဟင်းရွက်နှင့်အတူ ရောချက်ကြသည်။ ချက်ပြုတ်ချိန်မှာ "Tui Si Tiem" "တီဆူသုမ်၊ တွီဆီသုမ်"ခေါ် ဟင်းရည်များ ဖိတ်မကျလေအောင် အထူးသတိပြုရသည်။ အကယ်၍ ဟင်းအိုးဆူပွက်ချိန်တွင် ဟင်းရည်ဖိတ်ကျမိပါက ယာရှင်နာမကျန်းဖြစ်နိုင်သည့်အပြင် စပါးထွက်နှုန်းလျော့နည်းသည်ဟု ယုံကြည်လေ့ရှိကြသည်။ တောင်ယာမှာယဇ်ကောင်ဖြင့် ပူဇော်ပသခြင်းအားဖြင့် ယာသီးနှံများ ရှင်သန်ဖွံ့ထွားလာပြီး အထွက်နှုန်းကောင်းသည်ဟု ယုံကြည်ကြသည်။

## ကျောက်ထုဒေသ စာသင်ကျောင်းများတွင် (ချိုး)ချင်းတိုင်းရင်းသားဘာသာ သင်ကြားပို့ချ

**ကျောက်ထု ဇူလိုင် ၂၇**

ဂန့်ဂေါခရိုင် ကျောက်ထုဒေသ စာသင်ကျောင်းများတွင် (ချိုး)ချင်းတိုင်းရင်းသားဘာသာသင်ကြားပို့ချရန် ကျောက်ထုမြို့(ချိုး) စာပေထုတ်ဝေသင်ကြားရေးကော်မတီက ဆောင်ရွက်ထားရှိသည်။

ကျောက်ထုဒေသတွင် ကျောက်ထု အထက၊ ကြီးရွာ အထက၊ ရေရှင်ရွာ အလက၊ လယ်ကြီးအိုင့် အလကတို့တွင် သင်ကြားပို့ချလျက်ရှိပြီး အဆိုပါ (ချိုး)ချင်းတိုင်းရင်းသား ဘာသာသင်ကြားရေးကို ဇူလိုင် ၂၃ ရက်က ကျောက်ထု အထကတွင် ဖွင့်ပွဲကျင်းပခဲ့ရာ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ မင်းတပ်ခရိုင် (ချိုး)စာပေသင်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးထန်းတမ်၊ ကျောက်ထုမြို့ (ချိုး)စာပေသင်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးအွန်မနားတို့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပူတာအို၌ အခြေခံပညာသင်ယူပြီးမြောက်မှုလက်မှတ် ထုတ်ပေးရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲ ကျင်းပ

**ပူတာအို ဇူလိုင် ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် အခြေခံပညာသင်ယူပြီးမြောက်မှုလက်မှတ်များ ထုတ်ပေးနိုင်မည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များ အတွက် အခြေခံပညာသင်ယူပြီးမြောက်မှုလက်မှတ် ထုတ်ပေးရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀နာရီက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးအမ်ထင်ဆန်းက ဆွေးနွေးပွဲဆိုင်ရာအကြောင်းအရာများနှင့် ပွင့်ပွင့်လင်းလင်းဖြင့် ထိရောက်စွာ ဆွေးနွေးကြပါရန် ပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးငွါးခီရဲ့က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ အထက်တန်းအဆင့်ကျောင်းအုပ်ကြီးများ၊ အလယ်တန်းအဆင့် ကျောင်းအုပ်ကြီးများ၊ မူလတန်းအဆင့် ကျောင်းအုပ်ကြီးများနှင့် ပညာရေးကိုစိတ်ဝင်တစားပါဝင်လာသော ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘ ကော်မတီဝင်များက ကျောင်းတက်ရောက်မှု ၇၅ရာခိုင်နှုန်း၊ ကျောင်းတွင်းစာမေးပွဲဖြေဆိုမှု လေးကြိမ်၊ ဘာသာရပ်အလိုက်ပျမ်းမျှအဆင့်အနည်းဆုံး(င)စသော ခေါင်းစဉ်များဖြင့် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မတူပီမျိုးနွယ်စု ချင်းတိုင်းရင်းသားတို့၏ရိုးရာ လိုဆာန့်ခိုသူးပွဲတော်

မင်းလပြည့်



မြန်မာနိုင်ငံအနောက်မြောက်ဘက်တွင် နေထိုင်ကြသည့် ချင်းတိုင်းရင်းသားတို့သည် မျိုးနွယ်စုများပြားသည့်အပြင် ဝတ်စားဆင်ယင်မှုများမှာလည်း ကွဲပြားခြားနားကြသည်။ ချင်းရိုးရာဝတ်စုံများမှာလည်း လှပဆွဲဆောင်မှုရှိသဖြင့် လူကြိုက်များလှသည်။ ဥယျာဉ်ထဲတွင် ဖူးပွင့်ဝေဆာသော ရောင်စုံပန်းများ သဖွယ် အရောင်အသွေးစုံလင်လှပပေသည်။ မဟာတံတိုင်းသဖွယ် တောင်စွယ်တောင်တန်း၊ တောင်းခါးပန်းများပေါ်တွင် မှီတင်းနေထိုင်ကြသည့် ချင်းတိုင်းရင်းသားများသည် မိရိုးဖလာ တောင်ယာလုပ်ငန်းအား အဓိကထား အသက်မွေးဝမ်းကျောင်းပြုကြသည်။ တောင်ယာလုပ်ငန်းများနှင့် တောင်ယာစိုက်ပျိုးခြင်းကို ခုံမင်ခင်တွယ်သော တောင်တန်းပျော်တိုင်းရင်းသားများပင် ဖြစ်ကြသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် မိမိတစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်နှင့် မိမိကြိုက်နှစ်သက်သော တောင်ယာမြေကွက်ကို ကြိုက်သည့်နှစ်တွင် ကြိုက်သလို ခုတ်ထွင်တတ်သော အလေ့အထမျိုး မဟုတ်ဘဲ သတ်မှတ်ထားသည့်မြေကွက်အား သတ်မှတ်သည့်နှစ်တွင် စနစ်တကျလုပ်ကိုင်လေ့ရှိကြကြောင်း သိရသည်။ တောင်ယာခုတ်ထွင်ရန် မြေကောင်းမြေမြတ်ကို သက်ကြီးရွယ်အိုများနှင့် နတ်ဆရာများက နှစ်စဉ်အောက်တိုဘာလတွင် ရွေးချယ်သော အစဉ်အလာရှိကြသည်။ နှစ်စဉ်နိုဝင်ဘာလမှစ၍ တောင်ယာစတင်ခုတ်ထွင်ရှင်းလင်းကြသည်။ တောင်ယာခုတ်ရာတွင် ယာကွက်သက်တမ်း အနည်းဆုံး ခြောက်နှစ်၊ ခုနစ်နှစ်ကြာလာမှသာ ခုတ်လေ့ရှိပြီး ပထမဦးဆုံးခိုဆွေ့ခေါ် နတ်ဆရာက ယဇ်နတ်ပူဇော်ပသပြီးမှ လက်စားလိုက်စနစ်ဖြင့် စုပေါင်း၍ စတင်ခုတ်ထွင်ရှင်းလင်းကြသည်။ နောက်ဆုံး တောင်ယာကွက်ခုတ်ထွင်မှုပြီးဆုံးသည့်အချိန်တွင်“ဗာရေးဘု” ခေါ် တောင်ယာခုတ်အောင်ပွဲကို ကျင်းပလေ့ရှိကြသည်။

နှစ်စဉ် မတ်လရောက်သည့်အချိန်တွင် နေနှင့်လပတ်ရာလမ်းကြောင်း ရာသီခွင်ကို ကြည့်ရှုကြပြီး လကွယ်ပိုင်းရောက်ခါနီးအချိန်တွင် တောင်ယာကွက်ပတ်ပတ်လည်တွင် မြိုင်လမ်းခေါ်သည့် မီးတားလမ်းများအား ပြုလုပ်ကြသည်။ Taiko tairih “တိုင်းကိုတိုင်းရိ” ဟုခေါ်သည့် မတ်လ လကွယ်ပိုင်း ၇ ရက်၊ ၉ ရက်ရောက်သည့်အချိန်တွင် မီးရှို့လေ့ရှိကြသည်။ တောင်ယာမီးရှို့ပြီးပါက ယဇ်နတ်ပူဇော်ပြီး ယာတဲဆောက်လုပ်ခြင်း၊ မျိုးကြဲခြင်းလုပ်ငန်းများကို မိသားစုစုံစုံညီညီ မောင်တစ်ထမ်းမယ်တစ်ရွက် လုပ်ဆောင်ကြသည်။ လူငယ်လူရွယ်များ လက်စားလိုက်စနစ်ဖြင့် စူးထိုးကောက်စိုက်ကြပြီး လုပ်ငန်းပြီးဆုံးသည့်အချိန်တွင် အုပ်စုအလိုက် တာရွှေ့ဒိန်းခေါ် မုန့်ထောင်းပွဲကို ကျင်းပကြသည်။ ထိုအတောအတွင်း မိုးခေါင်ပါက ရွာလုံးကျွတ်ချောင်းသို့သွားကြ၍ ချောင်းထဲတွင် ဆေးမင်းမြစ်များထုထောင်းကာ “လိုရှမ်း”ခေါ် မိုးခေါ်ပွဲကို ကျင်းပကြသည်။

မတူချင်းလူမျိုးတို့သည် “မင်ရိုင်း”၊ “ဆာထွီး” ခေါ်“ခို”နတ်ဘုရားကို ယုံကြည်ကိုးစားကြသည်။ “ခို”ဆိုသည်မှာ မိုးကောင်းကင်၊ တောတောင်၊ လူ့ပြည်လူ့ရွာ၊ နေထိုင်မှီတင်းရာအရပ်၊ နေမင်းဟုဆိုလိုပြီး “သူး”ဆိုသည်မှာ အချိန်ကာလ၊ ပွဲလမ်းသဘင်ဟု အဓိပ္ပာယ်ရသည်။ “လို”ဆိုသည်မှာ တောင်ယာ၊“ဆာန့်” ဆိုသည်မှာ တည်ဆောက်ခြင်း၊ တိုးပွားခြင်း ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရရှိပြီး လိုဆာန့်ခိုသူးပွဲတော်ဆိုသည်မှာ တောင်ယာထွက် ဟင်းသီးဟင်းရွက်၊ သီးနှံပင်များ စတင်စားသုံးနိုင်ရန် “ဆာထွီး”ခေါ် ခိုနတ်ဘုရားအား ပူဇော်ပသသည့် ပွဲတော်ပင်ဖြစ်သည်။

ရှေးယခင်က တောင်ယာနှစ် ရာသီခွင်အတွင်း တစ်မျိုးသားလုံး ရောဂါဘယကင်းဝေးရန် ရည်ရွယ်ပြီး လိုဆာန့်ခိုသူးပွဲကို ဇူလိုင်လကွယ်တွင် ကျင်းပလေ့ရှိကြသည်။ လကွယ်ခြင်းနှင့်အတူ မကောင်းဆိုးဝါးဘေးရန်များ၊ ရောဂါဘယများက အားလုံးကွယ်ပျောက်သွားသည်ဟု ယုံကြည်ကြသည်။ တောင်သူဦးကြီးတို့သည် ဇူလိုင်လဆန်းရောက်သည်နှင့် တစ်ပြိုင်နက် ယာလမ်းရှင်းခြင်း၊ ယာတဲပြင်ခြင်း၊ ရပ်ရွာသန့်ရှင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြသည်။ ဇူလိုင်လပြည့်ကျော်ပိုင်းရောက်သည့်အချိန်တွင် သက်ကြီးရွယ်အိုများနှင့် “ခိုဆွေ့” ခေါ် နတ်ပဆန်း(နတ်ဆရာ)ဆရာများက နေပတ်ရာလမ်းကြောင်းနှင့် လပတ်ရာလမ်းကြောင်းများကို ကြည့်ရှုကြကာ လိုဆာန့်ခိုသူးရက်မြတ်မင်္ဂလာရောက်ရှိပြီဖြစ်ကြောင်း မောင်းငယ်တီးပြီး အသိပေးကြေညာခဲ့သည်။ ခိုသူးမောင်းသံကြားသည်နှင့် တစ်ပြိုင်နက် တောင်ယာသို့သွားနေကြသူများက လမ်းခုလတ်မှ အိမ်သို့ပြန်လှည့်လာခဲ့ကြရသည်။ အိမ်တိုင်းလိုလို ခိုသူးမောင်းသံများဝေစည်အောင်တီး၍ ရွာတွင်း၌ အသံများစီညံလာပါတော့သည်။ ထိုနေ့ကို “ဟုခ်ခိုဟဲင်”အကြိုနေ့လို့ခေါ်သည်။ “Huek- hnin”ဟုခ်ခိုဟဲင်ခေါ် အကြိုနေ့မှာ တစ်ပြည်ဆံ့ရိုးရာခေါင်အိုးကို အိမ်တိုင်းလိုလို ကြက်ခြင်းရက်လုပ်နေကြသည်။

ပွဲနေ့တွင် တောင်သူဦးကြီးများက အရုဏ်မကျင်းမီ ဝေလီဝေလင်းအချိန်တွင် ရိုးရာဝတ်စုံများဝတ်ဆင်ပြီး ယဇ်ကောင်အဖြစ် ကြက်ဖကို ယူဆောင်ကာ တောင်ယာသို့ သွားကြသည်။ တောင်ယာရောက်လျှင် ကြက်ကိုသတ်ပြီး ကြက်ရိုးဗေဒင် ကြည့်ရှုစစ်ဆေးကြကာ တစ်နှစ်တာအတွက် ရာသီခွင်နှင့် သာရေး၊ နာရေးကိစ္စရပ်များ၊ တောင်ယာလုပ်ငန်း အခြေအနေများကို ဟောကိန်းများ ထုတ်ကြသည်။ ရာသီဥတုအခြေအနေ၊ အမဲလိုက်လျှင် သားကောင်ရရှိနိုင်မှုအခြေအနေ၊ တောင်ယာစပါးအောင်မြင်နိုင်မှုအခြေအနေများ ပါဝင်ပေသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

## ကျေးလက်ဟင်းတစ်ခွက် သပြေသီးငါးရံ့ချဉ်ရည်ချက်





ဈေးထဲမှာ သပြေသီးတွေရောင်းနေတာ တွေ့ရတော့ အလယ်တန်းကျောင်းသားဘဝက သင်ခဲ့ရတဲ့ ဦးဖိုးကျားဝတ္ထုကောက်နုတ်ချက်များထဲက “လွဲသောအကြွား”ကို သတိသွားရလို့ ပြုံးလိုက်မိပါတယ်။ အဆောင်အယောင် ဂုဏ်ပကာသနကို အထင်ကြီးလွန်းတတ်တဲ့ တူမဖြစ်သူ မယ်တင်ကပြောတဲ့စကားပါ။

“ဦးလေးက ဘာသိလို့လဲ။ အဲဒါက မြို့အုပ်မင်းကတော်ရှင့်၊ သူ့ယောကျ်ားက ဘာမြို့အုပ်ဆိုလား၊ ဟို . . ဟင်းချက်စားရတဲ့ ချဉ်ဖန့်ဖန့်အသီးဟာလေ ဦးလေးရယ်. . ”

“သပြေသီးလား”

“အဲ. . အဲ . . ဟုတ်တယ် . . ဟုတ်တယ်၊ သပြေသီးမြို့အုပ်မင်းကတော်ရှင့် ” အမှန်က (Deputy)ဒက်ပျူတီမြို့အုပ်၊ လက်ထောက်မြို့အုပ်ကို ဆိုလိုတာပါ။

သပြေသီးက ရာသီအလိုက်ပေါ်တဲ့ ဟင်းလျာသီးနှံတစ်မျိုးဖြစ်ပြီး အောက်အရပ်ဒေသတွေမှာသာ တွေ့ရှိရတာပါ။ အထက်အညာနဲ့ တောင်တန်းဒေသနေသူများကတော့ စားဖူးဖို့ဝေးစွ မြင်ဖူးကြားဖူးကြမယ်တောင် မထင်ပါဘူး။ အသီးက လူကြီးလက်သီးဆုပ်သာသာအရွယ်ရှိပြီး အရောင်က စိမ်းပါတယ်။ အခွံအဖတ်တွေအထပ်ထပ်နဲ့ လုံးဝန်းနေတာမို့ ဟင်းချက်မယ်ဆိုရင် အညှာဘက်က ဓားထက်ထက်နဲ့လှီးချလိုက်မှ အဖတ်တွေကို အလွယ်တကူခွာနိုင်ပါတယ်။

အရသာက အထက်မှာပြောခဲ့သလိုပဲ ချဉ်ဖန့်ဖန့်ပါ။ သပြေသီးအရင့်ဖတ်တွေကို ဖယ်ပြီး အောက်ဘက်က အနုဖတ်တွေကို ငှက်ပျောအူလှီးသလို ခပ်ပါးပါးလှီးပြီး ချက်ရတာပါ။ အလိုက်ဖက်ဆုံးက ငါးရံ့သားနဲ့ရောပြီး ချက်ကြတဲ့ သပြေသီးငါးရံ့ချဉ်ရည်ဖြစ်ပါတယ်။ ဟင်းလျာတွေကို အချဉ်အရသာပေါ်အောင် ချက်ကြတဲ့အခါ မန်ကျည်းသီး၊ ဆီးသီး၊ သစ်တိုသီးအစရှိတဲ့ အချဉ်သီးနှံတွေကို သုံးလေ့ရှိပါတယ်။

အခြေခံအချဉ်အရသာတူသော်လည်း ချဉ်ပုံချဉ်နည်း ပုံစံကွဲပြားသွားကြတာကြောင့် ငါးရံ့သားကို သပြေသီးနဲ့အချဉ်ချက်တဲ့ ဟင်းအရသာဟာလည်း ထူးခြားလှပါတယ်။ တစ်ခါ ငါးရံ့ရဲ့ အကျိုးဂုဏ်ကလည်း ငါးရံ့သည် ချိုဆိမ့်၏။ လေ၊ သည်းခြေ၊ သလိပ်တို့ကို နိုင်၏။ ကြေလွယ်၏။ ဝမ်းမီးကိုတောက်စေ၏။ နှုတ်ကိုမြိန်စေတတ်၏လို့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဖော်ပြထားပါတယ်။

သပြေသီးနဲ့ ငါးရံ့ချဉ်ရည်ချက်မယ်ဆိုရင် အရွယ်တော် ငါးရံ့ကို အကြေးထိုးခေါင်းဖြတ်၊ အူနုတ်ပြီး သန့်စင်ရပါမယ်။ ငါးရံ့မှာ အချွဲများနေရင်တော့ ဆားနဲ့လူး တစ်ထပ်ဆေးပြီး မန်ကျည်းမှည့်ရည်နဲ့ထပ်ဆေးပါ။ မန်ကျည်းမှည့် မသုံးချင်ရင်တော့ ရှာလကာရည်လောင်းပြီး စဉ့်တုံးမှာ တိုက်လိုက်ရင် အချွဲတွေစင်ပြီး ငါးကကြွမ်းသွားပါတယ်။ သန့်စင်ပြီး ငါးရံ့ကို အကွင်းလိုက်လှီး၊ ဆား၊ နနွင်း၊ ငံပြာရည်တို့နဲ့နယ်ပြီး နှပ်ထားပါ။ ပြီးရင်အဖတ်ခွာပြီး ပါးပါးလှီးထားတဲ့ သပြေသီးစိတ်လေးတွေကို ရေအနေတော်ထည့်၊ ဆား၊ နနွင်းခတ်ပြီး နူးအောင်ပြုတ်ထားရပါမယ်။

ဆီအိုးတည်ပြီးရင်တော့ ငရုတ်၊ ကြက်သွန်ဖြူ၊ နီ ထောင်းပြီးသားအရောကို ဆီသတ်ပါမယ်။ ရွှေဝါရောင်သမ်းလာရင် နှပ်ထားတဲ့ ငါးရံ့ကွင်းများကိုထည့်ပြီး လုံးရေကလေးနဲ့ ဆီပြန်အောင်ချက်ပါ။ တစ်ရေခန်းလို့ ဆီပြန်လာပြီဆိုရင်တော့ ပြုတ်ထားတဲ့သပြေသီးစိတ်လေးတွေနဲ့ ပြုတ်ရေကိုထည့်ပါ။ ဟင်းအိုးပွက်ပွက်ဆူလာရင်တော့ အပေါ်အငန်မြည်းကာ အသင့်ပြင်ထားတဲ့ ငရုတ်သီးစိမ်းတောင့်ခွဲခြမ်းတွေနဲ့ ရှမ်းနံနံအုပ်ပြီး မီးဖိုမှချပါ။ သပြေသီးငါးရံ့ချဉ်ရည်ဟာ အမည်ထူးသလို သပြေသီးရဲ့အချဉ်စူးစူး အရသာကလေးကိုလည်း လျှာလည်သွားကြမှာ သေချာပါတယ်။

စံလွင် (ငါးဦးစီး)

